# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၄ ခုနှစ် ၊ သီတင်းကျွတ်လပြည့်ကျော် (၇) ရက် ၊ တနင်္ဂနွေနေ့ ၊ (16-10-2022) ၊ အတွဲ (၃၁) ၊ အမှတ် (၁၆၉)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

(၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

(၂) လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။


(၃) ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့်စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

(၄) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

(၅) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ချုပ်ဆိုခြင်း (၇)နှစ်မြောက် နှစ်ပတ်လည်နေ့တွင် ပြောကြားသည့်မိန့်ခွန်း



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ချုပ်ဆိုခြင်း (၇)နှစ်မြောက် နှစ်ပတ်လည်နေ့တွင် မိန့်ခွန်းပြောကြားစဉ်။

**ချစ်ခင်လေးစားအပ်ပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျာ–**

ဒီကနေ့ဟာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေအကြား ချုပ်ဆိုတဲ့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ကို ချုပ်ဆိုခဲ့တာ (၇)နှစ်ပြည့်မြောက်တဲ့နေ့ဖြစ်ပါတယ်။ ယနေ့ကျရောက်တဲ့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)လက်မှတ်ရေးထိုးခြင်း (၇)နှစ်ပြည့်နှစ်ပတ်လည်နေ့မှာ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံပြီး အားလုံးလိုလားတောင့်တနေကြတဲ့ ငြိမ်းချမ်းရေးရဲ့အကျိုးကို ထာဝစဉ်ရေရှည်ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ယနေ့ ကျွန်တော်တို့နိုင်ငံရဲ့အခြေခံနဲ့ အဓိကအကျဆုံး ပကတိလိုအပ်ချက်ဟာ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးပဲဖြစ်ပါတယ်။ အတိတ်သမိုင်းအရ ကျွန်တော်တို့ တိုင်းရင်းသားတွေနဲ့ ဖွဲ့စည်းတည်ထောင်ထားတဲ့ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုနိုင်ငံတော်ကြီးဟာ

စာမျက်နှာ ၁၆ ကော်လံ ၁ သို့

> "ဖြတ်သန်းလာခဲ့ရတဲ့ကာလတစ်လျှောက် အတွေ့အကြုံတွေအရ တည်ငြိမ်အေးချမ်းမှုရှိခြင်းနဲ့ တည်ငြိမ်အေးချမ်းမှုမရှိခြင်းတို့ရဲ့ အကျိုးအပြစ်တွေကို သုံးသပ်ဆင်ခြင်ပြီး NCA စာချုပ်ရဲ့ တန်ဖိုးအနှစ်သာရ ပိုမိုပီပြင်လာအောင် ဝိုင်းဝန်းဆောင်ရွက်"


**Myanmar Mobile Money(MMM) မှ လက်ရှိရယူနိုင်သောဝန်ဆောင်မှုများအပြင် Digital Mobile Money-DMM(App) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများကိုထပ်မံရယူနိုင်ပါပြီ။**

ဝန်ထမ်းလစာများပေးချေခြင်း၊ လျှပ်စစ်မီတာပေးဆောင်ခြင်း၊ e-Topup ဖုန်းငွေဖြည့်သွင်းခြင်း၊ ပြည်တွင်းပြည်ပမှ ပြည်တွင်းငွေလွှဲခြင်း

နှစ်အတွင်း ကာလတိုချေးငွေလျှောက်ထားခြင်း၊ ဒီဂျစ်တယ်လူမှုဘဝဆိုင်ရာ ဝန်ဆောင်မှုများပေးခြင်း၊ မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း

E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း

မြဝတီနယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများအတွက် Customs Duty ပေးဆောင်မှုများအား MMM Service အသုံးပြုပြီး လွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၁

နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄

မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

Myanmar MOBILE MONEY anywhere anytime anyone

အငြိမ်းစား လစာ အပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။




ရတနာပုံ
၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၆ ရက်
အယ်ဒီတာ့အာဘော်

# ဆောင်ရွက်မနေး စားနပ်ရိက္ခာကြွယ်ဝပြည့်စုံရေး

လူ့အဖွဲ့အစည်းအတွင်း ရှင်သန်နေထိုင်ကြရာတွင် မည်သူမဆို စားဝတ်နေရေး ဟူသော အခြေခံလိုအပ်ချက်ကိုဖြည့်ဆည်းဆောင်ရွက်ကြရမြဲဖြစ်သည်။ သက်ရှိ လူသားမှန်သမျှ အစာအာဟာရကို နေ့စဉ် စားသုံးကြရသည်။ မိမိတို့ရုပ်ခန္ဓာတည်မြဲနေစေရန်နှင့် သက်တမ်းရှိသမျှ ရှင်သန်နေစေရန် အစားအစာ နေ့စဉ်စားသုံးကြရသည်။ ထို့ကြောင့် ရုပ်ကို အာဟာရစောင့်သည်ဟု ဆိုကြခြင်းဖြစ်သည်။

လူသားတို့၏ အသက်အရွယ်အလိုက် မှီဝဲစားသုံးကြရသော အစားအစာများရှိသည်။ ရင်ခွင်ပိုက် ငယ်နုစဉ်ကလေးဘဝမှ အိုမင်းမစွမ်းဖြစ်လာသည်အချိန်ထိ အစားအစာ အမျိုးမျိုးကို သင့်လျော်သလို မှီဝဲစားသုံးကြရသည်။ မိမိတို့နိုင်ငံသည် ကောက်ပဲသီးနှံ ဆန်ရေစပါးနှင့် သားငါးတို့ ပေါများစွာထွက်ရှိသည့်နိုင်ငံဖြစ်သလို စားနပ်ရိက္ခာဖူလုံလောက်ငရုံမက ကြွယ်ဝသည့် နိုင်ငံဖြစ်ကာ ဆန်စပါး၊ သားငါးနှင့် အခြားသီးနှံများပါ နိုင်ငံတကာသို့ တင်ပို့ရောင်းချနိုင်သည်မှာ အထင်အရှားဖြစ်သည်။ မြန်မာ့ဆန်စပါးမှာ ကမ္ဘာ့အလယ်တွင် ဈေးကွက်ဝင်ရောင်းချနိုင်သော အမည်ဖြစ်ရုံမက ပြည်တွင်း၌လည်း အများအပြား စားသုံးကြသည့် အခြေခံအစားအစာဖြစ်ကြောင်း တွေ့ရသည်။

မိမိတို့နိုင်ငံတွင် လယ်ယာမြေကောင်းနှင့် မြစ်ချောင်းအင်းအိုင်တို့ ပေါများစွာတည်ရှိသည်ဖြစ်ရာ စားနပ်ရိက္ခာကို အလိုရှိသလောက် ထုတ်ယူ၍ နိုင်ငံဝမ်းစာကို ဖြည့်တင်းခဲ့ကြသည်။ ရေချိုရေငန် ငါး၊ ပုစွန်များ၊ တောင်ပေါ်ဒေသနှင့် မြေပြန့်ဒေသမှ စိုက်ပျိုးထွက်ရှိသော သစ်သီးဝလံများ၊ နှမ်းစပါး၊ မိုးစပါး၊ ဆောင်းသီးနှံများ ရာသီအလိုက် စိုက်ပျိုးထုတ်လုပ်ကြသည်ဖြစ်ရာ ပြည်ဝမ်းစာ ဖူလုံရုံမက နိုင်ငံတကာသို့ပင် တင်ပို့နိုင်သည်ကို တွေ့နိုင်ပေသည်။

စားနပ်ရိက္ခာလိုအပ်ချက်ကို ကပ်ဘေးအသွင်ဖြစ်ပေါ်လာစေနိုင်သော မိုးခေါင်ခြင်း၊ ရေကြီးနစ်မြုပ်ခြင်း၊ လူနှင့် ကျွဲနွားတိရစ္ဆာန်များ ရောဂါဘယကျရောက်ခြင်း၊ စစ်မက်ထူပြောခြင်းတို့ကို ကြိုတင်သတိပြုကာ နိုင်ငံအတွက် အရန်စားရေရိက္ခာတို့ စုဆောင်းသိုလှောင်ထားရှိခြင်းအပါအဝင် ရေကြီးနစ်မြုပ်ခြင်း၊ ရေငတ်ခံနိုင်ခြင်း စသည့် အရည်အသွေးရှိ မျိုးစပါးများကိုလည်း သုတေသနပြုကာ စိုက်ပျိုးထုတ်လုပ်နိုင်ရန် ဆောင်ရွက်အပ်ပေသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့ခ်မြို့ **Far Eastern Federal University** ၌ ကျင်းပပြုလုပ်သည့် (၇)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်၏ မျက်နှာစုံညီအစည်းအဝေး **Plenary Session** တွင် စက်တင်ဘာ ၇ ရက်က တက်ရောက်ဆွေးနွေးခဲ့ရာ၌ နိုင်ငံတစ်ခုတွင် စားနပ်ရိက္ခာလုံခြုံရေးကို ပြီးပြည့်စုံစွာအကောင်အထည်ဖော်ရာ၌ လုံလောက်သော စားနပ်ရိက္ခာပမာဏရရှိနိုင်မှု၊ ဈေးနှုန်းသင့်တင့်သော စားနပ်ရိက္ခာရရှိနိုင်မှုနှင့် ကျန်းမာရေးနှင့်ညီညွတ်သော စားနပ်ရိက္ခာရရှိနိုင်မှုတို့ ပြည့်စုံရန်လိုအပ်ပါကြောင်း၊ နိုင်ငံတစ်ခုအတွင်း ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက်များကို သင့်တင့်သောဈေးနှုန်းဖြင့် လွယ်ကူလုံလောက်စွာဝယ်ယူနိုင်မည်ဆိုပါက အဆိုပါနိုင်ငံကို စားနပ်ရိက္ခာပြည့်စုံကုံလုံသောနိုင်ငံအဖြစ် မှတ်ယူနိုင်မည်ပင်ဖြစ်ပါကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

သို့ဖြစ်ပေရာ အောက်တိုဘာ ၁၆ ရက်နေ့တွင် ကျရောက်သော ကမ္ဘာ့စားနပ်ရိက္ခာနေ့တွင် ထွက်ကုန်မြှင့်တင်တိုးထုတ်လျှင် ကောင်းမွန်ပြည့်ဝအာဟာရ၊ ဝန်းကျင်လှပ တို့ဘဝ လူတိုင်းစေ့ရရှိကြ ဟူသော ဆောင်ပုဒ်နှင့်အညီ စားနပ်ရိက္ခာတိုးမြှင့်ထုတ်လုပ်ကာ ကိုယ်စီကိုယ်င ကောင်းမွန်ပြည့်ဝသော အာဟာရများ ရရှိနိုင်ရေး၊ ကျန်းမာသန်စွမ်းသော လူမှုဘဝပေါ် ပေါက်ရေး ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး အောက်တိုဘာ ၁၅**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့် ဝေရောစနကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူး ရဟန်းသံဃာတော်များနှင့်ပြည်သူ စုစုပေါင်း ၁၄၂၆၉၃ ဦး လာရောက် ဖူးမြော်ကြကြောင်း သိရသည်။

"ဒီနေ့ဟာဆိုရင် ကျောင်းပိတ်ရက်၊ ရုံးပိတ်ရက်ဖြစ်တာကြောင့် မန္တလေးတောင်တော်မှာ အနယ်နယ်အရပ်ရပ်က ဘုရားဖူးတွေနဲ့ ပိုမိုစည်ကားလာပါတယ်။ အရှေ့၊ အနောက်၊ တောင်၊ မြောက် စောင်းတန်းကြီး လေးသွယ်ကနေလဲ မန္တလေးတောင်တော်ကို တက်ရောက်ဖူးမြော်နိုင်ပါတယ်။ စောင်းတန်းလမ်းခရီးမှာ အမောပြေနားဖို့ ခုံတွေထားရှိပါတယ်။ ရေချမ်းစင်တွေလဲ ပြုလုပ်ပေးထားပါတယ်။ ရင်ပြင်တော်ပေါ်မှာ ဘုရားဖူးတွေ စိတ်အေးချမ်းသာစွာ ဖူးမြော်နိုင်ဖို့အတွက် စီစဉ်ထားပါတယ်။ အမှတ်တရပစ္စည်းအရောင်းဆိုင်တွေလဲ ဖွင့်လှစ်ရောင်းချနေပြီး ဝယ်ယူသူတွေနဲ့ စည်ကားနေပါတယ်။ မန္တလေးမြို့ရဲ့ အလှအပရှုခင်းတွေကိုလဲ မှန်ဘီလူးတွေနဲ့ ကြည့်ရှုခံစားကြပါတယ်" ဟု မန္တလေးတောင်တော် ဂေါပကအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြသည်။

မန္တလေး တောင်တော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ ညနေထိ ဘုရားဖူး ၂၆၄၃ ဦး လာရောက် ဖူးမြော်ကြောင်း သိရသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ ညနေထိ ဘုရားဖူးဦးရေ ၁၃၇၆၀၀ လာရောက် ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီ မိနစ် ၃၀ မှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူးရဟန်းရှင်လူပြည်သူများ အနေဖြင့် မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်နိုင်ကြောင်း မဟာမုနိရုပ်ရှင်တော် ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

ထို့အတူ ဝေရောစနကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူးဦးရေ ၂၄၅၀ လာရောက်ဖူးမြော်ကြောင်း ဝေရောစနကျောက်စိမ်းစေတီတော် ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြ၍ သိရသည်။

(၁၈၅)

# မန္တလေးဈေးကွက်အတွင်း တရုတ်အာလူး အရောင်းအဝယ်ကောင်းလာ၍ တစ်ပိဿာလျှင် ငွေကျပ် ၂၄၅၀ ပေါက်ဈေးရှိ

**မန္တလေး အောက်တိုဘာ ၁၅**

မန္တလေး ဈေးကွက်အတွင်း တရုတ်အာလူးများ အရောင်းအဝယ်ကောင်းလာ၍ တစ်ပိဿာလျှင် ငွေကျပ်၂၄၅၀ ပေါက်ဈေးရှိလာကြောင်း မန္တလေးမြို့မှ အောင်ကြက်သွန်နှင့် အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

ပြည်ပမှတင်သွင်းသည့် တရုတ်အာလူးမှာ ယခင်ပတ်က အရောင်းအဝယ်အေးလျက်ရှိကြောင်း၊ ယခုအခါ မန္တလေးဈေးကွက်အတွင်း တရုတ်အာလူးများ အရောင်းအဝယ်ကောင်းလာပြီး ဈေးကောင်းပါရှိနေကြောင်း သိရသည်။

"ပြည်ပကတင်သွင်းတဲ့အာလူးတွေ မန္တလေးဈေးကွက်ထဲမှာ အောက်တိုဘာလ ပထမပတ်က စပြီး အရောင်းအဝယ်အေးနေပြီး ဈေးနှုန်းကလဲ ပုံမှန်ပေါက်ဈေးမှာ ပဲရှိနေခဲ့တယ်။ အခု တရုတ်အာလူးတွေ ဈေးကွက်ထဲမှာ တဖြည်းဖြည်း အရောင်းအဝယ် ပြန်ကောင်းလာတာကြောင့် ဈေးကောင်းပြန်ရနေတယ်"ဟု ဒေါ်မေသဲဆွေက ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း အောက်တိုဘာလ ပထမပတ်က တရုတ်အာလူးဈေးနှုန်းမှာ တစ်ပိဿာလျှင် ငွေကျပ် ၁၆၅၀ သာ ပေါက်ဈေးရှိခဲ့သော်လည်း အောက်တိုဘာ ၁၄ ရက် ပေါက်ဈေးအရ တရုတ်အာလူးဈေးနှုန်းမှာ တစ်ပိဿာလျှင် ငွေကျပ် ၂၄၅၀ ပေါက်ဈေးရှိလာကြောင်း သိရသည်။

"အခု မန္တလေးဈေးကွက်ထဲ တရုတ်အာလူးအသစ်တွေ ပြန်ပြီး ဝင်လာတာဆိုတော့ အရည်အသွေးကောင်းပြီး အလုံးလှတာတွေကို ကုန်သည်တွေ ဝယ်ယူမှုပြန်များလာတယ်။ အခု တရုတ်အာလူးတွေ ဈေးကောင်းပြန်ရနေပါတယ်"ဟု ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

(၁၈၄)

# မန္တလေး ချော်ဆိပ်ကမ်းတွင် ကုန်စည်ရရှိမှုများပြားလာ၍ ကုန်တင်ကုန်ချလုပ်သားဦးရေ ၃၀၀ ကျော်ထိရှိလာ

**မန္တလေး အောက်တိုဘာ ၁၅**

မန္တလေး ချော်ဆိပ်ကမ်းတွင် ကုန်စည်ရရှိမှု များပြားလာ၍ ကုန်တင်ကုန်ချ လုပ်သားဦးရေ ၃၀၀ ကျော်ထိ ရှိလာကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းမောင်က ပြောပြ၍ သိရသည်။

မန္တလေး ချော်ဆိပ်ကမ်းမှ ဆန်၊ ပဲ၊ ပြောင်း၊ ငါးပိ၊ ငါးခြောက် အပါအဝင် အခြားကုန်စည်အမျိုးမျိုးကို ကသာ၊ ထီးချိုင့်၊ ရွှေကူ၊ ဗန်းမော် စသည့်မြို့များသို့ တင်ပို့လျက်ရှိကြောင်း၊ ထိုသို့ တင်ပို့လျက်ရှိရာ အောက်တိုဘာလဒုတိယပတ်မှစ၍ ချော်ဆိပ်ကမ်းတွင် ကုန်စည်ရရှိမှုများပြားလာခြင်းကြောင့် ကုန်တင်ကုန်ချလုပ်သားဦးရေပါ များပြားလာကြောင်း သိရသည်။

"အခု ချော်ဆိပ်ကမ်းကနေ ကသာ၊ ထီးချိုင့်၊ ဗန်းမော် စတဲ့မြို့တွေကို ဆန်နဲ့အဝတ်အထည် တင်ပို့မှုကတော့ အများဆုံးပါ။ ချော်ဆိပ်ကမ်းကနေ အရင်က ဆန်၊ ဆီ၊ ငါးပိ၊ ငါးခြောက် စတဲ့ ကုန်စည်တွေကို တင်ပို့တဲ့ ကုန်တင်သင်္ဘောအစီးရေ ၁၀၀ ကျော်ပဲရှိတယ်။ အခုလက်ရှိ အဲဒီကုန်စည်တွေကို တင်ပို့တဲ့ကုန်တင်သင်္ဘောအစီးရေ ၁၅၀ ကျော်ထိရှိလာတယ်" ဟု ဦးဝင်းမောင်က ဆက်လက်ပြောပြသည်။

ချော်ဆိပ်ကမ်းမှ ကသာ၊ ထီးချိုင့်၊ ဗန်းမော် စသည့်မြို့များသို့ အောက်တိုဘာလ ပထမပတ်က တင်ပို့မည့် ကုန်စည်နည်းပါးခြင်းကြောင့် လုပ်ငန်းလုပ်ကိုင်သည့် ကုန်တင်ကုန်ချ လုပ်သားဦးရေ ၂၀၀ ကျော်သာရှိခဲ့ကြောင်း၊ အောက်တိုဘာလဒုတိယပတ်မှစ၍ ကုန်စည်ရရှိမှု ပြန်လည်များပြားလာသဖြင့် ကုန်တင်ကုန်ချလုပ်သားဦးရေ ၃၀၀ ကျော်ထိ လုပ်ငန်းလုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

ချော်ဆိပ်ကမ်းမှ သပိတ်ကျင်း၊ ရွှေကူ၊ ကသာ၊ ထီးချိုင့်၊ ဗန်းမော်၊ မြစ်ကြီးနား စသည့်မြို့များသို့ ကုန်စည်တင်ပို့သည့် သင်္ဘောအစီးရေ ၂၀၀ ကျော်ဖြင့် ပြေးဆွဲပေးလျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စည်းကမ်းထိန်းသိမ်းရေး ကော်မတီမှ သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဇာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# လှိုင်လင်မြို့နယ် တိပေါးကျေးရွာ၌ ဝါးအချောထည်ထုတ်လုပ်မှု သင်တန်းဖွင့်

**လှိုင်လင် အောက်တိုဘာ ၁၅**

ရှမ်းပြည်နယ် (တောင်ပိုင်း) လှိုင်လင်ခရိုင် လှိုင်လင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဝါးအချောထည်ထုတ်လုပ်မှု သင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၁၄ ရက် နံနက်ပိုင်းက တိပေါးကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လှိုင်လင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းထွန်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်မင်းထိုက်က ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်၊ စွမ်းဆောင်ရည်မြှင့်တင်ပေးရန်နှင့်အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန်အတွက် ယခုကဲ့သို့ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများ ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း ရှင်းလင်း ပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြဆရာ၊ ဆရာမများက သင်တန်းတွင် ပို့ချမည့်ဘာသာရပ်များ၊ သင်တန်းတက်ရောက်ရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများက သင်ထောက်ကူပစ္စည်းများကို သင်တန်းသားများထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါ သင်တန်းသို့ လှိုင်လင်မြို့နယ်အတွင်းရှိ တိပေါးကျေးရွာ၊ ကောင်းမှုဗွာကျေးရွာ၊ တွန်ဟိုင်းကျေးရွာ၊ နားယမ်းကျေးရွာတို့မှ သင်တန်းသား၊ သင်တန်းသူဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းတွင် ကုလားထိုင်၊ စားပွဲပြုလုပ်နည်း၊ တိုင်ကပ်နာရီ၊ မီးအိမ်၊ ဘောပင်ခွက် ပြုလုပ်နည်း စသည့်သင်ခန်းစာများကို ကျွမ်းကျင် ဆရာနှစ်ဦးက စာတွေ့၊ လက်တွေ့ဖြင့် အောက်တိုဘာ ၁၄ ရက်မှ အောက်တိုဘာ ၂၈ ရက်ထိ ၁၅ ရက်ကြာ အခမဲ့ သင်ကြားပို့ချပေးသွားမည်ကြောင်း လှိုင်လင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်မင်းထိုက်ထံမှ သိရသည်။

**မောင်ရိုင်**

# ပန်းတောင်းမြို့နယ် ပဲကြီးအင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေး

**ပန်းတောင်း အောက်တိုဘာ ၁၅**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) Type-1 အကောင်အထည်ဖော်ဆောင်ရွက်မည့် ပဲကြီးအင်းကျေးရွာ၌ ရန်ပုံငွေ ပထမအကြိမ်ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပန်းတောင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းသန်းဇော်က မြစိမ်းရောင်ကျေးရွာ စီမံကိန်း (ဆီထွက်သီးနှံ)နှင့်ပတ်သက်၍ အမှာစကားပြောကြားသည်။

ဆက်လက်၍ ပန်းတောင်းမြို့နယ် ဦးစီးမှူး ဦးထွန်းသန်းဇော်က စီမံကိန်းရန်ပုံငွေများကို လွှဲပြောင်းပေးအပ်ရာ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ကော်မတီဝင်များက လက်ခံရယူကြသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း ကော်မတီဝင်များက ပဲကြီးအင်းကျေးရွာမှ ဆောင်းနေကြာ စိုက်ပျိုးသူ၊ ဆီထွက်သီးနှံ(မြေပဲ၊ နှမ်း)စိုက်ပျိုးသူ၊ အခြားသီးနှံစိုက်ပျိုးသူနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၁၀၀ ကို ရန်ပုံငွေကျပ်သိန်း ၃၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မင်းမြင့်မိုရ်**

# တောင်ငူခရိုင်အတွင်း မိုးစပါးများစတင်ရိတ်သိမ်းနေပြီး စပါးတင်း ၁၀၀ လျှင် ငွေကျပ် ၁၀ သိန်းမှ ၁၁ သိန်းထိ ဈေးကောင်းရရှိနေ



**ပဲခူး အောက်တိုဘာ ၁၅**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်အတွင်း မိုးစပါးများ စတင်ရိတ်သိမ်းနေပြီး စပါးအမျိုးအစားနှင့် အရည်အသွေးပေါ်မူတည်၍ ဆန်စက်အရောက် စပါးတင်း ၁၀၀ လျှင် ငွေကျပ် ၁၀ သိန်းမှ ၁၁ သိန်းထိ ဈေးကောင်းရရှိနေကြောင်း ပဲခူးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန သတင်းများအရ သိရသည်။

ယခုနှစ်တွင် ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်အတွင်းရှိ တောင်ငူ၊ ရေတာရှည်၊ ထန်းတပင်၊ အုတ်တွင်းနှင့် ဖြူးမြို့နယ်၌ မိုးစပါးဧက ၄၅၂၁၇၀ စိုက်ပျိုးထားရှိရာ ယခုအခါ စတင်ရိတ်သိမ်းနေပြီဖြစ်သဖြင့် ဈေးကွက်သို့စတင်ဝင်ရောက်နေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါမြို့နယ်များတွင် အောက်တိုဘာလ ပထမပတ်မှစတင်ကာ မုန်တိုင်းအရှိန်ကြောင့် မိုးများ အဆက်မပြတ် ရွာသွန်းနေသဖြင့် ရိတ်သိမ်းခြွေလှေ့စက်များမှ ထွက်ရှိလာသော စပါးများကို လယ်ကွင်းပြင်တွင် နေလှန်းရန်အခက်အခဲရှိသောကြောင့် ဆန်စက်များက ဝယ်ယူပြီး အခြောက်ခံလျက်ရှိကြောင်း၊ စပါးအစိုဓာတ် များပြားသဖြင့် ဆန်စက်များက စပါးများကို တစ်တင်းလျှင် ၅၄ ပေါင်ဖြင့် ဝယ်ယူပေးခဲ့ကြောင်း သိရသည်။

ထိုသို့ဝယ်ယူရာတွင် စပါးအမျိုးအစားနှင့်အရည်အသွေးပေါ်မူတည်၍ ဆန်စက်အရောက် စပါးတင်း ၁၀၀ လျှင် ငွေကျပ် ၁၀ သိန်းမှငွေကျပ် ၁၁ သိန်းထိ ဈေးပေးဝယ်ယူပေးနေခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါမြို့နယ်များတွင် ယခင်နှစ် မိုးစပါးပေါ်ချိန်က စပါးဈေးနှုန်းမှာ တင်း ၁၀၀ လျှင် ငွေကျပ် ၆၃၀၀၀၀ မှ ၆၅၀၀၀၀ ထိသာ ပေါက်ဈေးရှိခဲ့သဖြင့် စိုက်ပျိုးသူတောင်သူများ အကျိုးအမြတ်ရရှိမှုနည်းခဲ့သော်လည်း ယခုနှစ်တွင် စပါးတင်း ၁၀၀ လျှင် ငွေကျပ် ၁၀ သိန်းမှ ၁၁ သိန်းထိ ဈေးကောင်းရရှိသောကြောင့် တောင်သူများ အကျိုးအမြတ် ရရှိခဲ့ကြောင်း သိရသည်။

လက်ရှိတွင် တောင်ငူမြို့ရှိ ဆန်ပွဲရုံများ၌ အောက်တိုဘာလ ပထမပတ်က ရွှေဘိုပေါ်ဆန်း ၂၄ ပြည် တစ်အိတ်လျှင် ငွေကျပ် ၁၀၁၀၀၀၊ ဖျာပုံပေါ်ဆန်း ၂၄ ပြည် တစ်အိတ်လျှင် ငွေကျပ် ၈၉၀၀၀ နှင့် ဧည့်ထွန်း ၂၄ ပြည် တစ်အိတ်လျှင် ငွေကျပ် ၄၄၀၀၀ ရှိခဲ့ကြောင်း သိရသည်။

**ချမ်းချမ်း**

# ကြာအင်းဆိပ်ကြီးမြို့နယ် ကတွန်စုကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်နေမှုစစ်ဆေး

**ကြာအင်းဆိပ်ကြီး အောက်တိုဘာ၁၅**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကတွန်စုကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ရန်ပုံငွေဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို အောက်တိုဘာ ၁၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ(နည်းပညာ) ဒေါ်မိခင်မိုး၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ကတွန်စုကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးအရာရှိ (နည်းပညာ) ဒေါ်မိခင်မိုးက လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကတွန်စုကျေးရွာ၌ လမ်းအရှည်ပေ ၅၄၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို VDP စီမံကိန်း ရန်ပုံငွေကျပ် ၁၀ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၄ ဒသမ ၃ သန်း အကုန်အကျခံကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် လုပ်ငန်း၏ ၉၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**အေးသူ**

# မိုင်းခတ်မြို့နယ်တွင် ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေ သုံးစွဲရေးအစီအစဉ် (AVIP) ရေးဆွဲနည်းသင်တန်းပို့ချ

**မိုင်းခတ် အောက်တိုဘာ ၁၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ်တွင် ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေသုံးစွဲရေးအစီအစဉ် (AVIP) ရေးဆွဲနည်း သင်တန်း ဖွင့်လှစ်ပို့ချခြင်းကို ယနေ့နံနက်ပိုင်းက မိုင်းခတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းခတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရန်ကျော်က ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေသုံးစွဲရေးအစီအစဉ် (AVIP) သင်တန်းဖွင့်လှစ်ပို့ချရခြင်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မိုင်းခတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရန်ကျော်နှင့် ဝန်ထမ်းများက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဝင် ကျေးရွာငါးရွာမှ ကော်မတီဝင်များကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းလုပ်ငန်းစဉ်များဖြစ်သည့် စီမံကိန်းစီမံခန့်ခွဲမှုနှင့် AVIP နှင့်သက်ဆိုင်သည့် သင်ခန်းစာများကို သင်ကြားပို့ချသည်။

အဆိုပါသင်တန်းသို့ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) အကောင်အထည်ဖော် ဆောင်ရွက်မည့် မိုင်းခတ်မြို့နယ်အတွင်းရှိ ပန်ထိုလုကျေးရွာ၊ ထော်ပဲကူကျေးရွာ၊ ဖားဖေ့ကျေးရွာ၊ ပါရှင်ကျေးရွာ၊ အင်ခိုလုံကျေးရွာတို့မှ သင်တန်းသား၊ သင်တန်းသူ ၁၄ ဦး တက်ရောက်ကြပြီး သင်တန်းကို တစ်ရက်ကြာသင်ကြားပို့ချခဲ့ကြောင်း၊ အဆိုပါကျေးရွာများတွင် VDPစီမံကိန်းဖြစ်သည့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း တစ်ခု၊ ဆိုလာလမ်းမီးတိုင်စိုက်ထူခြင်း လုပ်ငန်းသုံးခု၊ ရေလှောင်ကန်ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း တစ်ခုတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မိုင်းခတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကျော်ဇောဦး(မောရမ်းမြေ)**



# ငါ့ဘဝ ငါသာသခင်

မြင်းခြံကျော်အောင်

"ခင်ဗျားဘဝမှာ သခင်ဖြစ်ချင်သလား၊ ကျွန်ဖြစ်ချင်သလား"

"ဘယ်လိုမေးလိုက်တာလဲ၊ သခင်ဖြစ်ချင်တာပေါ့။ ဘယ်ကျွန်ဖြစ်ချင်မှာလဲ"

ဤအမေးအဖြေစကားအရ လူတိုင်းသည် သခင်ဖြစ်ချင်ကြသည်။ သို့သော် မိမိဖြစ်ချင်သော သခင်မိမိဖြစ်ပါသလား။ မဖြစ်ကြပါ။ မဖြစ်ဆို တချို့တချို့ပင်မဖြစ်ကြပါ။ သို့ဖြင့် ဆန္ဒနှင့်ဘဝမှာ တစ်ထပ်တည်း မကျဖြစ်နေကြသည်။

လောကကြီးရှိ လူတို့ကိုလေ့လာလိုက်သောအခါ မည်သည့်အတွက် သခင် မဖြစ်ကြသည်ကို ဆန်းစစ်တွေ့ရှိရပါသည်။ မည်သည့်အကြောင်းအရာများပါနည်း။

**တဏှာ၏ကျွန်**

ပထမဆုံးတွေ့ရသည့်အချက်မှာ တဏှာ၏ကျွန်ဖြစ်ပေသည်။ အရိယာသူတော်စင်များမှလွဲပြီး တဏှာနှင့် လူတိုင်းမကင်းကြပါ။

တဏှာတပ်မက်ခြင်း အထူးသဖြင့် ကျား၊ မ တပ်မက်ခြင်းကို လွန်လွန်ကဲကဲမပြုရန်မူ လိုပေသည်။ သို့သော် တဏှာ၏ကျွန်များကမူ မှောက်မှောက်မှားမှားပြုကျင့်ကြသည်။ မိမိ၏ဇနီးမယားရှိလျက်၊ မိမိ၏ခင်ပွန်းပင်ရှိလျက် သူတစ်ပါး၏ ဇနီး၊ ခင်ပွန်းနှင့် ဖောက်ပြန်ပျော်ပါးမှု ပြုကျင့်ကြသည်။ အခကြေးငွေပေးပြီး ပြည့်တန်ဆာမများနှင့် ပျော်ပါးကြသည်။ ယနေ့ခေတ်ကာလတွင် နေ့ခင်းကြောင်တောင်၌ပင် တည်းခိုခန်းများ၌ လူပြတ်သည်မရှိ စည်ကားနေသည်။ မိမိထက်အသက်များစွာငယ်သော အမျိုးသမီး၊ အမျိုးသားကိုရယူပေါင်းသင်းနေကြသည်။ သို့ဖြင့် လူမှုရေး၌ သိက္ခာကျဆင်းရသည်။ ကျန်းမာရေး ချို့ယွင်းရသည်။ စိတ်မချမ်းမြေ့မှု ခံစားကြရသည်။ တဏှာ၏ ကျွန်အဖြစ်ရှုမြင်ခံရသည်။

ဤသည်တို့ကား တဏှာ၏ကျွန်လုပ်ရပ်နှင့် ရရှိလာသော ရလဒ်ဖြစ်ပေသည်။ လူတိုင်း၌ရှိသောတဏှာကို မှန်ကန်စွာထိန်းချုပ်နိုင်ပါက တဏှာ၏ကျွန်အဖြစ်မှ လွတ်ကင်းနိုင်ပါသည်။ ချမ်းသာသုခခံစားရပါမည်။ ဂုဏ်ကျက်သရေရှိသူဖြစ်ပါမည်။

**အရက်၏ကျေးကျွန်**

ယနေ့ခေတ်တွင် ငယ်ရွယ်နုနယ်သည့် ယောက်ျားလေးများပင် ဘီယာလေးတော့သောက်ဖြစ်ကြသည်။ အရွယ်ရောက်လာသည့်အခါ အရက်ပြင်းပြင်းပင် သောက်ကြသည်။ အလုပ်ခွင်ဝင်နေသူဆိုလျှင် ပင်ပန်း၍ အပန်းပြေအောင် အရက်သောက်သည်။ သူငယ်ချင်းကတိုက်၍သောက်သည်။ ဘာပွဲ ညာပွဲ စသည် ပွဲဖန်တီးပြီးသောက်သည်။ ညှော်ခံကျွေးမွေး၍သောက်သည်။ စိတ်ညစ်၍သောက်သည်။ စိတ်ပျော်၍သောက်သည်။ သို့ဖြင့် အရက်ကို သောက်ရင်းသောက်ရင်း စွဲလမ်းသွားတော့သည်။ မသောက်ရမနေနိုင်ဘဲ အဆင့်ရောက်တော့သည်။ သို့ဖြင့် သောက်လေသောက်လေ ငတ်မပြေဖြစ်တော့သည်။

အရက်သည် သေရည်ဖြစ်သည်။ လူကိုမြန်မြန်သေစေတတ်သည်။ အရက်ခန္ဓာကိုယ်အတွင်း ဝင်သွားသည်နှင့် ခန္ဓာကိုယ်၏အာရုံကြောများ၊ အစိတ်အပိုင်းများကို ပျက်စီးစေသည်။ ထို့ကြောင့် ကျန်းမာရေးထိခိုက်ရသည်။ ငွေကြေးကုန်ကျရသည်။ သို့သော်မဆင်ခြင်။ နောက်ဆုံးအရက်၏ဒဏ် လှလှကြီးခံရတော့သည်။ သတိလက်လွတ်ပြီး သေဆုံးရပေတော့သည်။ ထိုအခါ သံသရာ၌ ဘဝကူးရာတွင် ကောင်းရာဘုံဘဝသို့မရောက်တော့ပေ။ ဤသည်တို့ကား အရက်၏ကျေးကျွန်များ သွားရာလမ်းဖြစ်သည်။

**ပိုက်ဆံ(ငွေ)၏ကျွန်**

" ပိုက်ဆံ(ငွေ)၏ အရှင်သခင်သည် အောင်နိုင်သူဖြစ်သည်။ ပိုက်ဆံ(ငွေ)၏ ကျွန်သည် ရှုံးနိမ့်သူဖြစ်သည်"ဟု ဂျူးလူမျိုးတို့၏ ကျမ်းစာတွင် ဖော်ပြထားသည်။

အဓိကအချက်မှာ ငွေ၏အစွန်းသုံးပါးကို မရှောင်ရှားနိုင်၍ဖြစ်ပေသည်။ ပထမဆုံးအစွန်းမှာငွေကို မက်မောလွန်းခြင်းဖြစ်သည်။ ရွှေရလျှင်၊ ဒေါ်လာရလျှင်၊ မြေရလျှင် ငွေဖြစ်သည်။ ငွေကိုမက်မောလွန်းခြင်းကြောင့် ငွေရမည့်အလုပ်မှန်သမျှ လုပ်တော့သည်။ ဘနဖူးသိုက်တူးသည်။ မလျော်မကန်အာဏာသုံး၍ ရယူသည်။ မတရားမှုပြုပြီးရယူသည်။ တစ်စုံတစ်ယောက်ကငွေပေးခိုင်းလျှင် ဘာမဆိုလုပ်တော့သည်။ ဤသူတို့ကား ငွေ၏ကျွန်များဖြစ်ကြသည်။ ထောင်များထဲတွင် များစွာရှိကြသည်။

နောက်တစ်ပိုင်းမှာ စေးနဲ့တွန့်တိုခြင်းဖြစ်သည်။ ငွေကုန်မည်စိုး၍ မလှူဒါန်းရက်၊ မပေးကမ်း မကျွေးမွေးရက်ဖြစ်တော့သည်။ အဆုံးစွန် မိမိကျန်းမာရေးကိုပင် ငွေကုန်ခံပြီး မကုဘဲနေတော့သည်။ သို့ဖြင့် လောကီလောကုတ္တရာကောင်းကျိုးများ မခံစားရ။ ကပ်စေးနဲ့ကြီးဟူသော ဂုဏ်သာရရှိတော့သည်။

နောက်ဆုံးအစွန်းတရားမှာ ငွေဖြုန်းတီးခြင်းဖြစ်သည်။ လက်ဝယ် ငွေဖွေးဖွေးရှိသည်နှင့် ဖြုန်းတီးသောအလုပ်များလုပ်တော့သည်။ နိုင်ငံရပ်ခြားဈေးဝယ်သွားခြင်း၊ အပန်းဖြေခရီးထွက်ခြင်း၊ ကြွားချင်ဝါချင်စိတ်ဖြင့် ဖုံးပေါလအော ကျွေးမွေးပေးကမ်းပစ်ခြင်း၊ မိုက်မိုက်မဲမဲမဆင်မခြင် ရင်းနှီးမြှုပ်နှံခြင်းပြုတော့သည်။ ငွေ၏ စိုးပိုင်စေခိုင်းသမျှ လုပ်တော့သည်။ သို့ဖြင့် ဆုံးရှုံးမှုများစွာနှင့် ရင်ဆိုင်ရသည်။ ဆင်းရဲဒဏ်ခံရသည်။ ဤသည်တို့ကား ငွေ၏ကျွန်ဘဝဖြစ်ပေသည်။

> ❖ ကံကြမ္မာ၏သခင်ဖြစ်ခဲ့သူတစ်ဦးအကြောင်း ပြောပါဦးမည်။ သူ့မိသားစုမှာဆင်းရဲသည်။ သူ့အစ်မ၊ ညီမများဆိုလျှင် စာဖတ်တတ်ရုံသာကျောင်းနေခဲ့ကြသည်။ စာပေကိုမလိုက်စားကြ။ သို့ဖြင့် မိဘကဆင်းရဲပြီး သူတို့ကလည်း မချမ်းသာကြ။ ကံကြမ္မာ၏သခင်ဖြစ်လာမည့်သူကမူ စာပေကိုမြတ်နိုးသည်။ တစ်နှစ်တစ်တန်းအောင်မြင်အောင် ကြိုးပမ်းသည်။ အိမ်တွင် လျှပ်စစ်မီးမရှိ။ ရေနံဆီမီးခွက်သာသုံးနိုင်သည်။ စာကျက်ရသည်မှာ အဆင်မပြေ။ သို့ဖြင့် အိမ်အနီးလမ်းဘေး လျှပ်စစ်မီးတိုင်အောက်သွားပြီး စာကျက်သည်။ သို့ဖြင့် တက္ကသိုလ်ဝင်တန်းကို လေးဘာသာဂုဏ်ထူးဖြင့် အောင်ခဲ့သည်။ ❖

**မူးယစ်၏သားကောင်**

ယနေ့ခေတ်မီလောကကြီးတွင် စိတ်ကိုပြောင်းလဲစေသော မူးယစ်ဆေးဝါးများမှာ ပေါမှပေါဟုပြောရပါမည်။ ကျောင်းသားလူငယ်များ စားသုံးနိုင်စေရန် စားချင်စဖွယ်ပြုလုပ်ပြီး ထိုစိတ်ကိုပြောင်းလဲစေသည့်ဆေးဝါးထည့်သွင်းစီမံရောင်းချကြသည်။ သို့ဖြင့် စိတ်ပြောင်းလဲကာ မဖြစ်သင့်သောအမှု ဥပမာခိုက်ရန်ဖြစ်ပွားခြင်း စသည်ဖြစ်ပေတော့သည်။

မူးယစ်ဆေးဝါးသည် မမြည်းစမ်းသင့်သော အရာဖြစ်သည်။ မြည်းစမ်းကြည့်ရာမှ စွဲလမ်းသွားစေသည်။ သို့ဖြင့် မသုံးစွဲရမနေနိုင်အဆင့် ရောက်တော့သည်။ ဆိုးကျိုးကားမိမိကိုယ်ကိုသတ်သေစေသည်။ သူတစ်ပါးကိုသတ်ပစ်သည်။ မလုပ်သင့်သောလုပ်ရပ် လုပ်တော့သည်။ အပျင်းဓာတ်ဝင်ပြီး အလုပ်မလုပ်တော့။ အနည်းငယ်သုံးစွဲရာမှ တစ်ဆင့်ထက်တစ်ဆင့်တက်ကာ များများသုံးစွဲတော့သည်။ သို့ဖြင့် စီးပွားပျက်ရတော့သည်။ လူလုံးမလှ၊ မရဏာလမ်းမြန်မြန်မြန်းရပေတော့သည်။

**ကံကြမ္မာ၏ သားကောင်**

လူတိုင်းကံကြမ္မာ၏သခင်ဖြစ်နိုင်သည်။ ထို့အတူ လူတိုင်းလည်း ကံကြမ္မာ၏စေခိုင်းရာ လိုက်ပါလုပ်ဆောင်နေသည့် ကံကြမ္မာ၏သားကောင်လည်းဖြစ်နိုင်ပါသည်။ ကံကြမ္မာ၏သခင်ဖြစ်သူကနည်းပါးပြီး ကံကြမ္မာ၏သားကောင်ဖြစ်နေသူများက ဤကမ္ဘာလောကကြီးတွင် များပြားသည်။

"ကျွန်တော်တို့က ခင်ဗျားတို့လို ဘွဲ့ရအောင်ပညာမသင်ယူထားတော့ ဆင်းရဲရတယ်။ ကိုယ်ကမချမ်းသာတော့ သားသမီးတွေလဲ ဆင်းရဲရတယ်။ ဒီရန်ကုန်ကိုလာနိုင်တာတောင် ယောက်ဖက စရိတ်ခံခေါ်လို့ရောက်လာတာ"ဟု မိတ်ဆွေတစ်ယောက်က စာရေးသူကိုပြောဖူးသည်။ ထိုသူကား ကံကြမ္မာ၏ သားကောင်ဖြစ်သည်။ သူ့မိဘကလည်း ဆင်းရဲသည်။ သူကလည်း မိဘပေးသော ပညာအမွေကို လိုလိုလားလားမယူခဲ့။ သို့ဖြင့် ကံကြမ္မာက ပစ်ချလိုက်သော လူဆင်းရဲဘဝက မတက်နိုင်ဖြစ်ခဲ့ရသည်။

ကံကြမ္မာ၏သခင်ဖြစ်ခဲ့သူတစ်ဦးအကြောင်း ပြောပါဦးမည်။ သူ့မိသားစုမှာဆင်းရဲသည်။ သူ့အစ်မ၊ ညီမများဆိုလျှင် စာဖတ်တတ်ရုံသာကျောင်းနေခဲ့ကြသည်။ စာပေကိုမလိုက်စားကြ။ သို့ဖြင့် မိဘကဆင်းရဲပြီး သူတို့ကလည်း မချမ်းသာကြ။ ကံကြမ္မာ၏သခင်ဖြစ်လာမည့်သူကမူ စာပေကိုမြတ်နိုးသည်။ တစ်နှစ်တစ်တန်းအောင်မြင်အောင်ကြိုးပမ်းသည်။ အိမ်တွင် လျှပ်စစ်မီးမရှိ။ ရေနံဆီမီးခွက်သာသုံးနိုင်သည်။ စာကျက်ရသည်မှာ အဆင်မပြေ။ သို့ဖြင့် အိမ်အနီးလမ်းဘေး လျှပ်စစ်မီးတိုင်အောက်သွားပြီး စာကျက်သည်။ သို့ဖြင့် တက္ကသိုလ်ဝင်တန်းကို လေးဘာသာဂုဏ်ထူးဖြင့် အောင်ခဲ့သည်။ မည်သည့်ကျူရှင်မှ မသင်ယူနိုင်ခဲ့။ နောက်ဆုံး ဦးကြီးတစ်ဦး၏ကူပံ့မှုဖြင့် အင်ဂျင်နီယာတက္ကသိုလ်ကို တက်ရောက်အောင်မြင်ခဲ့သည်။ ယခုအင်ဂျင်နီယာကြီးဖြစ်နေပါပြီ။ ညီမ၊ အစ်မများကမူ ဆင်းရဲနေကြသည်။ သူတို့က ကံကြမ္မာ၏သားကောင်များ၊ သူတို့မောင် အင်ဂျင်နီယာက ကံကြမ္မာ၏ သခင်ဖြစ်ခဲ့သည်။

ဤသည်တို့ကား ယနေ့မြန်မာ့လူ့ဘောင်တွင် ရင်ဆိုင်နေရသည့် သခင် မဖြစ်ရသည့် အကြောင်းအရာများဖြစ်ကြပေသည်။ မိမိဘဝ မိမိတည်ဆောက်ကြရာတွင် သခင်အဆင့်အတန်းရောက်ရှိစေရန် ဖန်တီး၍ ရပေသည်။ ဤသည်တို့ကို စေ့ငုကြည့်ကြရအောင်ပါ။

**၁။ ကျန်းမာအသက်ရှည်ဖြင်း**

သခင်ဖြစ်မည့်လူသည် ကျန်းမာကြံ့ခိုင်သည်။ အသက်ရှည်သည်။ ဤကဲ့သို့သော ဆုလာဘ်ရရှိစေရန် ကံ စိတ် ဥတု အာဟာရ မျှတစွာကျင့်သုံးသွားရပါမည်။ ကံသည်အလုပ်ဖြစ်သည်။ ဤအလုပ်တွင် တဏှာ၏ကျွန်၊ အရက်၏ကျေးကျွန်နှင့် မူးယစ်၏သားကောင်မဖြစ်စေရန် ရှောင်ကြဉ်ရပါမည်။ လုံးဝရှောင်ကြဉ်ခြင်းဖြင့် ကံကောင်းပါမည်။ စိတ်ကောင်းနှလုံးကောင်း မွေးမြူနိုင်ခြင်းဖြင့်လည်း ကျန်းမာကြံ့ခိုင်ပါမည်။ ဥတုရာသီနှင့် လိုက်လျောညီထွေစွာ နေထိုင်တတ်ခြင်းဖြင့်လည်း ရောဂါကင်းရှင်းပါမည်။ နောက်ဆုံး အာဟာရ ယနေ့လူ့ဘောင်လောကတွင် လူတို့သည် အစားစားခြင်း၌ လွန်ကဲကြသည်။ စားသုံးဆီအစားများပြီး အချိုမှုန့်၊ ကြက်သားမှုန့်၊ စသည့်ဟင်းခတ်အမွှေးအကြိုင်များ အသုံးများကြသည်။ သို့ဖြင့် ရောဂါဘယ ထူပြောရသည်။ ဆင်ခြင်နိုင်ကြပါက ရောဂါကင်းပြီး ချမ်းသာအသက်ရှည်ပါမည်။ ပညာ၊ ဥစ္စာများ ပြည့်ဝအောင် ရှာဖွေနိုင်ကြကာ သခင်များဖြစ်ပါမည်။ မကျန်းမာအသက်မရှည်ကြပါက စောစောသေကြရပြီး သနားစရာလေးဟူသော မှတ်ချက်ကလေးပင်ရရှိပါမည်။

**၂။ ပညာဗဟုသုတပြည့်ဝခြင်း**

ပညာဟူသောအသိဉာဏ်နှင့် အတတ်ပညာပြည့်စုံမှ လူလုံးလှပေမည်။ ပညာမဲ့လျှင် သခင် မဖြစ်နိုင်ပါ။ တစ်ပါးသူ၏ ပိုင်စိုးစေခိုင်းမှုကိုခံရမည့် ကျေးကျွန်သာဖြစ်ပါမည်။ ပညာပြည့်ဝလျှင် မိမိ၌ တန်ခိုးပါဝါရှိသည်။ မိမိကိုယ်ကိုမိမိထိန်းနိုင်သည်။ ဖြစ်မြောက်အောင်လုပ်ဆောင်နိုင်စွမ်းရှိသည်။ ထို့ကြောင့် ငယ်စဉ်အခါပညာရှာရပါမည်။ ပညာရွှေအိုးပိုင်ဆိုင်အောင် ကြိုးပမ်းရပါမည်။ စဉ်ဆက်မပြတ်လေ့လာရပါမည်။ သို့ဖြင့် ဆရာတစ်ဆူဖြစ်ပြီး အရှင်သခင်လည်း ဖြစ်သွားပါသည်။

အရေးကြီးသောအချက်မှာ အမှားအမှန်ဝေဖန်ပိုင်းခြားတတ်မှု ရှိခြင်းပင်ဖြစ်သည်။ အမှန်ကိုအမှန်ဟု ရှုမြင်တတ်ရပါမည်။ အမှားကိုအမှားဟု လက်ခံနိုင်စွမ်းရှိရပါမည်။ သို့မှသာ အမှားကိုရှောင်ကြဉ် အမှန်ကို ဆောင်ရွက်နိုင်ခြင်းဖြင့် လုပ်ငန်းများအောင်မြင်ပါမည်။ လုပ်ငန်းအောင်မြင်လျှင် သခင်ဖြစ်ပါပြီ။

**၃။ ဓနဥစ္စာကုံလုံကြွယ်ဝခြင်း**

ဓနဥစ္စာကုံလုံကြွယ်ဝသူသည် သခင်ဖြစ်ပြီး ဓနဥစ္စာမပြည့်စုံသူသည် အခြေခံလူတန်းစားဖြစ်သည်ကို အထူးရှင်းပြရန် မလိုအပ်ဟု ယူဆမိပါသည်။ ထို့ကြောင့် ဓနဥစ္စာကြွယ်ဝစေရန် ရိုးသားစွာစိတ်ကောင်းနှလုံးကောင်းမွေးမြူပြီး စီးပွားရှာရပါမည်။ ငွေကြေးစုဆောင်းရပါမည်။ ရရှိငွေကြေး တိုးပွားစေရန် ကြံဆောင်ရပါမည်။ သို့ဖြင့် မိမိမိသားစုအကျိုး၊ မိမိအသိုက်အဝန်းအကျိုးမှစပြီး လူ့ဘောင်လောကကြီးအကျိုးထိ စွမ်းဆောင်နိုင်ပါမည်။ သို့ဆောင်ရွက်နိုင်လျှင် သခင်ဖြစ်ပြီး ဥစ္စာရှင်ဖြစ်ပြီ။

နောက်တစ်ပိုင်းမှာ မိမိတွင်ဓနဥစ္စာမရှိသော်လည်း မိမိ၏ပညာစွမ်းဖြင့် ကာယ၊ ဉာဏစွမ်းဖြင့် အများအကျိုးသယ်ပိုးနိုင်ပါကလည်း သခင်ဖြစ်နိုင်ပါသည်။ မြင့်မြတ်သူ ကြီးမြတ်သည့်ဂုဏ်ကြီးရှင်ဖြစ်နိုင်ပါသည်။ အများကြည်ညိုလေးစားခြင်း ခံရသူဖြစ်နိုင်ပါသည်။ သို့ဖြင့် နိမ့်ကျသော လူ့ဘဝမှ လွတ်မြောက်ရပါသည်။

**၄။ လုပတင့်တယ်မှုနှင့် ဂုဏ်ကျက်သရေဖြင့် တင့်တယ်ခြင်း**

ရုပ်ရည်ရူပကာယတင့်တယ်ကြသူများသည် သခင်အဆင့်ဝင်ပုဂ္ဂိုလ်များဖြစ်ကြပေသည်။ ဂုဏ်ကျက်သရေလည်းရှိကြပေသည်။ ဤအရည်အသွေး ဤအရည်အချင်းများနှင့် ပြည့်စုံစေရန် အထက်တွင်ဖော်ပြပါ တဏှာ၏ ကျွန်များမဖြစ်ရန်လိုပေသည်။ အရက်၏ကျေးကျွန်အဖြစ် မခံယူအပ်ပါပေ။ မူးယစ်ဆေးဝါး၏သားကောင်မဖြစ်စေရန် ထိန်းသိမ်းရပါမည်။ ကံကြမ္မာ၏သားကောင်အဖြစ် မရောက်စေရန်လည်း မိမိ၏မူ၊ ဟန်ပြဋ္ဌာန်းချက်ဖြင့် ဘဝကိုတည်ဆောက်ရပါမည်။ သူငယ်ချင်းမလုပ်၍ မိမိလည်းမလုပ်ခြင်းမျိုး ရှောင်ရပါမည်။ လုပ်ထိုက်တာမှန်လျှင် မည်သူမလုပ်လုပ် မိမိလုပ်ရပါမည်။

အထက်ဖော်ပြပါအချက်ကြီးလေးချက်နှင့်ပြည့်စုံသူသည် သခင်ဖြစ်ပါသည်။ အတ္တာဟိ အတ္တာနော နာထော မိမိကိုယ်သာ မိမိ၏ကိုးကွယ်ရာဖြစ်သည်ဟူသော မြတ်ဗုဒ္ဓ၏တရားလက်ကိုင်ထားကြပါကုန်"ငါ့ဘဝ ငါသာသခင်"ဖြစ်သည်ဟု ကြုံးဝါးကြပါကုန်။

လူ့ဘဝသည် ရွှံ့နှင့်တည်ဆောက်ထားခြင်းမဟုတ်ပါ။ သံနှင့်တည်ဆောက်ထားခြင်းဖြစ်ပါသည်။ သံသည်မာကျောသည်။ ခိုင်မာသော စွမ်းပကားရှိသည်။ ပြင်းပြင်းထုနှက်သော်လည်း လွယ်ကူစွာမပျက်စီးသွားသည့် အရည်အချင်းရှိပါသည်။ ထို့ကြောင့် မိမိဘဝကို သံဖြင့် တည်ဆောက်ပြီး ငါ့ဘဝ ငါသာသခင် ဖြစ်ရမည်ဟု ဂုဏ်ယူစွာ ဝင့်ကြွားကြပါစို့။

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုမို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# ရွှေဘိုခရိုင်တွင် စားဖိုဆောင်သီးနှံ ငရုတ် ၁၄၄ ဧက စိုက်ပျိုးပြီးစီး

ရွှေဘို အောက်တိုဘာ ၁၅

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံဖြစ်သည့် ငရုတ် ၁၄၄ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ရွှေဘိုခရိုင်တွင် ငရုတ် ၁၁၁ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဩဂုတ်လမှစတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၄၄ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ရွှေဘိုခရိုင်မှာ စားဖိုဆောင်သီးနှံဖြစ်တဲ့ ငရုတ် ၁၄၄ ဧက စိုက်ထားတယ်။ ငရုတ်သီးစိုက်ပျိုးမှုက တိုးတက်မှုရှိပါတယ်။ ငရုတ်သီးကို စီးပွားဖြစ်သီးနှံအဖြစ် စိုက်ကြဖို့ ဆောင်ရွက်ပေးနေတယ်။ ငရုတ်သီးကိုတော့ ဆောင်းကာလမှာ အများစုစိုက်ကြတယ်။ ဒီနှစ် ဆောင်းကာလမှာ ငရုတ်သီးနှံတိုးချဲ့စိုက်ပျိုးဖို့ အားပေးဆောင်ရွက်သွားမှာပါ"ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြသည်။

ယခုနှစ် ရွှေဘိုခရိုင်တွင် ငရုတ်သီးစိုက်ပျိုးပြီးစီးမှုအနေဖြင့် ရွှေဘိုမြို့နယ်တွင် ၉၆ ဧက၊ ခင်ဦးမြို့နယ်တွင် ၁၂ ဧက၊ ကျောက်မြောင်းမြို့နယ်တွင် ၃၆ ဧက စုစုပေါင်း ၁၄၄ ဧကတို့ဖြစ်ကြောင်း သိရသည်။

ငရုတ်သီးနှံစိုက်တောင်သူများအနေဖြင့် ငရုတ်သီးနှံ အထွက်နှုန်းကောင်းရန် ဈေးကွက်လည်းရရှိအောင် စိုက်ပျိုးနည်းစနစ်နည်းပညာပေးခြင်း၊ ပိုးမွှားကာကွယ်နှိမ်နင်းရန် နည်းပညာပေးခြင်း၊ မြေဆီလွှာအာဟာရဖွံ့ဖြိုးတိုးတက်ရန် နည်းပညာပေးခြင်းတို့ကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)



# လှမ်းစို့ညီတူ

\- အားသစ်ဝေ ချီအပြုံးနဲ့
တိုင်းပြည်လက်ရုံး ညီရင်းဆွေ၊
ခရီးညီ ဖေးကူယှက်
ရှေ့ဆက်မသွေ၊
ကိုယ့်ပြည်စခန်း သာဖို့လေ
ပညာရှာဖွေ အားသစ်ခင်း၊
ချစ်ကြည်စွာ တည်တံ့မြဲ
လက်တွဲလို့နှင်း။

\- ပေါင်းစုံအတူ မြတ်နိုးခြင်း
ပညာမှီရင်း လှမ်းတက်ချီ၊
အရေးရယ် ကြုံလေသမျှ
ဖေးမကြမည်၊
အမုန်းမပွား စုစည်းညီ
ချစ်ခွန်းသီ မေတ္တာပြ၊
အန္တရာယ် ရန်မသန်း
အေးချမ်းလို့လှ။

\- အေးအတူ ပူအမျှ
အတူတကွ နေထိုင်ပါ၊
အမျိုးဂုဏ် ကိုယ်တိုင်မြှင့်
ကြွားဝင့်ညီညာ၊
ပြည်ထောင်စု လှေကြီးမဟာ
အတူစီးကာ လှော်ခတ်ပေး၊
နိုင်ငံရာကို မျှဝေထမ်းပါလို့
အိုကွယ်. . .
အောင်ပန်းယူလေး။ ။

မောင်ကြည်လင်(ရွှေကြိုးကြာ)

# သထုံမြို့နယ် ကျေးရွာနှစ်ရွာတွင် ကျေးလက်ရေရရှိရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

သထုံ အောက်တိုဘာ ၁၅

သထုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် သထုံမြို့နယ် ကျေးရွာနှစ်ရွာရှိ ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိစေရန်ရည်ရွယ်၍ ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဦးအောင်ဝေထွန်း၊ သထုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်သီတာဝင်းစံ၊ သထုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဦးညဏ်မိုးနိုင်၊ တာဝန်ခံအင်ဂျင်နီယာနှင့် ဝန်ထမ်းများသည် လေသာကုန်းကျေးရွာနှင့် ဗုဒ္ဓသစ္စာကျေးရွာတို့တွင် ကျေးလက်ရေရရှိရေးအတွက် အနက်ပေ ၂၀၀၊ အကျယ်လေးလက်မရှိ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း၊ ဂါလန် ၂၄၀၀ ဆံ့စင်မြင့်ရေစင်တည်ဆောက်ခြင်းလုပ်ငန်း၊ အလျားပေ ၂၀၊ အနံပေ ၂၀ ရှိ ရေစက်ရုံခြံစည်းရိုးကာရံခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယညွှန်ကြားရေးမှူးက ကျေးရွာနှစ်ရွာရှိ ရပ်မိရပ်ဖများ၊ ရေပေးရေးကော်မတီများ၊ ကုမ္ပဏီမှတာဝန်ရှိသူများနှင့်တွေ့ဆုံကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

လေသာကုန်းကျေးရွာနှင့် ဗုဒ္ဓသစ္စာကျေးရွာတို့တွင် အဆိုပါရေရရှိရေးလုပ်ငန်းများကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုမူလခွင့်ပြုရန်ပုံငွေကျပ် ၂၆ ဒသမ ၄၈ သန်းဖြင့် တင်ဒါအောင်မြင်သည့် Home Grade ကုမ္ပဏီက ဩဂုတ်လပထမပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက ကျေးရွာနှစ်ရွာရှိ အိမ်ခြေ ၃၆၄ အိမ်၊ လူဦးရေ ၁၇၀၀ အတွက် သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိမည်ဖြစ်ကြောင်း သထုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာဝင်းစံက ပြောပြ၍ သိရသည်။

ချိုသန်းညွန့်

# ရွှေတောင်မြို့နယ်၌ VDP စီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

ရွှေတောင် အောက်တိုဘာ ၁၅

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက ရွာသစ်ကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရွှေတောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသူက VDP စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ လုပ်ငန်းတာဝန်များကို ချပြရှင်းလင်းသည်။

ထို့နောက် စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို ရှင်းလင်းပြောကြားခဲ့ရာ တက်ရောက်လာကြသော ရပ်မိရပ်ဖများနှင့် ကျေးရွာသူ၊ ကျေးရွာသားများက စီမံကိန်းနှင့်ပတ်သက်သည့် သိရှိလိုသည်များကို အပြန်အလှန်ဆွေးနွေးပြောကြားပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ရွှေတောင်မြို့နယ်အတွင်းရှိ ရွှေခဲကျေးရွာ၊ သဲခုံကျေးရွာ၊ မင်းရပ်ကုန်းကျေးရွာ၊ ရွာသစ်ကုန်းကျေးရွာနှင့် မကျီးအင်းကျေးရွာတို့၌ ထပ်တိုးအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး ယခုအခါ အဆိုပါကျေးရွာငါးရွာတွင် စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းအခမ်းအနားများ ဆောင်ရွက်ပြီးဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးသူက ပြောပြ၍ သိရသည်။

သုတ

## နိုင်ငံတကာ သတင်းများ

# ကုလလုံခြုံရေးကောင်စီက ဟေတီပြဿနာနှင့်ပတ်သက်၍ ဆုံးဖြတ်ချက်မူကြမ်းတစ်ရပ်ချမှတ်ရန် စဉ်းစားနေ

**နယူးယောက် အောက်တိုဘာ ၁၅**

ကုလသမဂ္ဂ လုံခြုံရေးကောင်စီသည် ဟေတီပြဿနာနှင့်ပတ်သက်၍ အရေးယူဒဏ်ခတ်မှုစနစ်တစ်မျိုး ဖန်တီးရန် စဉ်းစားနေကြောင်း ရိုက်တာသတင်းဌာနက အောက်တိုဘာ ၁၄ ရက်တွင် ဖော်ပြခဲ့ကြောင်း သိရသည်။

အဆိုပါ အရေးယူပြစ်ဒဏ်ခတ်မှုစနစ်အရ ဟေတီနိုင်ငံ၏ ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့်တည်ငြိမ်ရေးတို့အား ခြိမ်းခြောက်နေသူ မည်သူ့ကိုမဆို ပိုင်ဆိုင်မှုများသိမ်းယူခြင်း၊ ခရီးသွားလာခွင့် ပိတ်ပင်ခြင်း၊ လက်နက်တင်ပို့မှုပိတ်ပင်ခြင်းများ ပြုလုပ်နိုင်မည်ဖြစ်သည်။

ဟေတီနိုင်ငံနှင့်ပတ်သက်၍ ကျင့်သုံးနိုင်မည့် အရေးယူပိတ်ဆို့မှုများဆိုင်ရာ ဆုံးဖြတ်ချက်မူကြမ်းကို အမေရိကန်နိုင်ငံနှင့်မက္ကဆီကိုနိုင်ငံတို့က ပူးတွဲရေးဆွဲထားခြင်းဖြစ်သည်။

အဆိုပါ ဆုံးဖြတ်ချက်မူကြမ်းကို အတည်ပြုနိုင်ခဲ့ပါက ပထမဆုံး အရေးယူ ပိတ်ဆို့ခံရမည့်သူမှာ ဟေတီဒုစရိုက်ခေါင်းဆောင် ဂျင်မီချီရစ်ဇီယာဖြစ်သည်။

ဂျင်မီချီရစ်ဇီယာကို ဟေတီနိုင်ငံ၏ သြဇာအကြီးဆုံး ဒုစရိုက်ခေါင်းဆောင်တစ်ဦးအဖြစ် လုံခြုံရေးကောင်စီဆုံးဖြတ်ချက်မူကြမ်း၌ ရည်ညွှန်းထားကြောင်း သိရသည်။

KKO

# တူရကီနိုင်ငံ၌ ကျောက်မီးသွေးတွင်းပေါက်ကွဲ လူ ၂၈ ဦးသေဆုံး၍ ၄၉ ဦး ပိတ်မိ

**အင်ကာရာ အောက်တိုဘာ ၁၅**

တူရကီနိုင်ငံ အမ်မာဆရာမြို့၌ အောက်တိုဘာ ၁၄ ရက်က ကျောက်မီးသွေးတွင်း ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လူ ၂၈ ဦးသေဆုံး၍ အများအပြားပိတ်မိနေကြောင်း စကိုင်းနယူးစ်သတင်းဌာနက ဖော်ပြခဲ့သည်။

နိုင်ငံပိုင်ကုမ္ပဏီတစ်ခုက စီမံခန့်ခွဲသည့် အဆိုပါကျောက်မီးသွေးတွင်းပေါက်ကွဲမှုသည် အောက်တိုဘာ ၁၄ ရက် ညပိုင်းတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး မီးလောင်လွယ်သော ဓာတ်ငွေ့များ စိမ့်ထွက်မှုကြောင့် ပေါက်ကွဲခဲ့ခြင်း ဖြစ်နိုင်ကြောင်း တူရကီတာဝန်ရှိသူများက ပြောကြားခဲ့သည်။

တူရကီပြည်တွင်းမီဒီယာများ၏ အဆိုအရပေါက်ကွဲမှုဖြစ်ပွားချိန်တွင် ကျောက်မီးသွေးတွင်း မြေအောက်၌ အလုပ်သမားဦးရေ ၁၁၀ ထိရှိနေကြောင်း သိရသည်။

ပေါက်ကွဲမှုဖြစ်ပွားပြီးချိန်တွင် ရှာဖွေကယ်ဆယ်ရေးသမားများက ပိတ်မိနေသူအများအပြားကို ကယ်ထုတ်နိုင်ခဲ့သော်လည်း အန္တရာယ်များသည့် နေရာတစ်နေရာ၌ အလုပ်သမား ၄၉ ဦး ပိတ်မိနေဆဲဖြစ်ကြောင်း တူရကီတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ကျောက်မီးသွေးတွင်း ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် တူရကီသမ္မတ အာဒိုဂန်သည် တူရကီအရှေ့တောင်ပိုင်းခရီးစဉ်ကို ဖျက်သိမ်း၍ အမ်မာဆရာမြို့သို့ သွားရောက်မည်ဖြစ်သည်။

ထို့ပြင် ပိတ်မိနေသည့် အလုပ်သမားများကိုကယ်ထုတ်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ရာတွင် သမ္မတအာဒိုဂန်ကိုယ်တိုင် ပါဝင်မည်ဖြစ်ကြောင်း တူရကီအစိုးရက သတင်းထုတ်ပြန်ထားသည်။ KKO



# ဂျီ-၂၀ ထိပ်သီးညီလာခံ၌ သမ္မတဂျိုးဘိုင်ဒင်နှင့် တွေ့ဆုံရန်မလိုအပ်ကြောင်း ရုရှားသမ္မတပူတင် ပြောကြား




**အက်စ်တာနာ အောက်တိုဘာ ၁၅**

ဂျီ-၂၀ ထိပ်သီးညီလာခံ၌ အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့် တွေ့ဆုံဆွေးနွေးရန်မလိုအပ်ကြောင်း ရုရှားသမ္မတ ပူတင်က အောက်တိုဘာ ၁၄ ရက်တွင် ပြောကြားလိုက်သည်။

ကာဇက်စတန်နိုင်ငံ အက်စ်တာနာမြို့၌ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် သမ္မတပူတင်က အဆိုပါအတိုင်းပြောကြားခဲ့ခြင်းဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

မိမိအနေဖြင့် ဂျီ-၂၀ ထိပ်သီးညီလာခံ၌ အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့်တွေ့ဆုံရန် မလိုအပ်ဟု ရှုမြင်ထားကြောင်း သမ္မတပူတင်က သတင်းထောက်များနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

ထို့ပြင် ၎င်းအနေဖြင့် ဂျီ-၂၀ ထိပ်သီးညီလာခံသို့ တက်ရောက်ရေးအတွက် အပြီးသတ်ဆုံးဖြတ်ရသေးခြင်းမရှိကြောင်း သမ္မတပူတင်က ပြောကြားခဲ့သည်။

ယခုနှစ် ဂျီ-၂၀ ထိပ်သီးညီလာခံကို အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ လာမည့်နိုဝင်ဘာလအတွင်း ကျင်းပမည်ဖြစ်ပြီး အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့် ရုရှားသမ္မတပူတင်တို့ နှစ်ဦးစလုံးကို ဂျီ-၂၀အလှည့်ကျဥက္ကဋ္ဌ အင်ဒိုနီးရှားနိုင်ငံက ဖိတ်ကြားထားကြောင်း သိရသည်။

အဆိုပါ ထိပ်သီးညီလာခံ၌ သမ္မတ ဂျိုးဘိုင်ဒင်အနေဖြင့် ရုရှားသမ္မတ ပူတင်နှင့်တွေ့ဆုံဆွေးနွေးမည်မဟုတ်ကြောင်း အမေရိကန်အစိုးရ တာဝန်ရှိသူများကလည်း ပြောကြားထားသည်။

KKO

# နျူကလီးယားစွမ်းအင်သုံးရေငုပ်သင်္ဘောမှတစ်ဆင့် ဒုံးကျည်စမ်းသပ်ပစ်လွှတ်မှု အိန္ဒိယနိုင်ငံ အောင်မြင်စွာပြုလုပ်နိုင်ခဲ့

**ဒေလီ အောက်တိုဘာ ၁၅**

အိန္ဒိယနိုင်ငံသည် အောက်တိုဘာ ၁၄ ရက်တွင် နျူကလီးယားစွမ်းအင်သုံးရေငုပ်သင်္ဘောပေါ်မှတစ်ဆင့် တိုက်ချင်းပစ်ဒုံးကျည်စမ်းသပ်ပစ်လွှတ်မှုကိုအောင်မြင်စွာ ပြုလုပ်နိုင်ခဲ့ကြောင်း အေအက်ဖ်ပီသတင်းဌာနက ဖော်ပြခဲ့သည်။



အိန္ဒိယနိုင်ငံသည် အဆိုပါ ဒုံးကျည်စမ်းသပ်မှုကို ဘင်္ဂလားပင်လယ်အော်ဒေသ၌ ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး အိုင်အင်န်အက်စ်အာရီဟန့်အမည်ရှိ နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောမှတစ်ဆင့် ပစ်လွှတ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ရေငုပ်သင်္ဘောသည် အိန္ဒိယနိုင်ငံ၏ ပထမဆုံးပြည်တွင်းထုတ် နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောဖြစ်သည်။

ရေငုပ်သင်္ဘောမှတစ်ဆင့်ဒုံးကျည်ပစ်လွှတ်မှုအောင်မြင်ခဲ့ခြင်းကြောင့် အိန္ဒိယနိုင်ငံသည် အမေရိကန်၊ ရုရှား၊ တရုတ်၊ ပြင်သစ်၊ ဗြိတိန်တို့နှင့်အတူ မြေပြင်၊ဝေဟင်၊ရေပြင် နျူကလီးယား တိုက်ခိုက်မှုနှင့် တန်ပြန်တိုက်ခိုက်မှုပြုလုပ်နိုင်သော နိုင်ငံများစာရင်းတွင် ပါဝင်လာပြီဖြစ်သည်။

အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်၌ စစ်လက်နက် ဝယ်ယူတင်သွင်းမှု အများဆုံးနိုင်ငံများထဲတွင် ပါဝင်ပြီး စစ်လက်နက်များအတွက် ရုရှားနိုင်ငံကို အဓိကအားပြုနေရသည်။

သို့သော် အိန္ဒိယနိုင်ငံသည် ကိုယ်ပိုင်စစ်လက်နက် ပစ္စည်းများကိုလည်း တည်ဆောက်ရန် ကြိုးစားလျက်ရှိရာ အိုင်အင်န်အက်စ်ဗီကရန့်အမည်ရှိ ပြည်တွင်းဖြစ် လေယာဉ်တင်သင်္ဘောကို ပြီးခဲ့သည့်လအတွင်း တပ်တော်သွင်းနိုင်ခဲ့ကြောင်း သိရသည်။

KKO

# နော့ဒ်စထရမ်း သဘာဝဓာတ်ငွေ့ပိုက်လိုင်းစနစ်ပြဿနာ ပူးတွဲစုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းရေးအစီအစဉ်ကို ဆွီဒင်ငြင်းပယ်

**စတော့ဟုမ်း အောက်တိုဘာ ၁၅**

နော့ဒ်စထရမ်းသဘာဝဓာတ်ငွေ့ပိုက်လိုင်းစနစ် ယိုစိမ့်မှုပြဿနာနှင့်ပတ်သက်၍ ဒိန်းမတ်၊ ဂျာမနီနိုင်ငံတို့နှင့် တရားဝင်ပူးတွဲစုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းရေးအစီအစဉ်ကို ဆွီဒင်နိုင်ငံက ငြင်းပယ်ထားကြောင်း ရိုက်တာသတင်းဌာနက အောက်တိုဘာ ၁၄ ရက်တွင် ဖော်ပြခဲ့သည်။

ဆွီဒင်နိုင်ငံအနေဖြင့် နော့ဒ်စထရမ်းပိုက်လိုင်းစနစ် ယိုစိမ့်မှုပြဿနာများအတွက် ဒိန်းမတ်၊ ဂျာမနီတို့နှင့် ပူးပေါင်းဆောင်ရွက်နေကြောင်း ဆွီဒင်အစိုးရတာဝန်ရှိသူများက ပြောကြားထားကြောင်း သိရသည်။

သို့သော်နော့ဒ်စထရမ်းပိုက်လိုင်း ယိုစိမ့်မှုပြဿနာနှင့် ပတ်သက်၍ တရားဝင်ပူးတွဲ စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းရေးအဆိုပြုချက်ကို ဆွီဒင်နိုင်ငံက ငြင်းပယ်ထားကြောင်း သိရသည်။

ဆွီဒင်နိုင်ငံသည် အမျိုးသားလုံခြုံရေးစည်းမျဉ်းများအရ ပူးတွဲစုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းရေးအဆိုကို ငြင်းပယ်ထားခြင်းဖြစ်သည်။

ပူးတွဲ စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းပါက ဆွီဒင်နိုင်ငံကလျှို့ဝှက်ချက်အဖြစ် သတ်မှတ်ထားသည့် ကိုယ်ပိုင်စုံစမ်းစစ်ဆေးမှု အချက်အလက်များကို မျှဝေပေးရမည်ဖြစ်ရာ ယင်းသို့မျှဝေနိုင်ရန် ဥပဒေရေးရာအရ သဘောတူညီချက်များ လိုလာမည်ဖြစ်ကြောင်း ဆွီဒင် တာဝန်ရှိသူများက ပြောကြားခဲ့သည်။

နော့ဒ်စထရမ်း ပိုက်လိုင်းစနစ် ဓာတ်ငွေ့ယိုစိမ့်မှုကို ဥရောပသမဂ္ဂနိုင်ငံများက အဖျက်အမှောင့် လုပ်ရပ်များကြောင့် ပေါ်ထွက်လာသည့်ယိုစိမ့်မှုများအဖြစ် ယူဆထားကြောင်း သိရသည်။

KKO

## နိုင်ငံတကာ အားကစားသတင်းများ

# ခံစစ်ကစားသမား ရီစီဂျိမ်း ဒူးဒဏ်ရာကြောင့် ကမ္ဘာ့ဖလားပြိုင်ပွဲကို လွဲချော်နိုင်

**လန်ဒန် အောက်တိုဘာ ၁၅**

ပြီးခဲ့သည့် အောက်တိုဘာ ၁၂ ရက်က ကစားခဲ့သည့် အေစီမီလန်အသင်းနှင့် ချန်ပီယံလိဂ်ပွဲစဉ်တွင် ဒူးဒဏ်ရာရရှိခဲ့သည့် ခံစစ်ကစားသမားရီစီဂျိမ်းအနေဖြင့် ရက်သတ္တခြောက်ပတ်မှ ရှစ်ပတ်ခန့်အနားယူရမည်ဖြစ်သောကြောင့် ချဲလ်ဆီးအသင်း၏ပွဲစဉ်များနှင့် အင်္ဂလန်အသင်းနှင့်ကစားရမည့် ကမ္ဘာ့ဖလားပွဲစဉ်များကိုပါ လွဲချော်နိုင်ကြောင်း ချဲလ်ဆီးအသင်းက ထုတ်ပြန်ခဲ့သည်ဟု Fotmob.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အေစီမီလန်အသင်းနှင့် ပွဲစဉ်တွင် ရီစီဂျိမ်းသည် ခြေစွမ်းပြကစားနိုင်ခဲ့သော်လည်း ပွဲကစားချိန် ၆၂ မိနစ်တွင် ဒူးဒဏ်ရာရရှိခဲ့သောကြောင့် အက်ပီလီကျူတာနှင့် လူစားလဲခဲ့ရပြီး ယခုအခါဒဏ်ရာအခြေအနေမှာ အရှုတ်ထိခိုက်မှုရှိနေသဖြင့် ဆက်လက်စောင့်ကြည့်ရမည်ဖြစ်ပြီး ရက်သတ္တခြောက်ပတ်မှ ရှစ်ပတ်ထိ အနားယူရမည်ဖြစ်သောကြောင့် ချဲလ်ဆီးအသင်းပွဲစဉ်အပါအဝင် လာမည့် ကမ္ဘာ့ဖလားပြိုင်ပွဲကိုလည်း လွဲချော်မည်ဖြစ်သည်။

အသင်းနည်းပြ ဂရာဟမ်ပေါ်တာက "ရီစီဂျိမ်းရဲ့ဒဏ်ရာအခြေအနေနဲ့ပတ်သက်လို့ သူနဲ့စကားပြောဖြစ်တဲ့အချိန်မှာ သူ့ဒဏ်ရာကသိပ်မပြင်းထန်ဘူးလို့ ပြောပါတယ်။ ဒါပေမဲ့ လိုအပ်တဲ့စစ်ဆေးမှုတွေတော့ လုပ်ရမှာပါ။ သူဟာ အသင်းမှာခြေစွမ်းပြနေတဲ့ ကစားသမားတစ်ယောက်ဖြစ်လို့ သူမပါနိုင်တဲ့ ကျွန်တော်တို့အသင်းအတွက် ထိုးနှက်ချက်တစ်ခုပါ"ဟု ပွဲကြိုသတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့ကြောင်း သိရသည်။ ML



# လူငယ်အကောင်းဆုံးကစားသမားဆုအတွက် ဆန်ခါတင်ကစားသမားဦးရေ ၂၀ စာရင်း ထုတ်ပြန်

**ရောမ အောက်တိုဘာ ၁၅**



အီတလီနိုင်ငံအခြေစိုက် နာမည်ကြီး အားကစားသတင်းစာဖြစ်သည့် Tutto Sports က ရွေးချယ်ချီးမြှင့်ပေးအပ်သည့် ကမ္ဘာ့လူငယ်အကောင်းဆုံး ကစားသမားဆု (Golden Boy Award) အတွက် ဆန်ခါတင်ကစားသမား ဦးရေ ၂၀ ကို ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

ကမ္ဘာ့ လူငယ်အကောင်းဆုံး ကစားသမားဆု (Golden Boy Award) ကို ကမ္ဘာတစ်ဝန်းမှ အသက် ၂၁ နှစ်အောက် ကစားသမားများမှ စိစစ်ရွေးချယ်ချီးမြှင့်ပေးအပ်ခဲ့ခြင်းဖြစ်ပြီး အဆိုပါဆုကို ၂၀၀၃ ခုနှစ်က စတင်ရွေးချယ်ပေးအပ်ခဲ့ခြင်းဖြစ်ကာ ကမ္ဘာ့ထိပ်တန်းကစားသမားများဖြစ်သည့် ရွန်းနီ၊ မက်ဆီ၊ ဟာဖရီဂတ်စ်၊ အဂူရို၊ ပေါ့ဂ်ဘာ၊ ဟာလန်းအစရှိသည့် ကစားသမားများကလည်း ဆွတ်ခူးခဲ့ကြသည့်ဆုဖြစ်သည်။

ကမ္ဘာ့ လူငယ်အကောင်းဆုံး ကစားသမားဆု (Golden Boy Award) သည် ကမ္ဘာတစ်ဝန်းရှိ လူငယ် ကစားသမားများအတွက် ဂုဏ်သိက္ခာအရှိဆုံး တစ်ဦးချင်းဆုတံဆိပ်ဖြစ်ပြီး ပထမဆုံးအကြိမ်ပေးအပ်ခဲ့သည့် ၂၀၀၃ ခုနှစ်တွင် အေဂျက်အသင်းနှင့်အတူ ဗန်ဒါဗက်က ရရှိခဲ့ပြီး နောက်ဆုံးအကြိမ်ပေးအပ်ထားသည့် ၂၀၂၁ ခုနှစ်တွင် ဘာစီလိုနာအသင်းမှ ပက်ဒရီက ရရှိထားခြင်းဖြစ်သည်။

၂၀၂၂ ခုနှစ် ကမ္ဘာ့လူငယ်အကောင်းဆုံး ကစားသမားဆု (Golden Boy Award) အတွက် ဆန်ခါတင်ကစားသမား ဦးရေ ၂၀ စာရင်းတွင် ဒေါ့မွန်အသင်းမှ အဒီရီမီ၊ ဘယ်လင်ဟမ်၊ ဘင်ဖီကာအသင်းမှ ဆေးလ်ဗား၊ ရီးရဲလ် မက်ဒရစ်အသင်းမှ ကာမာဗင်ဂါ၊ လီဗာပူးအသင်းမှ ကာဗယ်ဟို၊ ဘာစီလိုနာအသင်းမှ ဖာတီ၊ ဂါဗီ၊ ပက်ဒရီ၊ လိဒ်အသင်းမှ ဝယ်ဖရိုက်၊ ဘိုင်ယန်မြူးနစ်အသင်းမှ ဂရာဗန်ဘက်ချ်၊ မူဆီလာ၊ မာသီတဲလ်၊ လိုက်ပ်ဇစ်အသင်းမှ ဂါဗာဒီဝိုး၊ ဂျူဗင်တပ်အသင်းမှ မီရက်တီ၊ ဗလင်စီယာအသင်းမှနီကို၊ ပီအက်စ်ဂျီအသင်းမှ မန်ဒက်၊ အတ္တလန္တာအသင်းမှ စကာဗီနီ၊ ဆဲလ်ဘတ်အသင်းမှ ဆက်ကို၊ အူဒီးနီးစ်အသင်းမှ အူဒိုဂျီနှင့် ရိုးမားအသင်းမှ ဇယ်လယ်စကီးတို့ပါဝင်ခဲ့ကြပြီး ကာမာဗင်ဂါနှင့် ဘယ်လင်ဟမ်တို့က ထိပ်ဆုံးမှ ရေပန်းစားလျက်ရှိနေကြောင်း သိရသည်။ STA

# ပရီးမီးယားလိဂ်ပြိုင်ပွဲ အကောင်းဆုံးနည်းပြ ၁၀ ဦးစာရင်းတွင် အာဆင်နယ်အသင်းနည်းပြ အာတီတာ ပါဝင်လာ

**ဝါရှင်တန် အောက်တိုဘာ ၁၅**

အာဆင်နယ်အသင်း နည်းပြအာတီတာသည် ယခုနှစ်ဘောလုံးရာသီတွင် စွမ်းဆောင်ရည်ကောင်းများ ရရှိအောင်စွမ်းဆောင်နိုင်ခဲ့ပြီး ပရီးမီးယားလိဂ်ပြိုင်ပွဲ စွမ်းဆောင်ရည်အကောင်းဆုံးနည်းပြ ၁၀ ဦးစာရင်းတွင် စတင်ပါဝင်လာခဲ့သည်ဟု The Athletic သတင်းဌာနက ယနေ့တွင်ဖော်ပြခဲ့ကြောင်း သိရသည်။

အသက် ၄၀ နှစ်ရှိ အာတီတာသည် အာဆင်နယ်အသင်းကို ၂၀၁၉ ခုနှစ်က စတင်တာဝန်ယူကိုင်တွယ်ခဲ့ပြီး အသင်းနှင့် ပထမဆုံးဘောလုံးရာသီတွင် အက်ဖ်အေဖလား ဆွတ်ခူးနိုင်ခဲ့သော်လည်း ရာသီပြီးဆုံးချိန်တွင် အဆင့်(၈)နေရာတွင်သာ ရရှိခဲ့ကာ ပြီးခဲ့သည့် ဘောလုံးရာသီကလည်း ချန်ပီယံလိဂ် ဝင်ခွင့်ရရှိရန် နီးစပ်ခဲ့ခြင်းဖြစ်သည်။

ယခုနှစ် ဘောလုံးရာသီတွင် နည်းပြအာတီတာသည် အာဆင်နယ်အသင်းကို ရလဒ်ကောင်းများ ဆက်တိုက်ရရှိအောင် စွမ်းဆောင်ထားပြီး ပရီးမီးယားလိဂ်ကိုးပွဲကစားပြီးချိန်တွင် မန်ယူအသင်းတစ်သင်းတည်းကိုသာရှုံးနိမ့်ခဲ့ကာ ကျန်ပွဲစဉ်အားလုံးကို အနိုင်ရရှိအောင် စွမ်းဆောင်ပေးထားခြင်းဖြစ်သည်။

နည်းပြအာတီတာသည် အာဆင်နယ်အသင်းကို ၁၀၄ ပွဲ တာဝန်ယူကိုင်တွယ်ခဲ့ရာတွင် တစ်ပွဲပျမ်းမျှ ၁ ဒသမ ၈ မှတ်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီး အကောင်းဆုံးနည်းပြ ၁၀ ဦးစာရင်း၌ ပါဝင်လာခဲ့ခြင်းဖြစ်သည်။

အဆိုပါ နည်းပြ ၁၀ ဦးစာရင်းတွင် မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာက တစ်ပွဲပျမ်းမျှ ရမှတ် ၂ ဒသမ ၃၆ မှတ်ဖြင့် ထိပ်ဆုံးတွင် ရပ်တည်နိုင်ခဲ့ပြီး ၎င်း၏နောက်တွင် မန်ယူအသင်း ဂန္တဝင်နည်းပြကြီး ဖာဂူဆန်က ၂ ဒသမ ၁၆ မှတ်ဖြင့် အဆင့်(၂)၊ နည်းပြကလော့ပ်က ၂ ဒသမ ၁၃ မှတ်ဖြင့် အဆင့်(၃)၊ နည်းပြကွန်တီက အဆင့် (၄)၊ နည်းပြမန်စီနီက အဆင့်(၅)၊ နည်းပြမော်ရင်ဟိုက အဆင့်(၆)၊ နည်းပြအာစင်ဝင်းဂါးက အဆင့်(၇)၊ နည်းပြတူချယ်က အဆင့်(၈)၊ နည်းပြအန်ဆယ်လော့တီက အဆင့်(၉)၊ နည်းပြအာတီတာက အဆင့်(၁၀)ဖြင့် အစဉ်လိုက်ရပ်တည်နေကြောင်း သိရသည်။ STA

## စပိန်လာလီဂါ ပွဲစဉ် (၉) ပွဲကြိုသုံးသပ်ချက်

S T A

ဗီလာရီးရဲလ် Vs အိုဆာဆူနာ

**ကစားမည့်ရက်/အချိန် ၁၈-၁၀-၂၀၂၂ (နံနက် ၀၁:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**အိုဆာဆူနာ ၁ - ၀ ဗီလာရီးရဲလ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

**ဗီလာရီးရဲလ် - အိမ်(နိုင်) ဧး(ရှုံး) ဧး(နိုင်)**

**အိုဆာဆူနာ - ဧး(နိုင်) ဧး(သရေ) အိမ်(ရှုံး)**

လိဂ်သုံးပွဲဆက်နိုင်ပွဲပျောက်ဆုံးထားတဲ့ အိုဆာဆူနာအသင်းအတွက် အခုအဝေးကွင်းပွဲစဉ်မှာလဲ ရှုန်းကန်ရဖို့ရှိနေပါတယ်။ ဗီလာရီးရဲလ်အသင်းကတော့ အိမ်ကွင်းကစားပုံကောင်းမွန်တဲ့အသင်းဖြစ်လို့ အိုဆာဆူနာအသင်းကို အကောင်းဆုံးဖိအားပေးကစားနိုင်မှာပါ။ ဒါကြောင့် ဒီပွဲမှာ ခြေစွမ်းပိုင်းအသာစီးမှာရှိတဲ့ ဗီလာရီးရဲလ်အသင်းပဲ အနိုင်ရယူသွားမှာပါ။

**အင်တာနက်ခန့်မှန်း - ဗီလာရီးရဲလ် ၂ - ၀ အိုဆာဆူနာ**

# ဆန်ဒီယေဂိုအိုးပင်းတင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ စဝီယာတက်ခ် တက်ရောက်

**ဝါရှင်တန် အောက်တိုဘာ ၁၅**

အမေရိကန်နိုင်ငံ၌ ကျင်းပနေသည့် ဆန်ဒီယေဂိုအိုးပင်းတင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်တစ်ပွဲအဖြစ် ကမ္ဘာ့အဆင့်(၁) တင်းနစ်မယ် စဝီယာတက်ခ်နှင့် အမေရိကန်တင်းနစ်မယ်ကိုကိုးဂေါ့ဖ်တို့ယှဉ်ပြိုင်ကစားခဲ့ရာ စဝီယာတက်ခ်က (၆-၀၊၆-၃) ရလဒ်ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း AP သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ပိုလန်တင်းနစ်မယ် စဝီယာတက်ခ်အတွက် ခက်ခဲမည့်ပွဲစဉ်တစ်ပွဲအဖြစ် ထင်ကြေးပေးထားသော်လည်း စဝီယာတက်ခ်သည် နိုင်ခြေအဆင့်(၆)အဖြစ် သတ်မှတ်ခံထားရသူ ကိုကိုးဂေါ့ဖ်ကို ဖိအားမရှိဘဲ အနိုင်ရခဲ့သကဲ့သို့ ပြတ်သားသည့်ရလဒ်များဖြင့် အနိုင်ရခဲ့ခြင်းလည်း ဖြစ်သည်။

ကိုကိုးဂေါ့ဖ်သည် စဝီယာတက်ခ်နှင့် ယှဉ်ပြိုင်ကစားခဲ့ရသည့်အတွက် ဖိအားအနည်းငယ် ရှိနေသကဲ့သို့ Double Fault များကျူးလွန်ကာ ရမှတ်များ အလွယ်တကူဆုံးရှုံးခဲ့ရသည်။

စဝီယာတက်ခ်ကလည်း ကိုကိုးဂေါ့ဖ် ဖိအားဝင်နေသည်ကို အခွင့်ကောင်းရယူပြီး ရရှိလာသည့်အခွင့်အရေးတိုင်းကို အကောင်းဆုံးအသုံးချနိုင်ခဲ့သည်။



စဝီယာတက်ခ်က "ကိုကိုးဂေါ့ဖ်နဲ့ပွဲစဉ်အတွက် သေချာပြင်ဆင်ခဲ့ပါတယ်။ အနိုင်အရှုံးရလဒ်ထက် ပွဲငယ်တစ်ပွဲချင်းစီပေါ်မှာ သေချာအာရုံစိုက်ပြီး ကစားခဲ့တယ်။ အကောင်းဆုံးပုံစံရခဲ့သလို ရလဒ်ကောင်းတွေနဲ့အနိုင်ရခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်။ ဒီပွဲစဉ်ဟာ ဒီနှစ်အတွင်းကစားခဲ့တဲ့ ပြိုင်ပွဲတွေမှာ ပထမပွဲငယ်ကနေ ပွဲပြီးဆုံးသည်ထိ တစ်ဖက်ကစားသမားကို ဖိအားပေးနိုင်ခဲ့တဲ့ ပွဲစဉ်တွေထဲက တစ်ပွဲပါပဲ။ နောက်တစ်ဆင့်မှာတော့ ပယ်ကူလာနဲ့ ကစားရမယ်။ ဒီပွဲစဉ်ကလဲ ခက်ခဲတဲ့ ပွဲစဉ်တစ်ပွဲဖြစ်လာပါလိမ့်မယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL

## အားကစားသတင်း အတိုအထွာများ

- ပီအက်စ်ဂျီအသင်းက တိုက်စစ်မှူး မက်ဆီ၏နေရာတွင် အစားထိုးရန်အတွက် အေဗီကိုအသင်းမှ ထွက်ခွာရန် ဆန္ဒရှိနေသည့် ဂျာအိုဖီးလစ်ကို ခေါ်ယူရန် ဆုံးဖြတ်ထားကြောင်း သိရသည်။
- နယူးကာဆယ်အသင်းက ကွင်းလယ်ကစားသမားဂူမာရေ့စ်ကို ယခုနှစ်ဘောလုံးရာသီမကုန်မီ စာချုပ်သစ်ချုပ်ဆိုသွားမည်ဟု ထုတ်ပြန်ကြေညာခဲ့သည်။ ML

## ရီးရဲလ်မက်ဒရစ်အသင်းမှ ခံစစ်ကစားသမား အယ်ဖွန်ဆိုဒေးဗစ်ကို ခေါ်ယူရန်ပစ်မှတ်ထား



**မက်ဒရစ် အောက်တိုဘာ ၁၅**

ရီးရဲလ်မက်ဒရစ်အသင်းသည် ခံစစ်ပိုင်း အင်အားဖြည့်တင်းရန် အတွက် ဘိုင်ယန်မြူးနစ်အသင်းမှ ဘယ်တောင်ပံ ခံစစ်ကစားသမား အယ်ဖွန်ဆိုဒေးဗစ်ကို ခေါ်ယူရန် ပစ်မှတ်ထားနေကြောင်း Goal. com က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၁ နှစ်ရှိ အယ်ဖွန်ဆို ဒေးဗစ်သည် ပြီးခဲ့သည့် ဘောလုံး ရာသီက နှလုံးရောဂါပြဿနာ ကြောင့် လေးလခန့် အနားယူခဲ့ရသဖြင့် ကစားသမားဘဝ ရှေ့ဆက်ရန် အခက်အခဲနှင့် ရင်ဆိုင်ခဲ့ရပြီး နောက် စစ်ဆေးမှုများထပ်မံပြုလုပ်ခဲ့ရာ ကိုဗစ်-၁၉ ကူးစက်ခံရမှု ကြောင့် နောက်ဆက်တွဲဆိုးကျိုး များဖြစ်ပွား၍ နှလုံးထိခိုက်မှု ဖြစ်ကြောင်း သိရှိခဲ့ရပြီး ဘောလုံး ပြန်လည်ကစားခွင့် ရရှိခဲ့ကြောင်း သိရသည်။

၎င်းသည် နှလုံးရောဂါကြောင့် ပြီးခဲ့သည့်နှစ် ဒီဇင်ဘာ ၁၅ ရက်မှ ဧပြီလအစပိုင်းထိ အသင်း၏ပွဲစဉ် များကို လွဲချော်ခဲ့သည့်အပြင် ကနေဒါအသင်းနှင့် ကစားရမည့် ကွန်ကာကပ်ဖလား ပြိုင်ပွဲကိုလည်း ပါဝင်နိုင်ခဲ့ခြင်းမရှိသော်လည်း ယခုနှစ်ဘောလုံးရာသီတွင် နည်းပြနာဂျယ်စမန်း လက်အောက်တွင် ပုံစံကောင်းပြသနိုင်ခဲ့ကာ ပြိုင်ပွဲစုံတွင် အဓိက ပွဲထွက်ကစားသမား အဖြစ်ပါဝင်နေသောကြောင့်ရီးရဲလ် မက်ဒရစ်အသင်းက အနာဂတ် စီမံကိန်းအတွက် ကာလရှည်စာချုပ် ဖြင့်ခေါ်ယူရန် ကြိုးပမ်းနေခြင်းဖြစ် ကြောင်း သိရသည်။

ML

## လိုက်ဝယ်သာဝိတ်တန်းများချန်ပီယံ ဂျိုရှုတေလာ နည်းပြဖြစ်သူ ဘင်ဒါဗီဆင်နှင့် လမ်းခွဲလိုက်ပြီဖြစ်

**အိဒင်ဘာ့ဂ် အောက်တိုဘာ ၁၅**

လိုက်ဝယ်သာဝိတ်တန်းတွင် ပြိုင်ဘက်ကင်း လက်ဝှေ့သမား အဖြစ် သတ်မှတ်ခံထားရသည့် WBA (Super)၊ WBC၊ IBF၊ WBO လိုက်ဝယ်သာဝိတ်တန်း ချန်ပီယံ စကော့တလန်လက်ဝှေ့ သမားဂျိုရှုတေလာသည် နည်းပြ ဖြစ်သူ ဗြိတိန်နိုင်ငံသား ဘင်ဒါဗီ ဆင်နှင့် လမ်းခွဲလိုက်ပြီဖြစ်ကြောင်း အတည်ပြုခဲ့သည်ဟု Boxing-scene သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျိုရှုတေလာသည် နည်းပြဖြစ် သူဘင်ဒါဗီဆင်နှင့် ၂၀၂၀ ပြည့်နှစ် တွင် လက်တွဲခဲ့ပြီး မည်သည့်ကိစ္စ ကြောင့် လမ်းခွဲခဲ့သည်ကို ထုတ်ပြန် ခဲ့ခြင်းမရှိကြောင်း သိရသည်။

ဘင်ဒါဗီဆင်နှင့် လက်တွဲ အလုပ်လုပ်ခဲ့သည့် ကာလတစ် လျှောက် ဂျိုရှုတေလာသည် စိန် ခေါ်ပွဲသုံးပွဲထိုးသတ်ခဲ့ပြီး သုံးပွဲ စလုံး အနိုင်ရလဒ်ကို ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည်။

ဂျိုရှုတေလာသည် ဘင်ဒါဗီဆင် နှင့်လမ်းခွဲခဲ့ပြီးနောက် ဗြိတိန်နိုင်ငံ သားတစ်ဦးပင်ဖြစ်သည့် ဂျိုးမက် နယ်လီကို နည်းပြအဖြစ် ခန့်အပ် လိုက်ပြီဖြစ်ကြောင်း ထုတ်ပြန် ကြေညာခဲ့သည်။

ဂျိုရှုတေလာက "နည်းပြသစ် အဖြစ် ဂျိုးမက်နယ်လီနဲ့ လက်တွဲ အလုပ်လုပ်သွားမှာ ဖြစ်ပါတယ်။ နည်းပြသစ်နဲ့အတူ အောင်မြင်မှု တွေ ဆက်လက်ရယူနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ ဂျိုးမက်နယ်လီ ဟာ နည်းပြလောကမှာနာမည်ရှိတဲ့ နည်းပြတစ်ယောက်ဖြစ်သလို လက် ဝှေ့သမားကောင်းတွေကိုလဲ နည်းပြ အဖြစ် တာဝန်ယူပေးခဲ့ဖူးသူဖြစ်ပါ တယ်။ နည်းပြအတွေ့အကြုံလဲရှိ တယ်။ ဂျိုးမက်နယ်လီနဲ့ လက်တွဲ အလုပ်လုပ်ခွင့်ရတော့မှာ ဖြစ်တဲ့ အတွက် ဝမ်းသာဂုဏ်ယူပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

## အေဗီလာအသင်းက ကွင်းလယ်ကစားသမား ဒေါက်ကလပ်လူးဝစ်ကို ၂၀၂၆ ခုနှစ်ထိ သက်တမ်းတိုးစာချုပ်ချုပ်ဆို

**လန်ဒန် အောက်တိုဘာ ၁၅**

အေဗီလာအသင်းက အသင်း မှ အဓိကကွင်းလယ်ကစားသမား တစ်ဦးဖြစ်သည့် ဒေါက်ကလပ် လူးဝစ်ကို ၂၀၂၆ ခုနှစ်ထိ ကာလ ရှည် သက်တမ်းတိုးစာချုပ်ချုပ်ဆိုခဲ့ သည်ဟု Bleacher Report Football သတင်းဌာနက ယနေ့ တွင် ဖော်ပြခဲ့သည်။

အသက် ၂၄နှစ်ရှိ ဒေါက်ကလပ် လူးဝစ်သည် ပြီးခဲ့သည့် ၂၀၁၉ ခုနှစ် က မန်စီးတီးအသင်းမှ အေဗီလာ အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူ ဖြစ်ပြီး ၎င်းအနေဖြင့် မန်စီးတီး အသင်းတွင် ပုံမှန်ပွဲထွက်ခွင့်မရရှိခဲ့ သော်လည်း အေဗီလာအသင်းတွင် အဓိက ကစားသမားများအဖြစ် ခြေစွမ်းပြသလျက်ရှိနေပြီး ပုံမှန် ပွဲထွက်ခွင့်ရရှိနေသူဖြစ်သည်။

ဒေါက်ကလပ်လူးဝစ်နှင့် အေဗီ လာအသင်းတို့ ယခင်ကချုပ်ဆိုထား သည့် စာချုပ်မှာ ၂၀၂၃ ခုနှစ်တွင် ကုန်ဆုံးမည်ဖြစ်သောကြောင့် အေဗီ လာအသင်းက ယခုအခါ ၂၀၂၆ ခုနှစ်ထိ သုံးနှစ် ထပ်မံသက်တမ်းတိုး စာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။




ပြီးခဲ့သည့် ဘောလုံးရာသီက အေဗီလာအသင်းနှင့်အကောင်းဆုံး ခြေစွမ်းပြသလျက်ရှိနေသည့်ဒေါက် ကလပ်လူးဝစ်ကို အာဆင်နယ် အသင်းက နွေရာသီကစားသမား အပြောင်းအရွှေ့ကာလတွင် သုံး ကြိမ်ထိ တရားဝင်ကမ်းလှမ်းမှုများ ပြုလုပ်ခဲ့ပြီး အပြောင်းအရွှေ့ကာလ နောက်ဆုံးရက်ထိ ခေါ်ယူရန် ကြိုးပမ်းခဲ့သော်လည်း အေဗီလာ အသင်းက ပယ်ချခဲ့ခြင်းဖြစ်ပြီး ယခုအခါ ၂၀၂၆ ခုနှစ်ထိ စာချုပ် သစ် ချုပ်ဆိုနိုင်ခဲ့သည့်အတွက် ၎င်း ၏ အပြောင်းအရွှေ့သတင်းများ မှာ အဆုံးသတ်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

STA

## Zozo Championship ပြိုင်ပွဲ အမှတ်ပေးဇယားကို ရစ်ကီဖောင်လာ ဦးဆောင်

**တိုကျို အောက်တိုဘာ ၁၅**

ဂျပန်နိုင်ငံ၌ ကျင်းပနေသည့် Zozo Championshipဂေါက်သီး ရိုက်ပြိုင်ပွဲ တတိယနေ့အပြီးတွင် အမေရိကန် ဂေါက်သီးရိုက်ကစား သမားရစ်ကီဖောင်လာက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၄ ချက် လျှော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း Sportsnaut သတင်းဌာနက ယနေ့တွင် ဖော်ပြ ခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက် ကစားသမားများဖြစ်သည့် ဘရက် ဒလေက စုစုပေါင်းသတ်မှတ်ရိုက် ချက်ထက် ၁၃ ချက်နှင့် ပွတ်နမ်မှာ စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၂ ချက်တို့ဖြင့် အမှတ်ပေးဇယား ၏ ဒုတိယနှင့် တတိယနေရာတို့ တွင် အသီးသီးရပ်တည်နိုင်ခဲ့သည်။

ရစ်ကီဖောင်လာသည် ၂၀၁၉ ခုနှစ်နောက်ပိုင်း PGA Tour တွင် အောင်မြင်မှုမရသည့် မှတ်တမ်းဆိုး ကို ချေဖျက်နိုင်ရန် ပစ်မှတ်ထားနေ ပြီး နောက်ဆုံးနေ့ ပြီးဆုံးသည်ထိ အမှတ်ပေးဇယားထိပ်တွင် ဆက် လက်ရပ်တည်နိုင်ရန် ပစ်မှတ်ထား နေကြောင်း သိရသည်။

ရစ်ကီဖောင်လာက "ပြီးခဲ့တဲ့ နှစ်တွေဟာ ကျွန်တော့်အတွက် ခက်ခဲတဲ့နှစ်တွေဖြစ်ပါတယ်။ ရလဒ် ကောင်းရဖို့ ကြိုးစားရှုန်းကန်ခဲ့ရပါ တယ်။ ဒါပေမဲ့ ရလဒ်ဆိုးအောက် ကနေ ရုန်းမထွက်နိုင်ခဲ့ဘူး။ ဒီနှစ် အတွင်းမှာတော့ အောင်မြင်မှုလမ်း ကြောင်းပေါ် ပြန်လည်ရောက်ရှိဖို့ အတွက် ပစ်မှတ်ထားခဲ့တယ်။ ဒီနှစ် ကတော့ ရလဒ်ပိုင်းတွေ တိုးတက် လာခဲ့ပါတယ်။ အောင်မြင်မှုမရသေး ပေမဲ့ ရလဒ်ပိုင်းတိုးတက်လာခဲ့တဲ့ အတွက် အားရကျေနပ်မှုရှိခဲ့ပါ တယ်။ ဒါကြောင့် နောက်ဆုံးနေ့မှာ အကောင်းဆုံး ကစားနိုင်အောင် ပြင်ဆင်ထားတယ်"ဟု ပြောကြားခဲ့ ကြောင်း သိရသည်။

AZL



## လာမည့် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ကစားသမားသစ် ထပ်မံခေါ်ယူမည်ဖြစ်ကြောင်း ဘာစီလိုနာဥက္ကဋ္ဌ လာပေါ်တာ ပြောကြား

**ဘာစီလိုနာ အောက်တိုဘာ ၁၅**

ဘာစီလိုနာအသင်းသည် ဝင်ငွေ ထွက်ငွေ မမျှတမှုကြောင့် ဘဏ္ဍာ ရေးအခက်အခဲများနှင့် ကြုံတွေ့နေ ရသော်လည်း လာမည့် ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် ကစား သမားသစ်များ ထပ်မံခေါ်ယူသွား မည်ဟု အသင်းဥက္ကဋ္ဌ လာပေါ်တာ က ပြောကြားခဲ့ကြောင်း Goal. com က ယနေ့တွင် ဖော်ပြခဲ့သည်။

ဘာစီလိုနာအသင်းအနေဖြင့် ပြီးခဲ့သည့် နွေရာသီအပြောင်းအရွှေ့ ကာလကတည်းက ဘဏ္ဍာရေး အခက်အခဲကို ကျော်ဖြတ်ရန် အသင်းပိုင်ဆိုင်မှုများကို ရောင်းချ ခဲ့ပြီး တိုက်စစ်မှူး လီဝမ်ဒေါ့စကီး၊ ရာဖင်ဟာ၊ ခွန်ဒီတို့ကို ခေါ်ယူခဲ့ပြီး နောက် ငွေကြေးအကျပ်အတည်း နှင့် ကြုံတွေ့နေရသော်လည်း ဇန်န ဝါရီ အပြောင်းအရွှေ့ကာလတွင် ကစားသမားသစ်များ ထပ်မံခေါ်ယူ မည်ဟု အသင်းဥက္ကဋ္ဌက ထုတ်ဖော် ပြောကြားခဲ့သည်။

ဘာစီလိုနာဥက္ကဋ္ဌ လာပေါ်တာ က"ကျွန်တော်အပါအဝင် အသင်း နည်းပြနဲ့ အဖွဲ့ဝင်တွေအားလုံးက အသင်းတိုးတက်မှုရှိဖို့အတွက် ရည် ရွယ်ထားပါတယ်။ လက်ရှိအချိန်ထိ တော့ ဘာစီလိုနာအနေနဲ့ လိုအပ် ချက်တွေ ရှိနေဆဲဖြစ်ပါတယ်။ ဒါကြောင့် လာမဲ့အပြောင်းအရွှေ့ မှာ ကစားသမားခေါ်ယူဖို့ စောင့် ကြည့်မှုတွေလုပ်နေတာပါ။ ဆောင်း ရာသီဈေးကွက်မှာတော့ ကစား သမားသစ်တွေ ထပ်မံခေါ်ယူသွား မှာပါ။ တစ်ခါတစ်ရံမှာ အောင်မြင် မှုရဖို့အတွက် ကျွန်တော်တို့အခွင့် အရေးရှိမဲ့ ဘယ်အရာမဆို လုပ် ဆောင်ရမှာပါ"ဟု ပြောကြားခဲ့ ကြောင်း သိရသည်။

ML

**ပရီးမီးယားလိဂ် ပွဲစဉ် (၁၁) ရလဒ်**

| | | | | |
|---|---|---|---|---|
| လက်စတာ | ၀ | - | ၀ | ပဲလေ့စ် |
| ဖူလ်ဟမ် | ၂ | - | ၂ | ဘန်းမောက် |
| ဝုဗ် | ၁ | - | ၀ | နော့တင်ဟမ် |

**စပိန်လာလီဂါ ပွဲစဉ် (၉) ရလဒ်**

| | | | | |
|---|---|---|---|---|
| ဂျီရိုနာ | ၁ | - | ၁ | ကာဒီဇက် |
| ဗလင်စီယာ | ၂ | - | ၂ | အယ်ချီ |

(၀၄၀)

**ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၁၀) ရလဒ်**

| | | | | |
|---|---|---|---|---|
| ဖရန့်ဖတ် | ၅ | - | ၁ | လေဗာကူဆင် |
| စတုဂတ် | ၄ | - | ၁ | ဘိုချန် |
| ဝါဒါဘရီမင် | ၀ | - | ၂ | မိန့်ဇ် |
| ဝုဖ်ဘတ် | ၂ | - | ၂ | ဂလာဘတ် |

**ပြင်သစ်လီဂူး ပွဲစဉ် (၁၁) ရလဒ်**

| | | | | |
|---|---|---|---|---|
| လိုရီယန့် | ၀ | - | ၀ | ရိမ်း |

(၀၄၀)

# ကြိုဆိုပါသည် Naypyitaw State Academy

နွေကုံကော်(မြို့လှ)

ယခုနှစ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်ဖြင့် နေပြည်တော်တွင် Naypyitaw State Academy စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည့်အတွက် များစွာဝမ်းသာပီတိဖြစ်ခဲ့ရပါသည်။ မကြာမီ အချိန်အတွင်း ဖွင့်လှစ်သင်ကြားနိုင်တော့မည်ဖြစ်၍လည်း ထပ်တိုးဝမ်းသာရပြန်သည်။ စာရေးသူအနေဖြင့် ထိုသို့ဝမ်းသာပီတိဖြစ်ရသည့် အကြောင်းရင်းမှာ ယခင်က နေပြည်တော်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်သစ်တောတက္ကသိုလ်များသာရှိခဲ့သဖြင့် လူတိုင်းတက်ရောက်နိုင်ရန်ခဲယဉ်းခဲ့၏။ ယခု တည်ဆောက်နေသည့် Naypyitaw State Academy (NSA) သာ ဖွင့်လှစ်သင်ကြားနိုင်ပြီဆိုပါက နေပြည်တော်ကောင်စီနယ်မြေမှ မိသားစုဝင်အသီးသီး၏ သားသမီးများ ပညာသင်ကြားနိုင်မည့် အခွင့်အလမ်းကောင်းများ ရရှိကြတော့မည်ဖြစ်သည်။

လွန်ခဲ့သောနှစ်များက စာရေးသူတို့ဒေသတွင် တက္ကသိုလ်တက်ခွင့်ရကြသူများသည် အနီးဆုံးတောင်ငူမှ အဝေးဆုံး ပဲခူးထိ သွားရောက်ပညာသင်ကြားကြရသည်။ သစ်တောနှင့်စိုက်ပျိုးရေးတက္ကသိုလ်တက်ရောက်နိုင်သူမှာ အင်မတန်မှ ရှားပါးခဲ့၏။ ဆယ်စုနှစ်တစ်ခုတွင်မှ တစ်ဦးစ၊ နှစ်ဦးစသာ ပေါ်ထွန်းခဲ့သည်။ သွားရောက်ပညာသင်ကြားရေးအတွက် ဘက်စုံမှကုန်ကျသည့် စရိတ်များမှာလည်း မနည်းလှပါချေ။ ယနေ့ထက်တိုင်လည်း ထိုကဲ့သို့အလားတူဖြစ်ရပ်များ ရှိနေဆဲဖြစ်ပါသည်။ ယခုစာရေးသူတာဝန်ထမ်းဆောင်သည့် နေရာအပါအဝင် အခြားသောဝန်ကြီးဌာနများတွင် တာဝန်ထမ်းဆောင်နေကြသည့် နေ့စား အစားခန့်ဝန်ထမ်းတချို့မှာ တက္ကသိုလ်တက်နေဆဲ လူငယ်လူရွယ်များဖြစ်ကြသည်ကို တွေ့ရှိရ၏။ အဝေးသင်တက္ကသိုလ်များတက်ရချိန်တွင် ဝန်ထမ်းငယ်များကို မဖြစ်မနေ ခွင့်ကာလသတ်မှတ်ပေးရသည်မို့ တာဝန်ရှိသူများအနေဖြင့် စေလွှတ်ပေးရပါသည်။

ထိုသို့ ကျောင်းသွားတက်ရမည့်သူကို ခွင့်ပေးရခြင်းဖြင့် ပထမဦးဆုံးကြုံတွေ့ရသည့် အခက်အခဲမှာ ဝန်ထမ်းအင်အားအနည်းဆုံး တစ်လမျှလျော့ပါးခြင်းပင်ဖြစ်၏။ မိမိတို့ဌာနမှ ကျောင်းသွားတက်ရမည့်လူများလေလေ ပိုမိုအင်အားလျော့လေပင်ဖြစ်သည်။ နောက်တစ်ချက်မှာ သွားတက်ရမည့်မြို့နယ်နှင့် ခရီးအကွာ အဝေးပင်ဖြစ်သည်။ ခရီးကွာဝေးလေ ရက်များတိုးမြှင့်ပေးရလေဖြစ်သောကြောင့်ဖြစ်၏။ ဌာနဆိုင်ရာတွင် ရာထူးငယ်ယူထားရသော စာရေးသူအနေဖြင့်ပင် ယခုလိုအဝေးသင်တက္ကသိုလ် ကာလရောက်တိုင်း မိမိဌာနရှိ စာရေးလေးကို လက်လွှတ်ရမှာ မချင့်မရဲဖြစ်မိသည်။ တစ်ဖက်ကလည်း သူ့အခွင့်အရေးဖြစ်၏။ ထို့ကြောင့် သူတို့ကျောင်းသွားမတက်မီ လုပ်ဆောင်ရမည့်လုပ်ငန်းများကို ကျန်သည့်လူနည်းနည်းဖြင့် ကျဲကျဲဝိုင်းနိုင်အောင်သာ ကြိုးစားရပါတော့သည်။

ထိုအခက်အခဲသည် စာရေးသူတစ်ဦးတည်း ဌာနတစ်ခုတည်း ကြုံတွေ့ရသည့် အခက်အခဲမဟုတ်ခဲ့ပါချေ။ အထက်တွင်တင်ပြခဲ့သည့် အတိုင်းသာဖြစ်ပါ၏။ ယခုမူ Naypyitaw State Academy ကြီး ပေါ်ပေါက်လာတော့မည်ဖြစ်သောကြောင့် ရပ်ဝေးသို့ စေလွှတ်စရာမလိုတော့ဘဲ မိမိအရိပ်အာဝါသအောက်မှာပင် ပညာသင်ကြားခွင့်ရတော့မည်ဖြစ်၏။

Naypyitaw State Academy တွင် ဝိဇ္ဇာ၊ သိပ္ပံဘာသာရပ်များအပြင် စီးပွားရေး၊ ဥပဒေ၊ လူမှုရေး၊ အားကစားနှင့်ဆေးပညာ ဘာသာရပ်များကို နိုင်ငံတကာစံနှုန်းများနှင့်အညီ သင်ကြားပေးသွားမည်ဖြစ်ပြီး အဆင့်မြင့်ပါရဂူဘွဲ့များ ရရှိသည်ထိပါ သင်ကြားပေးမည်ဟုလည်း သိရသည်။ **"ပညာရေးဖြင့်ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့"** ဟူသော ပညာရေးဆောင်ပုဒ်အတိုင်း စာရေးသူတို့နိုင်ငံတော်ကို ခေတ်အဆက်ဆက်အစိုးရများက ခေတ်စနစ်နှင့်လျော်ညီသည့် ပုံစံအမျိုးမျိုးဖြင့် ကြိုးစားတည်ဆောက်ခဲ့ကြသည်ကို တွေ့ရှိရသည်။ **"ဥစ္စာဟူသည် မျက်လှည့်မျိုး၊ ပညာဟူသည် မြတ်ရွှေအိုး"၊ "ပညာ သမာ အာဘာနတ္ထိ"** ဟူသော ဆိုစကားများသည် ပညာ၏အရေးပါ အရာရောက်မှုကိုဖော်ညွှန်းထားသော အရာများပင် ဖြစ်ပေသည်။ နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်ခြင်း၏ အခြေခံအရင်းအမြစ်သည် ပညာတည်းဟူသော အရာပင်ဖြစ်ကြောင်း တွေ့ရှိရမည်ဖြစ်၏။ ထိုအရင်းအမြစ်ကို ထိရောက်စွာအသုံးပြုနိုင်သော နိုင်ငံများမှာ ကမ္ဘာ့အလယ်ဝင့်ထည်လျက်ရှိနေကြပေသည်။



**Naypyitaw State Academy (NSA) စီမံကိန်း ပုံစံငယ်ကို တွေ့ရစဉ်။**

စာရေးသူတို့ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သမိုင်းကြောင်းကိုခြေရာကောက်ကြည့်မည်ဆိုပါက သရေခေတ္တရာခေတ်၊ ပုဂံခေတ်တို့မှစတင်ကာ ကုန်းဘောင်ခေတ်အလယ်ပိုင်းတိုင်အောင် အမျိုးသားပညာသင်ရေးစနစ်မှာ ခိုင်ခိုင်မာမာရပ်တည်နိုင်ခဲ့ပေသည်။ သရေခေတ္တရာခေတ်မှသည် ကုန်းဘောင်ခေတ်အလယ်ပိုင်းထိ လောကုတ္တရာရေးနှင့် လောကီရေးယှဉ်တွဲဆောင်ရွက်သော သာသနာ့ဝန်ထမ်းရဟန်းတော်များက အမျိုးသားပညာရေးတာဝန်ကို ထမ်းဆောင်ခဲ့ကြလေသည်။ ပုဂံ၊ မြင်စိုင်း၊ ပင်းယ၊ စစ်ကိုင်း၊ အင်းဝ၊ ဟံသာဝတီ၊ တောင်ငူ၊ ညောင်ရမ်း၊ ကုန်းဘောင်ခေတ် အဆက်ဆက်တို့တွင် ဘုန်းကြီးကျောင်းများ၌ လောကုတ္တရာရေးဆိုင်ရာ သုတ်၊ ဝိနည်း၊ အဘိဓမ္မာ ဟူသောပိဋကသုံးပုံအပြင် စာပေပညာဆိုင်ရာ ရာဇဝင်ပုံပြင်၊ ဓမ္မသတ်ထုံးဟောင်းများ၊ နက္ခတ်ဗေဒင်အတတ်ပညာ၊ ရှေးဟောင်းဓာတုဗေဒပညာဖြစ်သော ဆေးပညာ၊ အနှိပ်ပညာ၊ စစ်ပညာ၊ ဆင်အတတ်၊ မြင်းအတတ်၊ ဓား၊ လှံ၊ တုတ်သိုင်း ပညာရပ်များနှင့် ပန်းဆယ်မျိုးပညာများကိုလည်း သင်ကြားပေးခဲ့ကြသည်။ သင်ကြားပေးသော ပညာရပ်များကို လေ့လာကြည့်မည်ဆိုပါလျှင် ကုန်ထုတ်လုပ်မှုဆိုင်ရာ၊ အနုပညာဆိုင်ရာ၊ အုပ်ချုပ်ရေးဆိုင်ရာ၊ တရားစီရင်ရေးဆိုင်ရာများဖြစ်ကြောင်း တွေ့ရှိရသည်။ ထိုသို့ ပညာသင်ကြားကြသည့်အထဲတွင် မင်းညီမင်းသား၊ မှူးမတ်သူဌေးသူကြွယ်သားသမီးများသာမက တောင်သူလယ်သမား သားသမီးများထိ လူတန်းစားအစုံ ပါဝင်ခဲ့၏။

ကုန်းဘောင်ခေတ်နှောင်းပိုင်းကာလ မင်းတုန်းမင်း၊ ကနောင်မင်းသားနှင့် သီပေါမင်းတို့ လက်ထက်တွင် ခေတ်မီနိုင်ငံတော်ထူထောင်နိုင်ရန်ရည်ရွယ်လျက် ဥရောပနိုင်ငံများသို့ စက်မှုပညာ၊ စစ်ပညာများသင်ကြားစေရန် ပညာသင်များစေလွှတ်ခဲ့ကြသည်။ မိမိတို့ သင်ကြားတတ်မြောက်ထားသည့် ပညာရပ်များဖြင့် တိုင်းပြည်တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်နေချိန်မှာပင် စာရေးသူတို့နိုင်ငံသည် နယ်ချဲ့ဗြိတိသျှတို့လက်အောက် ကျရောက်ခဲ့ရပြီး အဖိုးတန်ပညာရပ်များလည်း အဆုံးသတ်ခဲ့ရပါတော့သည်။ ထိုအချိန်မှစ၍ မိမိတို့၏ ကိုယ်ပိုင်ပညာရေးမှာ ဗြိတိသျှကိုလိုနီတို့၏အလိုကျ သင်ကြားရသည့် ပညာရေးဖြစ်ခဲ့ပြီး မြန်မာ့လူဘောင်ထူထောင်မှုအရှိန်အဟုန်မှာလည်း ကျဆင်းခဲ့ရပါတော့သည်။

ထိုသို့ သမိုင်းမှပေးသော သင်ခန်းစာများအရ လူမျိုးတစ်မျိုး တိုင်းပြည်တစ်ပြည်သည် မိမိတို့ကိုယ်ပိုင်အချုပ်အခြာအာဏာဖြင့် ပညာရေးကဏ္ဍကို စီမံဆောင်ရွက်နိုင်မှသာ စစ်မှန်သော ပညာစွမ်းအားကိုရရှိနိုင်ခဲ့သည်။ ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်သောပညာရေးစနစ်ကိုဖော်ဆောင်နိုင်ခြင်းအားဖြင့် မိမိလူမျိုးနှင့် မိမိတိုင်းပြည်သည် ရေမြင့်ကြာမြင့်ပမာဖြစ်ခဲ့ရသည်။ ပညာ၏မြစ်ဖျားခံမှုမှတစ်ဆင့် လူ့စွမ်းအားအရင်းအမြစ်ကို ရရှိမည်ဖြစ်ပြီး ထိုလူ့စွမ်းအားအရင်းအမြစ်များ၏အားဖြင့် တိုင်းပြည်ကိုတည်ဆောက်ကြရပါမည်။ လူ့စွမ်းအားအရင်းအမြစ်ကို ရရှိအောင်ဆောင်ရွက်ရာတွင် သူတစ်ပါးကိုချည်းအားကိုးလို့မရကြောင်း သမိုင်းသင်ခန်းစာများအရ ဖော်ထုတ်တွေ့ရှိခဲ့ရပြီဖြစ်ပါသည်။

အမြဲတမ်းရန်သူ အမြဲတမ်းမိတ်ဆွေမရှိသော နိုင်ငံရေးအခင်းအကျင်းတွင် ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးသည်သာ အစဉ်အားကိုးရာဖြစ်သည်။ သူတစ်ပါးဆီမှ မျှော်ကိုးမှုတိုင်းသည် မသေချာ မရေရာသောအနာဂတ်ကို တည်ဆောက်ခြင်းသာဖြစ်၏။ မိမိအိမ်ရာတွင် တစ်နိုင်တစ်ပိုင် စိုက်ပျိုးမွေးမြူထားလျှင် မိမိစိတ်ကြိုက် ခူးယူစားသုံးနိုင်ပြီး ပိုလျှံပါက ရောင်းချ၍ အပိုဝင်ငွေရှာဖွေနိုင်သည်။ သူတစ်ပါးဆီမှ ဝယ်ယူစားသုံးသည့်တိုင် ပိုင်ရှင်ကမရောင်းလျှင် မည်သို့မှ မတတ်နိုင်ပါချေ။ အတတ်ပညာ၊ နည်းပညာများသည်လည်း ထိုအတိုင်းသာဖြစ်၏။ မိမိတို့နိုင်ငံတွင် တစ်ချိန်က နိုင်ငံခြားသားတို့ အထင်ကြီးအားကျခဲ့သည့် ရန်ကုန်တက္ကသိုလ်ကြီးရှိခဲ့သဖြင့် မျက်နှာပွင့်ခဲ့ရသည်။ ခေတ်အဆက်ဆက် အစိုးရတိုင်းသည်လည်း အခက်အခဲ အကျပ်အတည်းအမျိုးမျိုးကြားမှ ပညာရေးကဏ္ဍတိုးတက်စေရန် ကြိုးပမ်းကြံဆခဲ့ကြသည်။ တတ်စွမ်းသမျှ ဖြည့်ဆည်းဆောင်ရွက်ပေးသော်လည်း ပြည်သူလူထု၏ လိုလားချက်အတိုင်း ရာနှုန်းပြည့်ဖြည့်ဆည်းရန်မှာမူ လိုအပ်ချက်များ ရှိနေခဲ့သည်ကို တွေ့ရှိရပါသည်။ မိမိတိုင်းပြည်တွင် နိုင်ငံတကာအဆင့်မီတက္ကသိုလ်များရှိနေခြင်းအားဖြင့် အဖိုးတန်ပညာရပ်များ သင်ကြားခွင့်ရရှိမည်ဖြစ်၏။ ထိုပညာရပ်များကိုအသုံးချ၍ မိမိတို့တိုင်းပြည်ကို မိမိတို့အားဖြင့် ထူထောင်ကြရမည်ဖြစ်ပါသည်။

ယနေ့အချိန်တွင် နိုင်ငံတော်အကြီးအကဲ အနေဖြင့် ပကတိမြေပြင်မှလိုလားချက်များအပေါ် စေ့စေ့စပ်စပ်ရှာဖွေကာ ဖြည့်ဆည်းပေးလိုသော စိတ်စေတနာဖြင့် တိုင်းပြည်အတွက် အရေးအကြီးဆုံး ပညာမျိုးစေ့ကို ချပေးခဲ့ပြီဖြစ်ပါသည်။ Naypyitaw State Academy ကြီး ရုပ်လုံးပေါ်လာရေးအတွက် အစိုးရ၏ ဦးဆောင်မှုအောက်တွင် ဌာနဆိုင်ရာအလိုက် တာဝန်ရှိသူအသီးသီးကလည်း နေ့ညမနားအင်တိုက်အားတိုက် ကြိုးစားဆောင်ရွက်လျက်ရှိသည်။ မိဘပြည်သူများအနေဖြင့်လည်း ကျောင်းတော်ကြီး မဖွင့်လှစ်မီကပင် ဝမ်းသာပီတိဖြစ်နေကြသည်ကို ကြားသိရသည်။ စာသင်နှစ် တစ်နှစ်အတွင်း ကြုံတွေ့ရသည့် အခက်အခဲများကို မတတ်သာ၍သာ ကျော်ဖြတ်ရသော်ငြား မည်သည့် မိဘ၊ ဌာန ဆိုင်ရာတာဝန်ရှိသူများက မလိုချင်ကြပါပေ။ ယခုမူ ပညာသင်ကြားရေးအတွက်သာမက စားသောက်နေထိုင်ရေးနှင့် သွားလာရေးများထိ ကျယ်ကျယ်ပြန့်ပြန့် စီစဉ်ဆောင်ရွက်ပေးထားသော Naypyitaw State Academy ၏ အစီအမံများကြောင့် နေပြည်တော်တစ်ဝိုက်ရှိ ကျောင်းသားများရော မိဘများပါ ပျော်လို့မဆုံး တပြုံးပြုံး ဖြစ်နေကြပါပြီ။ ထိုမြင်ကွင်းများကို မြင်တွေ့ ကြားသိရသည့် စာရေးသူမှာလည်း ပြည်သူထဲက ပြည်သူတစ်ဦးအနေဖြင့် Naypyitaw State Academy ကြီးကို ဝမ်းမြောက်ဝမ်းသာ ကြိုဆိုမိပါတော့သည်။

**ကိုးကား-**

**၁။ အမျိုးသားနေ့နှင့် အမျိုးသားပညာရေးလှုပ်ရှားမှု သမိုင်းအကျဉ်း**

**၂။ (၂-၁၀-၂၀၂၂)ရက်ထုတ် မြဝတီသတင်းစာ**

# The Collector Art Gallery ပန်းချီပြခန်းတွင် ပန်းချီဆရာခုနစ်ဦး၏ Art 7 အွန်လိုင်းပန်းချီပြပွဲ ပြသသွားမည်



**ရန်ကုန် အောက်တိုဘာ ၁၅**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်ရှိ The Collector Art Gallery ပန်းချီပြခန်းတွင် ပန်းချီဆရာခုနစ်ဦး၏ Art 7 အွန်လိုင်းပန်းချီပြပွဲ ပြသသွားမည်ဖြစ်ကြောင်း The Collector Art Gallery ပြခန်းတာဝန်ခံ ဒေါ်ကေဇဦးက ပြောပြ၍ သိရသည်။

Art 7 အွန်လိုင်းပန်းချီပြပွဲကို The Collector Art Gallery တွင် ယခုနှစ် အောက်တိုဘာ ၂၀ ရက်မှ အောက်တိုဘာ ၂၅ ရက်ထိ နေ့စဉ် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီထိ ပြသသွားမည်ဖြစ်ကြောင်း၊ အဆိုပါ အွန်လိုင်းပန်းချီပြပွဲတွင် ပန်းချီဆရာများဖြစ်သည့် ပန်းချီ စောတင့်ဝေ၊ ပန်းချီ လှဖုန်းအောင်၊ ပန်းချီ မွန်သက်၊ ပန်းချီ သက်မွန်၊ ပန်းချီ ဇေယျာအေး၊ ပန်းချီ ဥမ္မာ၊ ပန်းချီခင်မောင်ဇော်တို့၏ ရေဆေး၊ ဆီဆေးအပါအဝင် လက်ရာစုံဖြင့် ဖန်တီးထားသည့်ပန်းချီကား ၈၂ ကားခန့် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီပွဲကတော့ ပန်းချီဆရာ ခုနစ်ယောက်ရဲ့လက်ရာစုံကိုစုစည်းပြီးတော့ ပြသမှာဖြစ်ပါတယ်။ အွန်လိုင်းပြပွဲဖြစ်ပေမဲ့ ပြခန်းမှာလဲ လာရောက်လေ့လာကြည့်ရှုနိုင်ပါတယ်။ ပန်းချီကားအများစုကတော့ ပန်းချီဆရာတွေရဲ့ စိတ်ကြိုက်ဖန်တီးထားတဲ့ လက်ရာတွေဖြစ်ပါတယ်။ ပန်းချီကားအားလုံးကတော့ မကြာသေးမီက ဖန်တီးရေးဆွဲထားတဲ့ လက်ရာတွေဖြစ်ပါတယ်"ဟု အဆိုပါ ပန်းချီပြခန်းတာဝန်ခံ ဒေါ်ကေဇဦးက ပြောပြသည်။

အဆိုပါပန်းချီပြပွဲတွင် ပြသပေးမည့် ပန်းချီကားများ၏ အရွယ်အစားများမှာ (၄ ×၃) ပေ၊ (၄× ၂) ပေ၊ (၃×၂) ပေ၊ (၃၀× ၄၀) လက်မ၊ (၁၈×၂၄) လက်မ စသည့် အရွယ်အစားစုံ ပန်းချီကားများ ပါဝင်ပြီး ဈေးနှုန်းအနေဖြင့် ငွေကျပ် ၁၀ သိန်းမှ ငွေကျပ် ၂၅ သိန်းထိရှိကြောင်း သိရသည်။ ASH

# The Exorcist ဇာတ်ကား ရိုက်ကူးထုတ်လုပ်မှု စတင်နေပြီဖြစ်

**နယူးယောက် အောက်တိုဘာ ၁၅**

The Exorcist ဇာတ်ကား ရိုက်ကူးထုတ်လုပ်မှုကို ဝါနာဘရားသားရုပ်ရှင်ကုမ္ပဏီက စတင်နေပြီဖြစ်ကြောင်း Variety သတင်းဝက်ဘ်ဆိုက်က အောက်တိုဘာ ၁၄ ရက်တွင် ရေးသားတင်ပြထားသည်။


အဆိုပါ ဇာတ်ကားသည် မူလ The Exorcist (1973) ဇာတ်ကားကို ပြန်လည်ဆန်းသစ်ရိုက်ကူးမည့် ထိတ်လန့်သည်းဖို ဇာတ်ကားဖြစ်သည်။

The Exorcist ဇာတ်ကားကို ကမ္ဘာကျော်ဒါရိုက်တာ ဒေးဗစ်ဂေါ်ဒွင်းဂရင်းက တာဝန်ယူရိုက်ကူးနေခြင်းဖြစ်သည်။

အဆိုပါဇာတ်ကားရိုက်ကူးရေးလုပ်ငန်းစတင်မှုကို ဒါရိုက်တာ ဒေးဗစ်ဂေါ်ဒွင်းဂရောင်းက အောက်တိုဘာ ၁၂ ရက်တွင် Variety သို့ အတည်ပြုပြောကြားခဲ့ခြင်းဖြစ်သည်။

The Exorcist ဇာတ်ကားတွင် မင်းသမီး အန်ဒေါ၊ အယ်လန်ဘာ့တီနှင့် မင်းသား လက်စလီအိုဒွန်ဂျူနီယာတို့ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

အဆိုပါဇာတ်ကားကို ၂၀၂၃ ခုနှစ်တွင် ရုံတင်ပြသရန် ဝါနာဘရားသားရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။ KKO




# ဒါးပိန်ပန်းပုအလုပ်ရုံများမှ ပန်းပုလက်ရာများကို ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ မြန်မာအမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်များက မှာယူနေ

**ရန်ကုန် အောက်တိုဘာ ၁၅**

ရန်ကုန်တိုင်းဒေသကြီး ဒါးပိန်ပန်းပုကျေးရွာ ပန်းပုအလုပ်ရုံများမှ စိတ်ကြိုက်ထုလုပ်ထားသော ပန်းပုလက်ရာများကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) ရှိ မြန်မာအမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်များက မှာယူနေကြောင်း ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဒါးပိန်ပန်းပုကျေးရွာရှိ မြင့်မိုရ်ဦး ပန်းပုလုပ်ငန်းပိုင်ရှင် ဦးအေးချမ်းက ပြောပြ၍ သိရသည်။

၂၀၂၁ ခုနှစ် နိုဝင်ဘာလမှစ၍ ပြည်တွင်းပန်းပုဈေးကွက်မှာလည်း ပြန်လည် လည်ပတ်လာပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ မြန်မာအမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်များက မှာယူသည့် အရွယ်အစား၊ ပုံစံကိုသာ အဓိကထားထုလုပ်နေရသော်လည်း ယခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှစတင်ကာ ပန်းပုဆရာများ စိတ်ကြိုက်ထုလုပ်ထားသည့်လက်ရာများကို ပြန်လည်မှာယူလာကြောင်း သိရသည်။

"ပန်းပုဈေးကွက်ကတော့ နည်းနည်းပြောင်းလာပါပြီ။ ၂၀၂၁ ခုနှစ် နိုဝင်ဘာလလောက်ကနေ အခု အောက်တိုဘာလ ပထမပတ်လောက်ထိ အရောင်းဆိုင်တွေက မှာတဲ့ အော်ဒါတွေချည်း လုပ်ပေးရပါတယ်။ ပန်းပုရုပ်ထက် ပန်းဖောက်ပန်းပုလက်ရာပန်းပုကားချပ်တွေပဲ တော်တော်များများလုပ်ခဲ့ရတယ်။ ကျွန်တော်တို့ ပန်းပုဆရာတွေ စိတ်ကြိုက်ထုလုပ်ထားတဲ့ လက်ရာတွေကို တင်ရောင်းမပေးတာ နှစ်ချီခဲ့ပြီ။ အခုတော့ ကျွန်တော်တို့ စိတ်ကြိုက်လက်ရာတွေလဲ ဆိုင်တွေက ပြန်မှာယူလာပါပြီ။ အခု ရှမ်းပြည်နယ်(အရှေ့ပိုင်း) က မြန်မာ အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်တွေက စိတ်ကြိုက်လက်ရာမှာလို့ ကျွဲကျောင်းသားနဲ့ ကျွဲအုပ်ပန်းပုထည်တွေလုပ်နေပါတယ်။ အရေအတွက်ကတော့ အခု ၂၀ လောက်ပို့ပေးဖို့ရှိပါတယ်" ဟု ဦးအေးချမ်းက ပြောပြသည်။



လက်ရှိ ရှမ်းပြည်နယ် (အရှေ့ပိုင်း)က မှာယူထားသည့် ကျွဲရုပ်ကောင်နှင့် ကျွဲကျောင်းသားပန်းပုရုပ်တုမှာ အမြင့် ၁၈ လက်မ၊ အလျား ၇၀ လက်မရှိကာ ငွေကျပ် ငါးသိန်းခွဲခန့် ကျသင့်မည်ဖြစ်ကြောင်း သိရသည်။

ASH

# Red One ဇာတ်ကားတွင် မင်းသမီး လူစီလျူ ပါဝင်မည်

**နယူးယောက် အောက်တိုဘာ ၁၅**

Red One အမည်ရှိ ဟာသအက်ရှင်ဇာတ်ကားတွင် မင်းသမီး လူစီလျူ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က အောက်တိုဘာ ၁၄ ရက်တွင် ရေးသားတင်ပြထားသည်။

အဆိုပါဇာတ်ကားတွင် လူစီလျူသည် မင်းသား ဒွင်းဂျွန်ဆင်၊ ခရစ်အီဗန်၊ မင်းသမီး ကီယာနန်ရှစ်ပကာတို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

Red One ဇာတ်ကား၌ မင်းသမီး လူစီလျူ ပါဝင်သရုပ်ဆောင်မည့် ဇာတ်ကောင်နေရာကို မသိရသေးကြောင်း သိရသည်။

Amazon Prime Video ရုပ်ရှင်ကုမ္ပဏီသည် Red One ဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ်အသေးစိတ်ကို လျှို့ဝှက်ထားဆဲဖြစ်ကြောင်း သိရသည်။

Red One ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဟီရမ်းဂါစီယာနှင့် ခရစ်မော်ဂန်တို့က ရေးသားပေးထားပြီး ဒါရိုက်တာ ဂျိတ်ကက်စဒန်းက တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

Red One ဇာတ်ကားကို ၂၀၂၃ ခုနှစ်တွင် ရုံတင်ပြသရန် Amazon Prime Video ရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

KKO



# အဆိုတော်စိန်လင်း(Aroma)နှင့် ချယ်ရီသင်းတို့၏ မေ့သဘောသီချင်း MV ထွက်ရှိမည်

**ရန်ကုန် အောက်တိုဘာ ၁၅**

အဆိုတော်စိန်လင်း (Aroma) နှင့် ချယ်ရီသင်းတို့ သီဆိုသရုပ်ဆောင်ထားသည့် မေ့သဘောအမည်ရှိ သီချင်း Music Video (MV) အောက်တိုဘာလကုန်တွင် ထွက်ရှိမည်ဖြစ်ကြောင်း အဆိုတော်စိန်လင်း (Aroma) က ပြောပြ၍ သိရသည်။

မေ့သဘောသီချင်း Music Video (MV) ကို ဒါရိုက်တာ ထက်ကောင်းကင်က ရိုက်ကူးထားခြင်းဖြစ်ပြီး တေးရေး ကိုထူးအောင်က ရေးစပ်ထားခြင်းဖြစ်ကြောင်း၊ အဆိုပါသီချင်း Music Video (MV) တွင် အဆိုတော် စိန်လင်း (Aroma)၊ ချယ်ရီသင်းတို့က သီဆိုသရုပ်ဆောင်ထားပြီး လင်းလက်ကျော်နှင့် Tik Tok Dancer Group က အားဖြည့်ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

"အောက်တိုဘာလ နောက်ဆုံးပတ်လောက်ထွက်မှာပါ။ ဒီသီချင်း Music Video (MV) လေးကတော့ တေးရေးကိုထူးအောင်ရဲ့ တေးသီချင်းလေးပါပဲ။ အဲဒီ Music Video (MV)မှာ ကိုယ်တိုင်လဲ သရုပ်ဆောင်ထားပါတယ်။ အဆိုတော် ချယ်ရီသင်းနဲ့လဲ တွဲဖက်ပြီးတော့ ပါဝင်သီဆိုသရုပ်ဆောင်ထားပါတယ်"ဟု အဆိုတော် စိန်လင်း (Aroma) က ပြောပြသည်။

ပြီးခဲ့သည့် အောက်တိုဘာလ ဒုတိယပတ်ကလည်း အဆိုတော် စိန်လင်း(Aroma) နှင့် နန်းဆုသဇင်တို့ သီဆိုသရုပ်ဆောင်ထားသည့် ၁၆ နှစ်တစ်ရက်လျှော့အမည်ရှိ တေးသီချင်း Music Video (MV) ထွက်ရှိထားကြောင်း သိရသည်။

အဆိုတော်စိန်လင်း (Aroma) သည် အလှူရှင်၊ စေတနာရှင်များနှင့်ပူးပေါင်း၍ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝင်ငွေနည်းအခက်အခဲရှိ မိသားစုများကို ငွေကြေးနှင့် စားသောက်ဖွယ်ရာများ လှူဒါန်းလျက်ရှိကြောင်း သိရသည်။

ASH

# The speech addressed by Chairman of the State Administration Council Prime Minister of the Government of the Republic of the Union of Myanmar Chairman of the National Solidarity and Peacemaking Central Committee Commander-in-Chief of Defence Services Senior General Min Aung Hlaing at the 7th Anniversary of Signing the Nationwide Ceasefire Agreement (NCA)



Senior General Min Aung Hlaing delivers address at the 7th Anniversary of Signing the Nationwide Ceasefire Agreement (NCA).

**Esteemed national brethren of the Union,**

Today is the 7th Anniversary of the Nationwide Ceasefire Agreement-NCA signed by the government of the Republic of the Union of Myanmar and ethnic armed organizations. On this 7th Anniversary Day, I extend greetings to all with the wish that may all national brethren be physical and mental well-being with focusing on the restoration of peace to which they all aspire.

Today's most basic and primary need of our country is to ensure peace and stability of the State. Our Union was established by our ethnic nationals according to the history passed its lifespan under the rule of another country for more than 100 years. Colonialist British systematically laid down the plans to instigate solidarity and united strength of our ethnic nationals. They manipulated our ethnics to see each other to be enemies. The colonialists had been committing instigation and divide-and-rule policy to cause disunity among the ethnic nationals until they unavoidably allowed independence for our country.

Whatever they committed instigation, we all regained independence based on patriotic spirit, Union spirit and Panglong spirit. However, subsequences of instigation committed by the colonialists have been till today affecting the country. They attempted to influence Myanmar in various ways and means in the post-independence era. The situations of unstable areas of the country were triggered by consequences of instigations and further continuous attempts of the colonialists. We, our national brethren have been solving these evil legacies for more than 70 years.

**Esteemed national brethren,**

I, on my part, talked about the NCA issue whenever I held meetings on peace issues. It is because NCA is the most basic factor to operate the peace process which is important for our country. NCA was not drawn by a single person or an organization but by the government, the Tatmadaw and all ethnic armed organizations based on initial proposals of EAOs through negotiations. Moreover, it is an agreement signed by some international countries and organizations. Only when we all walk on the approved tract will a peaceful and prosperous State, we all aspire to be firmly built. Only when all ethnic national brethren hold a face-to-face meeting to solve the peace issues of our country without any interference from the external will it achieve success. Whenever those at home and abroad do not wish to benefit from Myanmar's peace process, our peace talks will not reach the goal we aspire to. Hence, all ethnic national brethren need to notice that they should never follow criticisms leading to destruction for peace.

**Esteemed ethnic national brethren,**

Today's government of the State Administration Council prioritizes practical and possible measures in implementing the peace process. The Tatmadaw released 21 statements for ensuring ceasefire and perpetual peace from 21 December 2018 to date for suspending the military operations. Currently, the Tatmadaw is assuming the State's responsibility. This being so, I myself, as the capacity of Head of the State and the Tatmadaw, am holding the meetings with ethnic armed organizations. So far, I have met with 10 ethnic armed organizations two times. At the meetings, all accepted and agreed on two policies of our government to strengthen the multiparty democratic system and build the Union based on democracy and federalism. All ethnic armed organizations openly discussed their wishes, anticipations and aspirations. We also discussed appropriate and possible future plans for restoring sustainable strengthening and firm peace. I'd like to inform you all about bringing good results from all meetings to the people and the State.

**Esteemed ethnic national brethren,**

We would have two basic factors for the continuation of implementing the peace process. These are: to firmly stand for the nationwide ceasefire agreement-NCA and firmly stand for the Constitution (2008). I have explained why we should stand for the NCA. Likewise, the Constitution (2008) was not drawn by the wish of a single person or an organization. It was drawn on a wider scale by eight delegates of political parties' group, representatives-elect group, ethnic nationality group, farmers group, workers group, intellectuals/intelligentsia group, government service personnel group and other invited persons group. In drafting the constitution, a total of 702 representatives from eight groups held discussions to draw it at the National Convention which had been convened for more than two years from September 1993 to 1996. The number of delegates was extended to 1,086 at the second National Convention held from May 2004 to April 2007. In selecting the delegates to the National Convention, the formation of delegation selection committees, voting of these committees, and designation of criteria for delegates were undertaken under democratic practices, except for delegates from the political parties' group and the representative-elect group. It was seen that in adopting 104 basic principles which are the primary essence and life of the Constitution, the National Convention widely discussed more than 900 pages of 22 papers submitted by all groups and sought approvals. The historical records were made that these approvals were sought by leaders from some ethnic armed organizations, leaders of political parties and ethnic parties including NLD and delegates who were involved in the other invited person group. In approving the Constitution, the referendums were held in May 2008 when 98.12 per cent of the people across the nation cast votes, 92.48 per cent of those who cast votes as part of approving it under the democratic practices. Those who attended the National Convention and who cast vote for the Constitution (2008) are still alive today. So, our government is discharging State duties in line with the Constitution. I'd like to firmly say that our efforts following the Constitution and our standing for it are to safeguard the Constitution which emerged under the democracy and safeguard the democratic system the people aspire to as well. Hence, I'd like to urge all ethnic national brethren to safeguard the democratic system in cooperation with the government and walk on the tract of peace.

**Esteemed ethnic national brethren,**

I am implementing two national work processes, two political work processes, a five-point roadmap and nine objectives which are actual needs of the State.


In this regard, there are many points to be emphasized for ethnic national brethren. The fourth point of the five-point roadmap was inserted that "Emphasis will be placed on achieving enduring peace for the entire nation with the agreements set out in the Nationwide Ceasefire Agreement." These will shape national causes and political causes. To do so, the peace process must be adopted.

With regard to peace, the government formed the National Solidarity and Peacemaking Central Committee, *See Page 13*

# Pylons of power lines, the foundation of regional progress, which were blown up or torched by PDF terrorists, sidekick of CRPH and NUG, repaired



Photo shows the destroyed 132 KV Baluchaug 2-Tigit power line.


Photo shows the repaired 132 KV Baluchaug 2-Tigit power line.

*From Page 12*

the Work Committee and the Negotiation Committee to implement the peace process. The Negotiation Committee has held meetings with ethnic armed organizations, political parties and peace negotiator groups 88 times. At the meetings, political anticipations of relevant organizations, attitudes and wishes were openly discussed.

**Esteemed ethnic national brethren,**

In building the Union based on democracy and federalism involved in the two political work processes, it is necessary to remember the saying of the national leader of the State General Aung San. At a time when the new Bamar State related to the Union system, General Aung San asked for establishing the Union or Unitary State. At that juncture, it must be Union. If so, efforts will be made for the development of all ethnic nationals. Hence, it is necessary to notice the speech of General Aung San on the topic of the Union.

Our country is formed with eight major national races and more than 130 ethnic nationals. All ethnic nationals have an equal term of rights. The existing Constitution mentions the rights of ethnic affairs. Our government will continue efforts for enabling ethnic people to have deserved rights and entitlements.

**Esteemed ethnic national brethren,**

The word federalism is a concept of sharing power and authority with different regions, states, ethnicities and national races. It means integration and sharing. Political parties including ethnic parties represent the people who support them. So, there are different representations and efforts are being made to practice the proportional representation (PR) system to widely represent the parties and ethnic nationals.

At the peace talks, I explained it to leaders of ethnic armed organizations. The full number of ethnic representatives has to arrive at the Hluttaw which is a political platform for fulfilling the needs of ethnic nationals in democratic waysIf so, anticipations and aims of relevant ethnic nationals will be openly and transparently discussed, decided and implemented through concerted efforts. If necessary, we have to amend some provisions of the Constitutions to implement the possible demands ad wishes of ethnics. For example, Myanmar has formed the PyithuHluttaw and the AmyothaHluttaw. The proposals and bills sent by AmyothaHluttaw representing ethnics may be different from that of PyithuHluttaw. If different opinions are decided by voting at the PyidaungsuHluttaw, the PyithuHluttaw formed with the majority of representatives mostly winning it. If we build the Union based on democracy and federalism, we need to consider the ethnic affairs for these cases.

Hence, assuming that a separate legislative power is entrusted to relevant Hluttaw as part of emphasizing the rights of ethnics to ensure the check and balance in the legislative estate, it will be the best. It must adopt to mandate the PyithuHluttaw and PyidaungsuHluttaw for the enactment of the laws. We must amend the existing Constitution to do so. If so, all ethnic nationals will have to enjoy the essence of democracy and the Union system.

Esteemed ethnic national brethren,

On the occasion of the 7th Anniversary of signing the Nationwide Ceasefire Agreement (NCA), I myself would like to urge all-

- to make concerted efforts for analyzing the advantages and disadvantages of peace and stability based on experiences along our route for ensuring better essence of NCA,
- to regard the Our Three Main National Causes and deeply follow the commitments of NCA to ensure the success of building the Union based on democracy and federalism,
- to nurture ourselves and our environment to become the persons with mindsets of good citizens endowed with knowledge of national politics and loyalty of citizens,
- to organize and lure remnant organizations to sign the NCA as much as possible so as to post a historical milestone.

Thank you all.

# Export of more than 8,800 tons of rubber earns more than US$11 million in September 2022

**Nay Pyi Taw October 15**

The Ministry of Commerce stated that more than 8,800 tons of rubber worth US$11 million was exported in September 2022.

Myanmar exports rubber to foreign countries in shipping and on land border on a weekly basis.


In this regard, 2,460 tons of rubber was sent to foreign countries to earn US$3.672 million in shipping and 5,380 tons to pocket US$8.423 million on land border, totalling 7,810 tons worth US$11.995 million in September.

During the period, Myanmar's rubber flowed out to China, India, Malaysia, Korea and Indonesia in shipping and to China and Thailand on land border.

Now is time to collect rubber latex, and price of rubber is high. Rubber fetched K1,000 per pound last latex collection season, compared with K1,400-K1,600 per pound this year depending on quality and strains.

In Mon State where the largest area of rubber plantations thrive, RSS-3 rubber fetched K1,200 per pound in the first week of October and K1,450 per pound in the second week of October in Mon State rubber market.

In Taninthayi region market, RSS-3 rubber fetched K1,300 per pound and RSS-5 K1,200 per pound from 3 to 6 October. 336


Rubber sheets for export.

# မြေပြင်အခြေစိုက်ဒုံးကျည်ကြားဖြတ်တိုက်ခိုက်ခြင်းကို အောင်မြင်စွာလုပ်ဆောင်ခဲ့သည့် တရုတ်နိုင်ငံ



တရုတ်နိုင်ငံသည် ၎င်း၏ပိုင်နက်အတွင်း မြေပြင်အခြေစိုက်ဒုံးကျည်ကြားဖြတ်တိုက်ခိုက်ခြင်းစမ်းသပ်မှုကို အောင်မြင်စွာလုပ်ဆောင်ခဲ့ကြောင်း တရုတ်နိုင်ငံကာကွယ်ရေးဝန်ကြီးဌာနကိုကိုးကား၍ အောက်တိုဘာ ၈ ရက်တွင် အစိုးရပိုင် Global Times က ဖော်ပြခဲ့သည်။ ၎င်းစမ်းသပ်မှုသည် ယခုနှစ်အတွင်း တရုတ်နိုင်ငံမှ ဒုတိယအကြိမ်မြောက် စမ်းသပ်မှုဖြစ်သည်။

ပထမအကြိမ်စမ်းသပ်မှုကို ယခုနှစ် ဇွန်လတွင် ပြုလုပ်ခဲ့သည်။ ၎င်းမတိုင်မီတွင် တရုတ်နိုင်ငံသည် နိုင်ငံ၏ပဲ့ထိန်းဒုံးကျည်ကာကွယ်ရေးစနစ်များအတွက် ယုံကြည်စိတ်ချရမှုကို သက်သေပြရန် ၂၀၁၀ ပြည့်နှစ်၊ ၂၀၁၃ ခုနှစ်၊ ၂၀၁၄ ခုနှစ်၊ ၂၀၁၈ ခုနှစ်နှင့် ၂၀၂၁ ခုနှစ်တို့တွင် အလားတူ တာလတ်ပစ်ပဲ့ထိန်းဒုံးကျည်ကာကွယ်ရေး (ABM) နည်းပညာဆိုင်ရာစမ်းသပ်အကဲဖြတ်မှုများကို ပြုလုပ်ခဲ့သည်။

နောက်ဆုံးစမ်းသပ်မှုတွင် လူသိရှင်ကြားကြေညာထားသော တရုတ်နိုင်ငံ၏ မြေပြင်အခြေစိုက်တန်ပြန်ပဲ့ထိန်းဒုံးကျည် (ABM) နည်းပညာဆိုင်ရာစမ်းသပ်မှုစုစုပေါင်းအရေအတွက်က ခုနစ်ခုထိရောက်ရှိခဲ့ပြီဖြစ်သည်။

၂၀၁၄ ခုနှစ်တွင် စမ်းသပ်မှုကို မည်သည့်အဆင့်တွင် ကြားဖြတ်ဟန့်တားတိုက်ခိုက်မှု ပြုလုပ်ခဲ့သည်ကို ထုတ်ဖော်ပြောကြားခြင်းမရှိပေ။ ကျန်ခြောက်ကြိမ်စလုံးတွင်မူ အလယ်အလတ်ပျံသန်းနေမှုအဆင့် mid-course phase တွင် လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

ပဲ့ထိန်းဒုံးကျည်၏ ပျံသန်းမှုလမ်းကြောင်းတွင် အဆင့်သုံးဆင့်ရှိသည်။ အားမြှင့်ကိရိယာလုပ်ဆောင်သည့်အဆင့်၊ အလယ်အလတ်ပျံသန်းမှုအဆင့်နှင့် ပစ်မှတ်ဆီသို့ အဆုံးသတ်ပျံသန်းတိုက်ခိုက်သည့်အဆင့်တို့ဖြစ်သည်။

**အားမြှင့်ကိရိယာလုပ်ဆောင်သည့်အဆင့်**

ဒုံးကျည်ပစ်လွှတ်ပြီးသည်နှင့် ၎င်း၏အင်ဂျင်များလောင်စာကုန်သွားသည်ထိ တွန်းအားပေးအဆင့်တစ်နည်းအားဖြင့် အားမြှင့်ကိရိယာလုပ်ဆောင်သည့်အဆင့် စတင်အလုပ်လုပ်သည်။ ဤအဆင့်သည် ဒုံးကျည်ကို အာကာသထဲသို့ တွန်းပို့ရန်နှင့် ကမ္ဘာ့ပတ်လမ်းတစ်ခုအတွင်း တွန်းပို့ရန် ရည်ရွယ်ပါသည်။

ဒုံးကျည်သည် တောက်ပသောအနီအောက်ရောင်ခြည်သင်္ကေတဖြင့် ၎င်း၏ကနဦးမြှင့်တင်မှုအဆင့်တွင် ဖြည်းညင်းစွာ ပျံသန်းရွေ့လျားနေသည့်အတွက် ကြားဖြတ်အခံရနိုင်ဆုံးဖြစ်သည်။ သို့သော် တန်ပြန်လုပ်ဆောင်မှုတစ်ခုအတွက် တုံ့ပြန်မှုအချိန်သည် သိသိသာသာနည်းပါးသည်။

ထို့ပြင် ပစ်လွှတ်လိုက်သည့်ဒုံးကျည်ကို အောင်မြင်စွာတိုက်ခိုက်နိုင်ရန် ကြားဖြတ်တိုက်ခိုက်နိုင်စွမ်းရည်သည် လုံလောက်သည့်အကွာအဝေးအတွင်း တပ်ဖြန့်ချထားရန်လည်းလိုမည်ဖြစ်ပါသည်။ တရုတ်နိုင်ငံ၏ နံပါတ်တစ်ရန်သူ အမေရိကန်နိုင်ငံအတွက် ဤကိစ္စမှာမဖြစ်နိုင်ပေ။ ပစ်လွှတ်ခြင်း၏ တည်နေရာကို ဒုံးကျည်မပစ်လွှတ်မီ မသိနိုင်ပါ။

**Mid-Course Interception အလယ်အလတ်ပျံသန်းစဉ်အတွင်း ကြားဖြတ်တိုက်ခိုက်မှု**

ဒုံးကျည်သည် mid-course ပျံသန်းမှုအဆင့်တွင် ပစ်မှတ်ဆီသို့ ၎င်း၏ Parabolic လမ်းကြောင်းကို စတင်သည်။ ၎င်းသည် အဆင့်သုံးဆင့်တွင် အချိန်အကြာဆုံးဖြစ်သောကြောင့် ကြားဖြတ်တိုက်ခိုက်ခြင်းအတွက် အသင့်တော်ဆုံးဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ mid-course phase သည် ကြားဖြတ်ဟန့်တားတိုက်ခိုက်ခြင်းအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်သည်။

**Terminal အဆင့်**

Terminal အဆင့်သည် ၎င်း၏နောက်ဆုံးဦးတည်ရာပစ်မှတ်ဆီသို့ ပျံသန်းရန် အာကာသမှ လေထုထဲသို့ ဒုံးကျည်ပြန်လည်ဝင်ရောက်ခြင်းဖြင့် စတင်သည်။ ဤအဆင့်၏ကြာချိန်သည် အလွန်တိုတောင်းသည်။ ၎င်းသည် ပေါက်ကွဲခြင်း သို့မဟုတ် ထိခိုက်မှုမဖြစ်မီ ဝင်ရောက်လာသော တိုက်ခိုက်မှုကို တားဆီးရန် နောက်ဆုံးအခွင့်အရေးဖြစ်သည်။

ဒုံးကျည်ပျံသန်းမှုအဆင့်တွင် အချိန်တိုအတွင်း အောင်မြင်စွာကြားဖြတ်ဟန့်တားနိုင်ရန် ဝင်ရောက်လာသောဒုံးကျည်သည် ပစ်မှတ်အနီးတွင် ရောက်ရှိနေရတော့မည်ဖြစ်သည်။ Terminal အဆင့်သို့ဝင်ရောက်ပြီးနောက် ပစ်မှတ်ထားတိုက်ခိုက်ရမည့်အချိန်သည်များသောအားဖြင့် တစ်မိနစ်အောက်သာဖြစ်သည်။

**Mid-Course ကြားဖြတ်ဟန့်တားခြင်းတွင် စိန်ခေါ်မှုများ**

အစောပိုင်းတွင် ဖော်ပြထားသည့်အတိုင်း Mid-Course အလယ်အလတ်အဆင့်သည် ဒုံးကျည်ပျံသန်းမှုတွင် အဆင့်သုံးဆင့်စလုံးတွင် အချိန်ကာလအားဖြင့် အကြာရှည်ဆုံးဖြစ်ပြီး ဆိုလိုသည်မှာ ခုခံကာကွယ်သည့်နိုင်ငံအနေဖြင့် ဝင်လာသောဒုံးကျည်ကို ကြားဖြတ်တိုက်ခိုက်ရေးဒုံးကျည်များဖြင့် ပစ်လွှတ်တိုက်ခိုက်နိုင်မည်ဖြစ်ပါသည်။

သို့သော်လည်း အာကာသအတွင်းရှိ exo-atmospheric အခြေအနေများနှင့် mid-course ကြားဖြတ်မှုများတွင် အမြန်နှုန်းများသည် စီမံခန့်ခွဲရန်ခက်ခဲလေ့ရှိပြီး ဝင်ရောက်လာသောဒုံးကျည် သင့်လျော်သည့်အစိတ်အပိုင်းများ အထူးသဖြင့် ဒုံးထိပ်ဖူးအပိုင်းကို ခြေရာခံထိန်းကျောင်းတိုက်ခိုက်ရန်မှာ စိန်ခေါ်မှုတစ်ရပ်လည်းဖြစ်သည်။

ထို့ပြင် တိုက်ခိုက်လာသော ပဲ့ထိန်းဒုံးကျည်မှ ခံစစ်ကာကွယ်ရေးစနစ်များအပေါ် ရှုပ်ထွေးမှုဖြစ်စေရန် ၎င်း၏တန်ပြန်လုပ်ဆောင်လာမှုများကို လုပ်ဆောင်နိုင်ချိန်ရရှိစေနိုင်မည်လည်းဖြစ်သည်။

ကြားဖြတ်ဟန့်တားတိုက်ခိုက်မှု အောင်မြင်စွာပြုလုပ်နိုင်ရန်မှာ ဒုံးကျည်၏ Offboard နှင့် On-board အာရုံခံကိရိယာများကြားတွင် လိုအပ်သော ကွန်ရက်ချိတ်ဆက်မှုသည် အလွန်ရှုပ်ထွေးနေပြီဖြစ်သည်။ တိုက်ခိုက်ရေးဒုံးကျည်ဖြင့် အသုံးပြုသည့် တန်ပြန်ဆောင်ရွက်မှုများသည် ပစ်မှတ်စိစစ်ခွဲခြားနိုင်မှုအတွက် နောက်ထပ်စိန်ခေါ်မှုတစ်ရပ်လည်းဖြစ်သည်။ တိုက်ခိုက်မှု၏ဦးတည်ရာမှာလည်း ပြဿနာရှိနိုင်သည်။ ဥပမာအားဖြင့် အကယ်၍ ဒုံးကျည်သည် ပစ်မှတ်ခွဲခြားမှုများအတွက် အသုံးပြုသည့် အစောပိုင်းကြိုတင်သတိပေးချက်များနှင့် ခြေရာခံထိန်းကျောင်းခြင်းစနစ်များတွင် လေ့ကျင့်ထားသည့် ဦးတည်ရာများနှင့်မတူညီဘဲ ဝေးကွာသောတောင်ဝင်ရိုးစွန်းမှ ဝင်ရောက်လာပါက ကြားဖြတ်ဟန့်တားနိုင်ရန်မှာ ပိုမိုရှုပ်ထွေးနိုင်ပြီး လုပ်ဆောင်ရန်ပင်မဖြစ်နိုင်ပေ။

**တရုတ်နိုင်ငံ၏ အလယ်အလတ်တန်း Mid-Course ကြားဖြတ်တိုက်ခိုက်နိုင်စွမ်းများ**

Mid-Course ပဲ့ထိန်းဒုံးကျည်ကြားဖြတ်တားဆီးရေးအတွက် တရုတ်နိုင်ငံတွင် မည်သည့်လက်နက်များရှိသည်ကို မသိရပါ။

၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၁ ခုနှစ်အတွက် တရုတ်နိုင်ငံ၏ စစ်ရေးစွမ်းရည်ဆိုင်ရာ အမေရိကန်ကာကွယ်ရေးဌာန၏ နှစ်ပတ်လည်အစီရင်ခံစာအရ ၎င်း၏ပြည်တွင်းထုတ် CH-AB-X-02 (HQ-19) မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည် (SAM) စနစ်တွင် ပဲ့ထိန်းဒုံးကျည်ကာကွယ်ရေးစွမ်းရည်ပါရှိမည့် အလားအလာရှိကြောင်း သိရသည်။

အဆိုပါစနစ်အတွက် ပင်တဂွန်၏သတ်မှတ်ချက်တွင် CH-AB-X-02 တွင် 'X' သည် စမ်းသပ်ဆဲအဆင့်တွင် ရှိနေဆဲဖြစ်ပြီး တပ်ဖြန့်အသုံးပြုနိုင်ခြင်းမရှိသေးသည်ကို ဆိုလိုသည်။

ပင်တဂွန်စစ်ဌာနချုပ်၏ အစီရင်ခံစာများအရ HQ-19 အလယ်အလတ် (Mid-Course) ပဲ့ထိန်းဒုံးကျည်ကြားဖြတ်တိုက်ခိုက်နိုင်စွမ်းသည် ၎င်း၏ကီလိုမီတာ ၃၀၀၀ အကွာအဝေးရှိ ပဲ့ထိန်းဒုံးကျည်များကိုစမ်းသပ်နိုင်ခဲ့ပြီး HQ-19 စနစ်သည် တရုတ်နိုင်ငံအနောက်ပိုင်းတွင် ကနဦးစစ်ဆင်ရေးတပ်ဖြန့်စမ်းသပ်မှုများ လုပ်ဆောင်နိုင်ဖွယ်ရှိသည်။

ထို့ပြင် တရုတ်နိုင်ငံသည် ပင်တဂွန်၏အစီရင်ခံစာတွင် မဖော်ပြထားသည့် အလယ်အလတ် (Mid-Course) ကြားဖြတ်တိုက်ခိုက်နိုင်သည့် စနစ်တစ်ရပ်ကိုပိုင်ဆိုင်ရန် ကြိုးပမ်းလျက်ရှိသည်ဟု သိရှိရသည်။ သို့သော်လည်း တရုတ်နိုင်ငံတွင် တာလတ်ပစ်နှင့်တိုက်ချင်းပစ်ပဲ့ထိန်းဒုံးကျည်များ (IRBMs နှင့် ICBMs) ကို တိုက်ဖျက်နိုင်စွမ်းရှိနေဆဲဖြစ်သည်။ ထို့ပြင် တရုတ်နိုင်ငံသည် ဘက်စုံသုံးဒုံးကျည်ကာကွယ်ရေး၏ ရှေ့တန်းအကျဆုံးအပေါ်လွှာတွင် ဖွဲ့စည်းပါဝင်မည့် mid-course interceptorကို ဖြန့်ကြက်အသုံးပြုရန် Kinetic-kill (အရွေ့စွမ်းအင်သုံး)ယာဉ်နည်းပညာကို တီထွင်ထုတ်လုပ်လျက်ရှိကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

❖ တိုက်ခိုက်လာသော ပဲ့ထိန်းဒုံးကျည်မှ ခံစစ်ကာကွယ်ရေးစနစ်များအပေါ် ရှုပ်ထွေးမှုဖြစ်စေရန် ၎င်း၏တန်ပြန်လုပ်ဆောင်လာမှုများကို လုပ်ဆောင်နိုင်ချိန်ရရှိစေနိုင်မည်လည်းဖြစ်သည်။ ကြားဖြတ်ဟန့်တားတိုက်ခိုက်မှု အောင်မြင်စွာပြုလုပ်နိုင်ရန်မှာ ဒုံးကျည်၏ **Offboard** နှင့် **Onboard** အာရုံခံကိရိယာများကြားတွင် လိုအပ်သော ကွန်ရက်ချိတ်ဆက်မှုသည် အလွန်ရှုပ်ထွေးနေပြီဖြစ်သည်။ တိုက်ခိုက်ရေးဒုံးကျည်ဖြင့် အသုံးပြုသည့် တန်ပြန်ဆောင်ရွက်မှုများသည် ပစ်မှတ်စိစစ်ခွဲခြားနိုင်မှုအတွက် နောက်ထပ်စိန်ခေါ်မှုတစ်ရပ်လည်းဖြစ်သည်။ ❖

**ကိုးကား**

**China Shoots Down ICBM In A Show Of Strength; Releases Video Of Successful Ballistic Missile Interception**

မျိုးခိုင်(ရေနံချောင်း)

# ဧရာဝတီကောင်းမြို့တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၅၉၈ ဧက စိုက်ပျိုးမည်



**ငပုတော အောက်တိုဘာ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဧရာဝတီကောင်းမြို့တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၅၉၈ ဧက လျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

ဧရာဝတီကောင်းမြို့တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ မြေပဲ ၃၅၉၈ ဧက လျာထားပြီး နိုဝင်ဘာလပထမပတ်မှစ၍ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ ဆီထွက်သီးနှံမြေပဲများကို ပြည်သူများ ဆီစားသုံးမှုဖူလုံစေရန်၊ ဘေးကင်းလုံခြုံသည့် ဆီများစားသုံးနိုင်ရန်၊ ဒေသနှင့်နိုင်ငံတော်၏ စားသုံးဆီလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းက ဖြည့်ဆည်းပေးနိုင်ရန်အတွက် စိုက်ပျိုးခြင်းဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ဆီထွက်သီးနှံမြေပဲကို ၃၅၉၈ ဧကထိ လျာထားစိုက်ပျိုးသွားမှာဖြစ်ပါတယ်။ လျာထားချက်ပြည့်မီဖို့အတွက် စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနနဲ့ ဒေသခံတောင်သူတွေ ပူးပေါင်းစိုက်ပျိုးသွားမှာဖြစ်ပါတယ်။ ဆီထွက်သီးနှံမြေပဲကို စိုက်ပျိုးနိုင်ဖို့အတွက် ဒေသခံတောင်သူတွေနဲ့ စိုက်ပျိုးရေးဦးစီးဌာနတို့ ကြိုတင်တွေ့ဆုံဆွေးနွေးပြီးဖြစ်ပါတယ်။ သန့်ရှင်းလတ်ဆတ်တဲ့ စားသုံးဆီတွေကို ဒေသခံတွေ စိတ်အေးလက်အေး စားသုံးနိုင်စေဖို့နဲ့ ဒေသတွင်းစားသုံးဆီပိုလျှံတဲ့အခါ နိုင်ငံတော်ရဲ့စားသုံးဆီလိုအပ်ချက်ကို ဖြည့်ဆည်းဖို့အတွက် ဆီထွက်သီးနှံတွေကို စီမံချက်ချမှတ်စိုက်ပျိုးတာဖြစ်တယ်"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

ဧရာဝတီကောင်းမြို့တွင် ဆီထွက်သီးနှံမြေပဲ စိုက်ပျိုးနိုင်ရန်အတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မြေဆီလွှာပြုပြင်ရေးနည်းစနစ်များ၊ မြေပဲမျိုးစေ့ရွေးချယ်မှု မှန်ကန်စေရေး၊ စိုက်နည်းစနစ်မှန်ကန်စေရေး၊ ပိုးသတ်ဆေးနှင့် အာဟာရဓာတ်ရရှိစေရန်ဆေးသုံးစွဲမှု နည်းစနစ်များ မှန်ကန်စေရေး၊ အပင်အားဆေးနှင့် ပိုးမွှားအန္တရာယ် ကင်းရှင်းစေရေး စသည့်လုပ်ငန်းများကို ကြိုတင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ **ကျော်ကျော်လင်း**

# ရေနံချောင်းမြို့နယ် ဆည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ရေနံချောင်း အောက်တိုဘာ ၁၅**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ရေနံချောင်းမြို့နယ် ရှုံးကုန်းကျေးရွာအုပ်စု ဆည်ကျေးရွာ၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်း (ဆီထွက်သီးနှံ) အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပထမအကြိမ် ထုတ်ချေးခြင်းကို အောက်တိုဘာ ၁၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်းက မြစိမ်းရောင်ကျေးရွာ စီမံကိန်း(ဆီထွက်သီးနှံ) အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကြောင့် နေကြာအပါအဝင် အခြားဆီထွက်သီးနှံစိုက်ပျိုးသော တောင်သူများ လိုအပ်လျက်ရှိသည့် မျိုးစေ့၊ သွင်းအားစုနှင့် စိုက်ပျိုးစရိတ်များဝယ်ယူသုံးစွဲနိုင်စေရန်အတွက် ချေးငွေများ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက လစဉ်ပြည့်သွင်းရမည့်စာရင်းဇယားများကို စနစ်တကျ ဖြည့်သွင်းထားစေလိုကြောင်း၊ အရင်းအတိုးများ ပေးဆပ်ရာတွင်လည်း သတ်မှတ်ကာလအတွင်း အလေးထားပေးဆပ်စေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်း၊ စီမံကိန်းတာဝန်ခံဝန်ထမ်းများနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) လုပ်ငန်းအဖွဲ့ဝင်များက ဆည်ကျေးရွာရှိ နေကြာအပါအဝင် အခြားဆီထွက်သီးနှံစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၉၅ ဦးကို စီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နွံ့ယဉ်**

# မိုင်းဖြတ်မြို့နယ် ငှက်ပျောတောကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်ပြီးစီးမှု စစ်ဆေး

**မိုင်းဖြတ် အောက်တိုဘာ ၁၅**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေဖြင့် ငှက်ပျောတောကျေးရွာတွင် ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို အောက်တိုဘာ ၁၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုးဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်နှင့် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ ငှက်ပျောတောကျေးရွာ၌ အရှည်ပေ ၃၀၊ အကျယ်ပေ ၂၀၊ အမြင့် ၁၂ ပေ ဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်က ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြစေလိုကြောင်း မှာကြားခဲ့သည်။

အဆိုပါ ကျေးရွာဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေကျပ် သိန်း ၁၀၀ နှင့် ပြည်သူထည့်ဝင်ငွေကျပ် သိန်း ၃၀ စုစုပေါင်းငွေကျပ် သိန်း ၁၃၀ အသုံးပြုကာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇူလိုင် ၂၀ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါတွင် လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါဘက်စုံသုံးခန်းမ တည်ဆောက်ပြီးစီးမှုကြောင့် ကျေးရွာနေပြည်သူတို့၏လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်က ပြောပြ၍ သိရသည်။

**ခင်မာ**






## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၁၅-၁၀-၂၀၂၂**

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၂၀၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၄၁၀၀၀၀ |
| **(ဓွဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုဇေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| နွေဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀/၁၂၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၅၈၁၅/၅၈၅၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၇၀၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၈၄၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၁၁၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၁၃၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၂၀၀ |
| **(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၈၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးခြင်း (၇)နှစ်မြောက် နှစ်ပတ်လည်နေ့တွေ့ဆုံပွဲ အခမ်းအနားကျင်းပ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က Video Message ပေးပို့၍ မိန့်ခွန်းပြောကြား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)လက်မှတ်ရေးထိုးခြင်း (၇)နှစ်မြောက်နှစ်ပတ်လည်နေ့ တွေ့ဆုံပွဲအခမ်းအနားသို့ Video Message ပေးပို့၍ မိန့်ခွန်းပြောကြားစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၅**

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)လက်မှတ်ရေးထိုးခြင်း (၇)နှစ်မြောက် နှစ်ပတ်လည်နေ့ တွေ့ဆုံပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိအမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာနၡ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က Video Message ပေးပို့၍ မိန့်ခွန်းပြောကြားသည်။

တွေ့ဆုံပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် ကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကော်မတီဝင်များ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အစမှ NCA စာချုပ်ဖြစ်ပေါ်လာသည်အထိ ကိုယ်တိုင်ပါဝင်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့်အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းနှင့် နိုင်ငံရေးပါတီတို့မှ အထူးဧည့်သည်တော်များ၊ NCA လက်မှတ်ရေးထိုးထားသောတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများဖြစ်ကြသည့် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP)၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော်(DKBA)၊ ကရင်အမျိုးသားအစည်းအရုံး ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော်-ငြိမ်းချမ်းရေးကောင်စီ(KNU/KNLA-PC)၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU)၊ မွန်ပြည်သစ်ပါတီ(NMSP)၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO)နှင့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)တို့မှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များနှင့် ဗဟိုကော်မတီဝင်များတက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ပေးပို့သည့် Video Message ကို ဖွင့်လှစ်ပြသသည်။**(Video Message ကို စာမျက်နှာ (၁)တွင် သီးခြားဖော်ပြထားပါသည်)**

(Video Message ကို စာမျက်နှာ (၁)တွင် သီးခြားဖော်ပြထားပါသည်)

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က NCA (၇)နှစ်မြောက်နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အမှာစကားပြောကြားသည်။

ယင်းနောက် NCA လက်မှတ်ရေးထိုးနိုင်ရေးဆွေးနွေးဆောင်ရွက်ခဲ့မှုနှင့်နှစ်ပတ်လည်နေ့ ကျင်းပဆောင်ရွက်ခဲ့မှုများကို အခမ်းအနားမှူးက အကျဉ်းချုံးရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အစမှ NCA စာချုပ်ဖြစ်ပေါ်လာသည်အထိ ကိုယ်တိုင်ပါဝင်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသူများ၊ NCA လက်မှတ်ရေးထိုးစဉ်က အသိသက်သေအဖြစ်ပါဝင်ခဲ့ကြသူများဖြစ်ကြသည့် UPWC ဒုတိယဥက္ကဋ္ဌနှင့် ပြည်ထောင်စုဝန်ကြီး (အငြိမ်းစား) ဦးအောင်မင်း၊ UPWC ဒုတိယဥက္ကဋ္ဌနှင့် ပထမအကြိမ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးသိန်းဇော်၊ ပြည်ထောင်စုရှေ့နေချုပ်(အငြိမ်းစား) ဦးထွန်းထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦး (အငြိမ်းစား)နှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ခေါင်းဆောင် ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌဦးစိုင်းအိုက်ပေါင်းတို့က NCA အထိမ်းအမှတ်စကားများ ပြောကြားကြသည်။

ထို့နောက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အစမှ NCA စာချုပ်ဖြစ်ပေါ်လာသည်အထိ ကိုယ်တိုင်ပါဝင်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းခေါင်းဆောင်များ၊ NCA လက်မှတ်ရေးထိုးပွဲ၌ ပါဝင်ခဲ့ကြသူများဖြစ်ကြသည့် ခိုင်စိုးနိုင်အောင်(ALP)၊ဖြားတန်ခွန်ဥက္ကာ(PNLO)နှင့် ပဒိုရွှေမောင်း(KNU)၊ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ကိုယ်စားလှယ်များဖြစ်ကြသည့် ALP ဒုတိယဥက္ကဋ္ဌ စောမြရာဇာလင်း၊ DKBA မှ စောကျော်သန်းဌေး၊ KNU/KNLAငြိမ်းချမ်းရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒေါက်တာနော်ကပေါ်ထူး၊ LDUဥက္ကဋ္ဌ ကျာဆော်လမွန်၊ NMSPဒုတိယဥက္ကဋ္ဌ နိုင်အောင်မင်း၊ PNLOဒုတိယဥက္ကဋ္ဌ ခွန်ထွန်းတင်နှင့် RCSS ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် စဝ်ဆောင်းဟန်တို့က NCA အထိမ်းအမှတ်စကားများ ပြောကြားကြသည်။

ယင်းနောက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များ ဖြစ်ကြသည့် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်နှင့် ယခင် MPC အကြီးတန်းအကြံပေး ဦးလှမောင်ရွှေ၊ ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC-U) အဖွဲ့ဝင်များဖြစ်ကြသည့် ဦးပြည့်စုံ၊ ဦးမောင်မောင်ငြိမ်းနှင့် စိုင်းမျိုးသန့်တို့က NCA အထိမ်းအမှတ်စကားများ ပြောကြားကြသည်။

ဆက်လက်၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အစမှ NCA စာချုပ်ဖြစ်ပေါ်လာသည် အထိကိုယ်တိုင်ပါဝင်ကြိုးပမ်းဆောင်ရွက်မှုအတွက် ဂုဏ်ပြုထိုက်သည့် ပုဂ္ဂိုလ်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းခေါင်းဆောင်များကို NCA (၇)နှစ်မြောက်နှစ်ပတ်လည်နေ့ ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

ထို့နောက် မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)လက်မှတ်ရေးထိုးခြင်း (၇)နှစ်မြောက်နှစ်ပတ်လည်နေ့ တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

# နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအကုံရ ဆရာတော်ကြီး၏ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်အား အန္တိမအဂ္ဂိစျာပန သာဓုကီဠန ပူဇော်ပွဲကျင်းပ



**မန္တလေး အောက်တိုဘာ ၁၅**

အောက်တိုဘာ ၉ ရက် နံနက် ၈ နာရီ ၄၁ မိနစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားသော မဟာအောင်မြေမြို့နယ် ရတနာဘုမ္မိအနောက်ရပ်ကွက် မဏိရတနာမြတောင်ကျောင်းတိုက်၏ အဓိပတိ မဟာနာယက နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တအကုံရ သက်တော် ၉၀ နှစ်၊ သိက္ခာတော်ဝါ ၇၀ ရှိ မဟာထေရ်မြတ်ကြီး၏ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်အား အန္တိမအဂ္ဂိစျာပန သာဓုကီဠနပူဇော်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းကကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးများဖြစ်သည့် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဗိုလ်မှူးကြီးကျော်ကျော်မင်း၊ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေး၊ သယံဇာတရေးရာဝန်ကြီး ဦးမျိုးအောင်၊ လူမှုရေးရာဝန်ကြီး ဦးယဉ်ထွေး၊ တိုင်းဒေသကြီး ဥပဒေချုပ် ဦးမြင့်အောင်နှင့် တာဝန်ရှိသူများ၊ ဆွေတော်မျိုးတော်များ၊ ဒါယကာ၊ ဒါယိကာမများ တက်ရောက်ဖူးမြော်ကြသည်။

ဦးစွာ ဆရာတော်၊ သံဃာတော်များ အမှူးပြု၍ ဧည့်ပရိသတ်များက အနိစ္စာဝတ သင်္ခါရာ စသော သုံးဂါထာရွတ်ဆိုကာ အခမ်းအနားကို ဖွင့်လှစ်ပြီးနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော်ကြီး၏ ထေရုပ္ပတ္တိအကျဉ်းကို မြတောင်တိုက် အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ ပဒေသာရွှေကျောင်းဆရာတော် ဘဒ္ဒန္တ ရာဇိန္ဒာဘိဝံသကလည်းကောင်း၊နိုင်ငံတော်သံဃမဟာနာယကအဖွဲ့မှ ပေးပို့ဆက်ကပ်သည့် သံဝေဂဉာဏ်ပွားတော်မူကြောင်း သဝဏ်လွှာကို နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝါသေဋ္ဌာဘိဝံသ၊ မစိုးရိမ်တိုက်သစ် ဓမ္မသမိဒ္ဓိကျောင်းဆရာတော်ကလည်းကောင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဆက်ကပ်ပေးပို့သည့် ဝမ်းနည်းကြောင်း သဝဏ်လွှာကို တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး ဦးယဉ်ထွေးကလည်းကောင်း၊ ဆရာတော်ကြီး၏ ဂုဏကိတ္တနသံဝေဂဂါထာများကို မြတောင်တိုက်ရွှေဝါဝင်းကျောင်းဆရာတော် ဘဒ္ဒန္တ ဉာဏောဒယကလည်းကောင်း အသီးသီး ရွတ်ဖတ်ပူဇော်ကြပြီးနောက် တိုင်းဒေသကြီး ဝန်ကြီးများနှင့်တပည့်ဒါယကာ၊ဒါယိကာမများက ဆရာတော်အရှင်သူမြတ်များကို သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကာ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာပဏ္ဍိတ မြတောင်ကျောင်းတိုက် သြဝါဒါစရိယ သာယာဝင်းကျောင်းဆရာတော်ထံမှ သံဝေဂကထာ နာကြား၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ထို့နောက် မြတောင်တိုက် စံကင်းမြိုင်ကျောင်းဆရာတော် ဘဒ္ဒန္တဇနကက အပြစ်ရှိက ခွင့်လွှတ်တော်မူပါရန် လျှောက်ထားသည့် ဂါထာဖြင့်လည်းကောင်း၊ မြတောင်တိုက် ရန်ကုန်ကျောင်းဆရာတော် ဘဒ္ဒန္တ နန္ဒမေဓာက ပဋ္ဌိမဝန္ဒနာဂါထာဖြင့်လည်းကောင်း ရွတ်ဖတ်ပူဇော်ကန်တော့ပြီးနောက် ရွှေတောင်မြို့ မန္တလေးကျောင်းဆရာတော်ဘဒ္ဒန္တသောဘိတက အပြစ်ရှိက ခွင့်လွှတ်တော်မူပါရန် ဝန်ချတောင်းပန်ကန်တော့လွှာကို တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမများအား ရှေ့မှတိုင်ကြားပေးခြင်းကိုလည်းကောင်း အစီအစဉ်အတိုင်း ဆောင်ရွက်ကြပြီးနောက် မဟာအောင်မြေမြို့နယ် သံဃနာယကဥက္ကဋ္ဌ ဘဒ္ဒန္တအဂ္ဂဓမ္မ မြတောင်တိုက်ခေမာဝင်းကျောင်းဆရာတော်က ဆရာတော်အား ကရဝိက်ဖောင်တော် မြတ်ယာဉ်ပေါ်သို့ လိုက်ပါကြွတော်မူပါရန် အဘိယာစနနိမန္တနဂါထာကို ရွတ်ဖတ်ပူဇော်ကာ တိုင်းဒေသကြီးဝန်ကြီးများ၊ တပည့်သံဃာတော်များ၊ ဆွေတော်မျိုးတော်များက အသီးသီးပင့်ဆောင်ပူဇော်ကြပြီး မဏိရတနာမြတောင်ကျောင်းတိုက်မှ အန္တိမအဂ္ဂိစျာပနသာဓုကီဠန ပူဇော်ကျင်းပသည့် အေးရိပ်ငြိမ်သုသာန် တေဇောဓာတ်ပူဇော်မည့်နေရာသို့ပင့်ဆောင်၍ တေဇောဓာတ်မီးပူဇော်ကာ ဆရာတော်၊ သံဃာတော်များနှင့် ဧည့်ပရိသတ်တို့က အနိစ္စာဝတ သင်္ခါရာ အစရှိသော သုံးဂါထာကို ရွတ်ဆို၍ အခမ်းအနားကိုရုပ်သိမ်းခဲ့ကြောင်းနှင့် ကြွင်းကျန်ရစ်သော အရိုးပြာများကို အောက်တိုဘာ ၁၆ ရက်တွင် ဧရာဝတီမြစ်အတွင်း ရေမျှောပွဲကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# CRPH နှင့် NUG တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသော လျှပ်စစ်ဓာတ်အားလိုင်းများ၏ တာဝါတိုင်များကို မိုင်းထောင်ဖောက်ခွဲ၊ မီးရှို့ဖျက်ဆီးခဲ့သဖြင့် ပြန်လည်ပြုပြင်ဆောင်ရွက်ထားရှိမှုအခြေအနေ




၁၃၂ ကေဗွီ ဘီလူးချောင်း(၂)-တီကျစ် ဓာတ်အားလိုင်းအား ဖျက်ဆီးထားမှုကို တွေ့ရစဉ်။



၁၃၂ ကေဗွီ ဘီလူးချောင်း(၂)-တီကျစ် ဓာတ်အားလိုင်း ပြန်လည်ပြုပြင်ပြီးစီးမှုကို တွေ့ရစဉ်။

## အောက်တိုဘာ ၁၅ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၂၅ ဦး တွေ့ရှိ

**နေပြည်တော် အောက်တိုဘာ ၁၅**

အောက်တိုဘာ ၁၄ ရက် ည ၈ နာရီမှ ယနေ့ ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၉၅၉၈ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၂၅ ဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်း ရရှိသည်။

(သတင်းစဉ်)

| ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၂၈၃၂၂ ဦး |
| သေဆုံးသူ | ၁၉၄၇၀ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၀၂၁၀၆ ဦး |

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ တိုင်းရင်းသားရိုးရာ၊ ကျေးလက်ရိုးရာအကပြိုင်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေး






**နေပြည်တော် အောက်တိုဘာ ၁၅**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် စောဒန်နီယယ်နှင့် ဒေါက်တာ ဗညားအောင်မိုးတို့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂) Plenary Hall ၌ ကျင်းပသည့် တိုင်းရင်းသားရိုးရာ၊ ကျေးလက်ရိုးရာအကပြိုင်ပွဲသို့ တက်ရောက်ပြီး ပြိုင်ပွဲဝင်အဖွဲ့များ၏ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးသည်။

အဆိုပါပြိုင်ပွဲတွင် အလွတ်တန်းအဆင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်အကအဖွဲ့များက အဖွဲ့လိုက် တိုင်းရင်းသားနှင့် ကျေးလက်ရိုးရာဝတ်စုံများဝတ်ဆင်၍ မိမိတို့၏ ယဉ်ကျေးမှုထုံးတမ်းဓလေ့များ၊ အကအလှများ၊ ရိုးသားဖြူစင်ကြသည့် တိုင်းရင်းသားလူနေမှုဓလေ့စရိုက်များနှင့် အညာဓလေ့စရိုက်များ ပေါ်လွင်စေရန် အချိုးအဆစ်ညီညာပြေပြစ်စွာဖြင့် သရုပ်ဖော်ကပြ ယှဉ်ပြိုင်ကြသည်။

ယနေ့တွင် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)ရှိ Signing Room ၌ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြှင့်တင်ရေးတေးသီချင်းပြိုင်ပွဲများ၊ News Briefing Room ၌ ဒိုးမင်းအတီးပြိုင်ပွဲများကိုလည်း ဆက်လက်ကျင်းပလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်များက အနုပညာရသပေါ်လွင်စွာဖြင့် ယှဉ်ပြိုင်လျက်ရှိကြသည့်အပြင် အနုသုခုမကိုစိတ်ဝင်စားကြသည့် ဝါသနာရှင်များကလည်း တစ်ခဲနက် လာရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပဉ္စမနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၅**

(၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ(ဗဟိုအဆင့်)ပဉ္စမနေ့ကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာ အသီးသီးတွင် စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပသည်။

ယနေ့တွင် **အမျိုးဂုဏ်၊ ဇာတိဂုဏ် မြှင့်တင်ရေး တေးသီချင်းအဆိုပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) Signing Room ၌ ကျင်းပရာ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဗမာ့သွေး"သီချင်းဖြင့်လည်းကောင်း၊ ချင်းပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှပြိုင်ပွဲဝင်များက "ခေတ်ဆန်းချိန်" သီချင်းဖြင့်လည်းကောင်း၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မဟာ" သီချင်းဖြင့်လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "သူဌေးဝါဒ" သီချင်းဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "သုံးရောင်ခြယ်" သီချင်းဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ထာဝရအဓိဋ္ဌာန်" သီချင်းဖြင့်လည်းကောင်း၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဒွေ့"သီချင်းဖြင့်လည်းကောင်း၊ မကွေးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ပုဂံမြေ" သီချင်းဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။

**တိုင်းရင်းသားရိုးရာ၊ ကျေးလက်ရိုးရာအကပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂) Plenary Hall ၌ကျင်းပရာ အလွတ်တန်းအဆင့်ပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ မမြဖူးပွင့်အကအဖွဲ့၊ မကွေးတိုင်းဒေသကြီးမှ မပြုံးပြုံးရီအကအဖွဲ့၊ မန္တလေးတိုင်းဒေသကြီးမှ ရွှေမန်းမြေကျေးလက်ယိမ်းအဖွဲ့၊ ရခိုင်ပြည်နယ်မှ ရခိုင်ရိုးရာမယိမ်တက်ယိမ်းအဖွဲ့၊ ကချင်ပြည်နယ်မှ လာချိဒ်ရိုးရာအကအဖွဲ့၊ ရှမ်းပြည်နယ်မှ ပအိုဝ်းတိုင်းရင်းသားရိုးရာအကအဖွဲ့၊ ကယားပြည်နယ်မှ ကယားတိုင်းရင်းသားရိုးရာအကအဖွဲ့၊ တနင်္သာရီတိုင်းဒေသကြီးမှ ထားဝယ်တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအဖွဲ့၊ မွန်ပြည်နယ်မှ မွန်ရိုးရာ ၁၂ မျိုးယိမ်းအဖွဲ့၊ ကရင်ပြည်နယ်မှ ကရင်ရိုးရာဒုံးယိမ်းအဖွဲ့၊ ချင်းပြည်နယ်မှ ဆာလန်းရိုးရာအကအဖွဲ့၊ စစ်ကိုင်းတိုင်းဒေသကြီးမှမိုးဇာပြောအကအဖွဲ့၊ ပဲခူးတိုင်းဒေသကြီးမှ ကရင်တိုင်းရင်းသားရိုးရာအကအဖွဲ့နှင့် ရန်ကုန်တိုင်းဒေသကြီးမှ ဒေါ်နန်းစမ်းပွင့်အေး အကအဖွဲ့တို့က ကပြယှဉ်ပြိုင်ကြသည်။

**ရုပ်စုံသဘင် အဖွဲ့လိုက်ပြိုင်ပွဲ**ကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ "ငါးပါးအကျွရာ"ဇာတ်တော်ကြီး ရုပ်စုံသဘင်အဖွဲ့လိုက် ဝါသနာရှင်အဆင့်(ပထမတန်း)ပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးကိုယ်စားပြု ရုပ်စုံသဘင်အဖွဲ့က တင်ဆက်ကပြ ယှဉ်ပြိုင်ကြသည်။

**ဇာတ်တော်ကြီးပြိုင်ပွဲ**ကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနရှိ လေ့ကျင့်ရေးဇာတ်ရုံ၌ကျင်းပရာ "ရာမာယဏ" ဇာတ်တော်ကြီး ဝါသနာရှင်အဆင့် (ပထမတန်း)ပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု ဇာတ်တော်ကြီးအဖွဲ့က မူရင်းရာမာယဏဇာတ်တော်ကြီး၏ တီးလုံးတီးချက်များကိုမြန်မာ့ဇာတ်သဘင်၏ ဆိုင်ပြောပညာရပ်များ၊ အကအလှများနှင့် အနုပညာရသမြောက် ပေါင်းစပ်ပြီးယှဉ်ပြိုင်ကြသည်။

**အရေးပြိုင်ပွဲ**ကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ကျင်းပရာ အဆင့်မြင့်ပညာအဆင့်ပြိုင်ပွဲတွင် ကယားပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "အားမာန်သစ်တည် ရွှေ့သို့ချီ" ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ကြသည်။

**အိုးစည်ပြိုင်ပွဲ**ကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနရှိ လေ့ကျင့်ရေးဇာတ်ရုံ၌ကျင်းပရာ ဝါသနာရှင်အဆင့်(ပထမတန်း)ပြိုင်ပွဲတွင် ချင်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်အဖွဲ့များက လည်းကောင်း၊ အခြေခံပညာအဆင့် အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း ပြိုင်ပွဲတွင် ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်အဖွဲ့များက လည်းကောင်း၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း)ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်အဖွဲ့များကလည်းကောင်း၊ အဆင့်မြင့်ပညာအဆင့်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်အဖွဲ့များကလည်းကောင်း တီးခတ်ယှဉ်ပြိုင်ကြသည်။




**ဒိုးမင်းပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂) News Briefing Room ၌ကျင်းပရာ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှပြိုင်ပွဲဝင်များက "ထွန်းလင်းလျှံလက်"(ပတ်ပျိုး)ဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဒီပါမြေ" (ပတ်ပျိုး)ဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးမှပြိုင်ပွဲဝင်က "ဒီပါမြေ" (ပတ်ပျိုး)ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "ဟေမဝန်ချာ"(ဘွဲ့) ဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် အသက် ၁၀ နှစ် မှ ၁၅ နှစ်အတွင်း အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှပြိုင်ပွဲဝင်က "မှန်ညောင်သဇ္ဈာ"(ဘွဲ့)ဖြင့် လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "သီလာမြေယံ"(ကြိုး)ဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် အသက် ၁၀ နှစ် မှ ၁၅ နှစ်အတွင်း အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှပြိုင်ပွဲဝင်က "သီလာမြေယံ"(ကြိုး)ဖြင့် လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "မှန်ညောင်သဇ္ဈာ"(ဘွဲ့)ဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "နှင်းယွန်းခါဟေမာန်"(ယိုးဒယား) ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်မှပြိုင်ပွဲဝင်က "ကျေးစေတမန်" (ကာလပေါ်)ဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "နှင်းယွန်းခါဟေမာန်" (ယိုးဒယား)ဖြင့် လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှပြိုင်ပွဲဝင်က "တောနှင့်တောင်စွယ်" (ယိုးဒယား) ဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးမှပြိုင်ပွဲဝင်က "သုဝဏ္ဏသျှံ" (ကာလပေါ်)ဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် အသက် ၁၅ နှစ် မှ၂၀ နှစ်အတွင်း အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "နန်းသီဟိုဠ်" (ယိုးဒယား)ဖြင့်လည်းကောင်း တီးခတ်ယှဉ်ပြိုင်ကြသည်။

**ပလွေပြိုင်ပွဲ**ကို အမျိုးသားပြတိုက် (နေပြည်တော်)ရှိ Mini Theatre ၌ ကျင်းပရာ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "ချစ်သမျှကို"(ပတ်ပျိုး) ဖြင့် လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "လေပြည်ဆော်သွင်းမြူး"(ယိုးဒယား) ဖြင့် လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဆဒ္ဒန်အိုင်သာ"(သီချင်းခံ)ဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် အသက် ၁၀ နှစ် မှ ၁၅ နှစ်အတွင်း အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "ထွေတလာ"(ကြိုး)ဖြင့် လည်းကောင်း၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှပြိုင်ပွဲဝင်များက "စိမ်းလဲ့လဲ့ညိုပြာ" (ကြိုး)ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "လာချေပြီ"(ကြိုး) ဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှပြိုင်ပွဲဝင်က "ကျွန်းကျွန်းပိုင်သ"(ကြိုး)ဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "မန်းတောင်လက်ရာ" (ယိုးဒယား)ဖြင့်လည်းကောင်း၊ ချင်းပြည်နယ်မှပြိုင်ပွဲဝင်က "နှင်းယွန်းဂိမ္ဘာန်"(မွန်)ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "အောင်မြေသာစံ"(ပတ်ပျိုး)ဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း အမျိုးသားပြိုင်ပွဲတွင် ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မြန်ခန်းကျွန်းတွင်း"(ကြိုး) ဖြင့်လည်းကောင်း တီးမှုတ်ယှဉ်ပြိုင်ကြသည်။

**ကွက်စိပ်ပြိုင်ပွဲ**ကို အမျိုးသားစာကြည့်တိုက်(နေပြည်တော်)ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ကျင်းပရာ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် ချင်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မဟော်သဓာဇာတ်တော်ကြီး" ခေါင်းစဉ်ဖြင့် ဇာတ်တော်ကြီး၏ အနှစ်သာရနှင့် ဦးတည်ချက်ပေါ်လွင်အောင် နှုတ်မှုစွမ်းရည်ပြသ ဟောပြောယှဉ်ပြိုင်ကြသည်။

ယနေ့ပြိုင်ပွဲများကျင်းပရာ နေရာအသီးသီးသို့ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ လူမှုရေးဝန်ကြီးများနှင့် တာဝန်ရှိသူများ လာရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# စစ်တွေမြို့ရှိ လောကာနန္ဒာစေတီတော်မြတ်ကြီး၌ အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ ပဋ္ဌာန်းသိမ်းအောင်ပွဲပြုလုပ်



စစ်တွေမြို့ရှိ လောကာနန္ဒာစေတီတော်မြတ်ကြီး၌ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ပဋ္ဌာန်းသိမ်းအောင်ပွဲ ပြုလုပ်စဉ်။

**နေပြည်တော် အောက်တိုဘာ ၁၅**

ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ပဋ္ဌာန်းသိမ်းအောင်ပွဲကို ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ရှိ လောကာနန္ဒာစေတီတော်မြတ်ကြီး၌ပြုလုပ်ရာ ပြည်နယ်ဩဝါဒါစရိယ စစ်တွေမြို့ နန္ဒာရာမပရိယတ္တိစာသင်တိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တနန္ဒာသိရီ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက နန္ဒာရာမပရိယတ္တိစာသင်တိုက်ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။ ထို့နောက် မြို့နယ်သံဃနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် စစ်တွေမြို့ ဒက္ခိဏာရာမကျောင်းတိုက် ပဓာနနာယကဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တမေဃိယက အနုမောဒနာဂါထာဖတ်ကြားပြီး တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြည်နယ်ဩဝါဒါစရိယ စစ်တွေမြို့ ဓမ္မသုခဘုန်းတော်ကြီးကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသောမထံမှ အနုမောဒနာတရားနာကြားကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြပြီး သံဃာတော်များကို နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် အောက်တိုဘာ ၁၅**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှေ့ဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၄၃၂၉ ဦး၊ ရခိုင်ပြည်နယ် ပေါက်တောမြို့နယ်နှင့် ကျောက်ဖြူမြို့နယ်တို့၌ ဒေသခံပြည်သူ ၃၁၆ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၁၇၁၁ ဦးတို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ ကျောင်းသား၊ ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများထိုးနှံပေးလျက်ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခရိုင်တို့၌ ကျောင်းသား၊ ကျောင်းသူ ၂၆၆ ဦးတို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရာတွင် အထောက်အကူပြုစေရန်အတွက် Mask များကို ပြည်သူများလက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှတာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်နှင့် မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ်တို့ရှိ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာနေရာများတွင် နယ်မြေခံတပ်မတော်သားများက ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့များနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေးဆောင်ရွက်ခြင်း၊ Mask များ တပ်ဆင်ပြီးသွားလာကြရန် လှုံ့ဆော်ခြင်းနှင့် Mask များကို ဒေသခံပြည်သူများ လက်ဝယ်အရောက် အခမဲ့ပေးဝေလှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။



ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်ရှိ ဒေသခံပြည်သူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးစဉ်။

# ကျိုင်းတုံမြို့ရှိ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းအတွင်း၌ ကွန်ကရစ်လူသွားလမ်း ဖောက်လုပ်ပြီးစီးမှုကြည့်ရှု



တြိဂံဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း၌ ကွန်ကရစ်လူသွားလမ်း ဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၅**

တြိဂံဒေသတိုင်း စစ်ဌာနချုပ်နှင့် စေတနာရှင်အလှူရှင်များက စုပေါင်းလှူဒါန်းသော ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းအတွင်း၌ ကွန်ကရစ်လူသွားလမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းတွင် တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင်နှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှအဆင်ပြေ ချောမွေ့စွာတင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၅**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ အောက်တိုဘာ ၁ ရက်မှ ယနေ့ထိ ကုမ္ပဏီငါးခုက ယာဉ် ၁၀ စီးဖြင့် နှာခေါင်းစည်း(Mask) ၆၉ ဒသမ ၃၂ တန် တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်း၊ ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူ သိရှိစေရန်ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# တရားမဝင်သစ်မျိုးစုံ၊ စားသုံးဆီ၊ လူသုံးကုန်ပစ္စည်း၊ လုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၁၅**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၃ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့ အတွင်းရေးမှူးဦးဆောင်သောပူးပေါင်းစစ်ဆေးရေးအဖွဲ့က သတင်းအရစစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လှိုင်သာယာစက်မှုဇုန်(၃)ရှိ ဂိုဒေါင်တစ်လုံးအတွင်း၌ စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသောစားသုံးဆီ ၃၃ ဒသမ ၁၄၉တန်ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၉၃၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အောက်တိုဘာ ၁၄ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့် မြန်မာစက်မှုဆိပ်ကမ်းကုန်သေတ္တာစစ်ဆေးရေးစခန်း၌ တာဝန်ကျအကောက်ခွန်အဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကုန်သေတ္တာတစ်လုံးအတွင်း၌ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားသည်ထက်ပိုမိုပါရှိလာသော Clear Float Glass များ ခန့်မှန်းတန်ဖိုးငွေကျပ် ၆၆၅၂၉၂၄ကိုသိမ်းဆည်းရမိခဲ့ပြီးအကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြဝတီ(OSS)ကုန်သွယ်ရေးဇုန်၌တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသော GALVA NIZEDSTEEL PIPE များ ကီလိုဂရမ် ၄၀၀၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၇၁၄၀၀၀၀ ကိုသိမ်းဆည်းရမိခဲ့ပြီးအကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့က ရွှေဘိုမြို့နယ်အတွင်း၌ လိုင်စင်မဲ့ ANBO အမျိုးအစား လိုင်စင်မဲ့မော်တော်ဆိုင်ကယ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀ ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က မုံရွာမြို့ ကျွဲရဲပူးပေါင်း စစ်ဆေးရေးဂိတ်၌ အကောက်ခွန်မဲ့ BENSON တံဆိပ် စီးကရက်ဖာ ၅၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသော NISSAN အမျိုးအစား မော်တော်ယဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၀၀၀၀၀ ကိုအကောက်ခွန်လုပ်ထုံးလုပ်နည်းအရ လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၈၂၅၀၀၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီးသစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်၊ ညောင်လေးပင်ခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း တရားမဝင်သစ်မျိုးစုံ ၃၉ ဒသမ ၉၉၄၂ တန် ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၅၁၃၆၀၅၄ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ အောက်တိုဘာ ၁၃ ရက်မှ ယနေ့ထိဖမ်းဆီးရမိမှုစုစုပေါင်းအမှုတွဲ ကိုးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၀၀၈၉၇၈ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

**World Food Day**

**ကမ္ဘာ့စားနပ်ရိက္ခာနေ့**

**၂၀၂၂ အောက်တိုဘာ ၁၆ ရက်**

ထွက်ကုန်မြှင့်တင် တိုးထုတ်လျှင်
ကောင်းမွန်ပြည့်ဝ အာဟာရ၊ ဝန်းကျင်လုပ တို့ဘဝ
လူတိုင်းစေ့ငရရှိကြ

## မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး သဘောထားထုတ်ပြန်ချက်

ကျိုက်ထီးရိုးဘုရား ကင်မွန်းချောင်း တောင်တက်ကားဂိတ်ကို အကြမ်းဖက်သမားများက လက်နက်များဖြင့် လာရောက်ပစ်ခတ်မှုကြောင့် ဘုရားဖူးပြည်သူ ၁၉ ဦး ထိခိုက်ဒဏ်ရာရပြီး သုံးဦးသေဆုံးခဲ့ကြောင်း ကြားသိခဲ့ရပါသည်။

ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးကို လာရောက်ဖူးမြော်ပြီး ကုသိုလ်ကောင်းမှုများပြုလုပ်နေချိန် အခွင့်ကောင်းယူကာ ပြည်သူများပျက်စီးရေးကို ရွေးရှာလျက် အကြမ်းဖက်မှုများကို ပြုလုပ်ခဲ့သည့်အဖွဲ့အစည်းများကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး**

☆ **ကျောဖုံးမှအဆက်**

ဆန်းဒေးမက်သရှူးစ်က ရှမ်းယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည်။ ဦးဆောင်ဂိုးပေးခဲ့ရပြီးနောက်ပိုင်းတွင် ရောဝတီယူနိုက်တက်အသင်းက ဂိုးသွင်းခွင့်အချို့ရရှိခဲ့သော်လည်း အဆုံးသတ်ပိုင်းမသေချာမှုများကြောင့် လွဲချော်ခဲ့ရပြီး ပထမပိုင်းအပြီးတွင် ရှမ်းယူနိုက်တက်အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် ရောဝတီယူနိုက်တက်အသင်းက ချေပဂိုးပြန်လည်သွင်းယူနိုင်ရေး တရစပ်တိုက်စစ်ဆင်ဖိအား ပေးကစားခဲ့ရာ ပွဲချိန် ၅၇မိနစ်တွင် ရန်ကျော်ထွေးက ရောဝတီယူနိုက်တက် အသင်းအတွက် ချေပဂိုးသွင်းယူနိုင်ခဲ့သည်။ ရောဝတီယူနိုက်တက်အသင်း ချေပဂိုးရရှိခဲ့ပြီးနောက်ပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းက ပြန်လည်ဖိအားပေး ကစားခဲ့ရာပွဲချိန်မိနစ် ၇၀ တွင် ဇင်မင်းထွန်းက ဦးဆောင်ဂိုးသွင်း ယူနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် ရှမ်းယူနိုက်တက်အသင်းက ရောဝတီယူနိုက်တက်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါပွဲစဉ်တွင် ရှမ်းယူနိုက်တက်အသင်းက အနိုင်ရရှိခဲ့သည့်အတွက် ယခုနှစ်ဘောလုံးရာသီတွင် ရှုံးပွဲမရှိ စံချိန်ကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့ပြီး အမှတ်ပေးဇယားထိပ်ဆုံးမှ ဦးဆောင်နိုင်ခဲ့ကာ အောက်တိုဘာ ၁၆ရက် ညနေ ၃ နာရီခွဲတွင် မြန်မာနေရှင်နယ်လိဂ် ထိပ်သီးနှစ်သင်းဖြစ်သည့် ဟံသာဝတီ ယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားသွားမည် ဖြစ်ကြောင်း သိရသည်။

**STA**

❖ **ဖမ်းဆီးရမိမှု**

မိုးကုတ်-ပြင်ဦးလွင် သွားကားလမ်း၊ ဆင်စားကုန်းကျေးရွာအနီးတွင် မိုးကုတ်ဘက်မှ ပြင်ဦးလွင်ဘက်သို့ ငွေအောင်မောင်းနှင်ပြီး မင်းမင်းလိုက်ပါလာသည့် DONGFENG ခြောက်ဘီးမော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်တွင် ဘီလပ်မြေအိတ်များဖြင့် ဖုံးအုပ်သယ်ဆောင်လာသည့် ဒေသကာလတန်ဖိုးငွေကျပ် ဘီလီယံ ၃၀ ကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ကီလို ၁၅၀၀ နှင့် ကက်တမင်း တစ်ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ အိုက်စ်နှင့် ကက်တမင်းတို့ကို ရှမ်းပြည်နယ် (မြောက်ပိုင်း)မှ ရခိုင်ပြည်နယ်သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့ကို ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

# ချင်းပြည်နယ် ဟားခါးမြို့ ထာရ်(၁)ရပ်ကွက်ရှိ ခရိုင်မီးသတ်ရုံးကို CDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်၊ မော်တော်ယာဉ်များကို မီးရှို့ဖျက်ဆီး





CDF အမည်ခံ အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့သည့် ဟားခါးမြို့ ထာရ်(၁)ရပ်ကွက် ခရိုင်မီးသတ်ရုံးမှ မော်တော်ယာဉ် နှစ်စီး၏မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် အောက်တိုဘာ ၁၅**

အကြမ်းဖက်သမားများ အနေဖြင့် တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်နှင့် ပြည်သူလူထု အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်၍ လက်ပစ်ဗုံးများ၊ လက်လုပ်ဗုံးများ၊ လက်လုပ်မိုင်းများ၊ လက်နက်ကြီး၊ လက်နက်ငယ်များကိုအသုံးပြု၍ အများပြည်သူသွားလာလုပ်ရှားနေသော လမ်းမကြီးများ၊စာသင်ကျောင်းများ၊ ပြည်သူပိုင်အဆောက်အအုံများ၊ အများပြည်သူများနှင့်သက်ဆိုင်သည့်နေရာများ၊ စစ်ရေးနှင့်မသက်ဆိုင်သည့် နေရာများ၊ အစိုးရရုံး၊ ဌာနများနှင့် အဆောက်အအုံများကို ဖောက်ခွဲဖျက်ဆီး၊ ပစ်ခတ်တိုက်ခိုက်နှောင့်ယှက်ခြင်းများ ပြုလုပ်လျက်ရှိသည်။

ထိုသို့ပြုလုပ်လျက်ရှိရာ ယနေ့နံနက် ၃ နာရီခန့်တွင် ချင်းပြည်နယ် ဟားခါးမြို့ ထာရ်(၁)ရပ်ကွက်ရှိ ခရိုင်မီးသတ်ရုံးကို CDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် အကြောင်းမဲ့ လာရောက်ပစ်ခတ်တိုက်ခိုက်ပြီး မော်တော်ယာဉ်များကို မီးရှို့ခဲ့သဖြင့် အဆိုပါအနီးတစ်ဝိုက်လုံခြုံရေးဆောင်ရွက်နေသောတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အပြန်အလှန်ထိတွေ့မှုဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သမားများ အနောက်မြောက်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း၊ ထိုသို့ ပစ်ခတ်တိုက်ခိုက်မီးရှို့ဖျက်ဆီးမှုကြောင့် မီးသတ်ရုံးအတွင်းရှိ မီးသတ်ယာဉ်နှစ်စီး မီးလောင်ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါ အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်မီးရှို့ဖျက်ဆီးခဲ့သည့် CDF အမည်ခံအကြမ်းဖက်သမားများကို အမြန်ဆုံးဖမ်းဆီးဖော်ထုတ်၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေး လုပ်ငန်းများကို ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

# လူတိုင်း အာဟာရပြည့်ဝဖို့ စားနပ်ရိက္ခာ ပိုမိုထုတ်လုပ်ကြပါစို့

မောင်သောင်းဝင်း(တမန်ဟောင်း)

နှစ်စဉ်အောက်တိုဘာ ၁၆ ရက်သည် ကမ္ဘာ့စားနပ်ရိက္ခာနေ့ဖြစ်သည်။ ၁၉၇၉ ခုနှစ် နိုဝင်ဘာလတွင် ပြုလုပ်သည့်အကြိမ်(၂၀)မြောက် FAO ညီလာခံ၌ အဖွဲ့ဝင်နိုင်ငံများက နှစ်စဉ် အောက်တိုဘာ ၁၆ ရက်ကို ကမ္ဘာ့စားနပ်ရိက္ခာနေ့ ကျင်းပသွားရန် အကြံပြုဆွေးနွေးခဲ့ကြသည်။ ထို့ကြောင့် ကနေဒါနိုင်ငံ Quebec မြို့၌ စတင်ဖွဲ့စည်းခဲ့သော စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (Food and Agricultural Organization-FAO) ကို ဂုဏ်ပြုသောအားဖြင့် နှစ်စဉ် အောက်တိုဘာ ၁၆ ရက်ရောက်ရှိချိန်တွင် ကမ္ဘာတစ်ဝန်း၌ ကမ္ဘာ့စားနပ်ရိက္ခာနေ့အခမ်းအနားများ ကျင်းပကြသည်။ ထို့ပြင် ကမ္ဘာတစ်ဝန်းတွင် ဆာလောင်မွတ်သိပ်သူ လုံးဝပပျောက်ရေးအတွက် ကောင်းမွန်သော ရည်ရွယ်ချက်ဖြင့် ကမ္ဘာ့စားနပ်ရိက္ခာနေ့ကို ကျင်းပလျက်ရှိကြသည်။ ၂၀၂၂ ခုနှစ်အတွက် ကမ္ဘာ့စားနပ်ရိက္ခာနေ့ ဆောင်ပုဒ်မှာ "ထွက်ကုန်မြှင့်တင် တိုးထုတ်လျှင် ကောင်းမွန်ပြည့်ဝအာဟာရ၊ ဝန်းကျင်လှပ တို့ဘဝ လူတိုင်းဧစ္ဆင ရရှိကြ" ဖြစ်သည်။

**အခြေခံအခွင့်အရေး**

ဆာလောင်မွတ်သိပ်နေသူများကို ကိုယ်ချင်းစာနာနိုင်ရေး၊ လူသားအားလုံးစားနပ်ရိက္ခာလုံခြုံရေးနှင့် အစာအာဟာရပြည့်ဝစွာရရှိရေးတို့အတွက် လိုအပ်ချက်များကို ကမ္ဘာတစ်ဝန်းရှိပြည်သူအားလုံးသိရှိစေရန်ဆိုသောရည်ရွယ်ချက်များဖြင့် ကမ္ဘာ့စားနပ်ရိက္ခာနေ့ကို ကျင်းပခြင်းဖြစ်သည်။ လူသားအားလုံးသည် စားနပ်ရိက္ခာဖူလုံစွာရရှိရန် အခြေခံအခွင့်အရေးရှိသည်ဆိုသောသဘောတရားကိုသိရှိနိုင်စေရန်အတွက်လည်း ရည်ရွယ်ကာ ထိုနေ့ကို ကျင်းပခြင်းဖြစ်သည်။ ထို့ကြောင့် ကမ္ဘာတစ်ဝန်းရှိနိုင်ငံပေါင်း ၁၅၀ ကျော်တွင် ကမ္ဘာ့စားနပ်ရိက္ခာနေ့အခမ်းအနားကို စည်ကားသိုက်မြိုက်စွာကျင်းပလျက်ရှိသည်။ မြန်မာနိုင်ငံတွင်လည်း နှစ်စဉ်ကျင်းပလျက်ရှိသည်။

စားနပ်ရိက္ခာဖူလုံစွာရရှိရေးသည် အခြေခံအကျဆုံးသောလူ့အခွင့်အရေးတစ်ရပ်ပင်ဖြစ်သည်။ မြန်မာတို့သည် "ထမင်းအသက်ခုနစ်ရက်၊ ရေအသက် တစ်မနက်" ဆိုသောစကားကို ပြောဆိုလေ့ရှိကြသည်။ ဆိုလိုသည်မှာ လူတစ်ဦးသည် အစာအာဟာရမရှိလျှင် ခုနစ်ရက်ထက်ပို၍ ဆက်လက်အသက်ရှင်သန်နိုင်စွမ်း မရှိကြောင်းကို ရည်ညွှန်းပြောဆိုခြင်းဖြစ်သည်။ ထို့ပြင် စား၊ ဝတ်၊ နေရေးသည် သက်ရှိလူသားများအတွက် အခြေခံလိုအပ်ချက်လည်းဖြစ်နေသည်။ ထိုအစာအာဟာရသည် လူတစ်ဦးကျန်းမာသန်စွမ်းစွာ ရှင်သန်နိုင်ရေးအပြင် ဦးနှောက်ဖွံ့ဖြိုးမှုအတွက်ပါ များစွာအရေးပါလျက်ရှိသည်။ အထူးသဖြင့် လူတစ်ဦးသည် ကိုယ်၊ စိတ်၊ ဉာဏ်၊ အာဟာရညီမျှနေမှသာလျှင် သက်ရှည်ကျန်းမာနေမည်ဖြစ်သည်။ အာဟာရပြည့်ဝစွာဖြင့် ရှင်သန်ကြီးထွားလာသောလူတစ်ဦးသည် စိတ်ဓာတ်လည်းကြံ့ခိုင်လေ့ရှိသည်။

**ဆာလောင်မွတ်သိပ်မှုဒဏ်ခံစားနေရသူများ**

ကမ္ဘာတစ်ဝန်းတွင် လူဦးရေ သန်း ၁၀၀၀ ခန့်သည် အလွန်အမင်း ဆာလောင်မွတ်သိပ်မှုဒဏ် ခံစားနေကြရသည်။ ဆိုလိုသည်မှာ ကမ္ဘာ့လူဦးရေ ခုနစ်ဘီလီယံကျော်၏ ၁၄ ရာခိုင်နှုန်းကျော်သည် စားနပ်ရိက္ခာဖူလုံရန်လိုအပ်နေဆဲပင်ဖြစ်သည်။ ဆာလောင်မွတ်သိပ်မှုဒဏ်ခံစားနေရသူအများစုသည် ဖွံ့ဖြိုးဆဲနိုင်ငံများမှဖြစ်ကြသည်။ အထူးသဖြင့် အနောက်အာရှနှင့် အာဖရိကဒေသမှပြည်သူများဖြစ်ကြသည်။ အများစုသည် အမျိုးသမီးများနှင့်ကလေးငယ်များဖြစ်ကြသည်။ ပဋိပက္ခများ၊ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များ၊ နည်းစနစ်လွဲမှားသော စိုက်ပျိုးရေးအလေ့အထများ၊ လူဦးရေအဆမတန်တိုးပွားလာမှုနှင့် ဆင်းရဲမှုများသည် စားနပ်ရိက္ခာဖူလုံစွာ မရရှိသောအကြောင်းတရားများဖြစ်သည်။

ကမ္ဘာတစ်ဝန်းတွင် ဆာလောင်မွတ်သိပ်မှုကြောင့် နှစ်စဉ်ကလေးငယ် ၃ ဒသမ ၁ သန်းကျော်သေဆုံးနေရပြီး ၁၀ စက္ကန့်လျှင် ကလေးငယ်တစ်ဦးနှုန်း သေဆုံးနေသည်။ ဆိုလိုသည်မှာ နေ့စဉ် တစ်မိနစ်လျှင် ကလေးငယ်ခြောက်ဦး သေဆုံးနေခြင်းဖြစ်




သည်။ ထိုပြဿနာကို ကိုင်တွယ်ရန်အတွက် အားလုံး၏ ပူးပေါင်းဆောင်ရွက်မှုများ များစွာလိုအပ်နေပြီဖြစ်သည်။ ထို့ပြင် အသက် ငါးနှစ်အောက် ကလေးငယ် ၉၉ သန်းကျော်မှာလည်း အာဟာရချို့တဲ့လျက်ရှိကြသည်။ အထူးသဖြင့်ကမ္ဘာပေါ်တွင် ဓနအင်အားကြွယ်ဝသောနိုင်ငံများအနက် တစ်နိုင်ငံဖြစ်သည့် အမေရိကန်နိုင်ငံ၌ပင်လျှင် လူ ခုနစ်ဦးလျှင် တစ်ဦးသည် လုံလောက်သောအစာအာဟာရမရရှိသေးဟု ဆိုသည်။ ဆိုလိုသည်မှာ တိုင်းပြည်လူဦးရေ၏ ၁၄ ဒသမ ၃ ရာခိုင်နှုန်းသည် လုံလောက်သော အစာအာဟာရလိုအပ်လျက်ရှိသည်။

လူသားတို့သည် နေ့စဉ်အစာအာဟာရကို မူလနေရင်းနိုင်ငံတွင်ဖူလုံစွာမရရှိနိုင်သောကြောင့် ရွှေ့ပြောင်းသွားလာလုပ်ကိုင်စားသောက်နေကြရသည်။ ဆိုလိုသည်မှာ သက်ရှင်ကြွင်းကျန်နိုင်ရန်အတွက် ရေကြည်ရာမြက်နုရာရှာကြရသည်။ ဆင်းရဲမှု၊ လက်နက်ကိုင်ပဋိပက္ခ၊ နိုင်ငံရေးမတည်ငြိမ်မှုနှင့် စီးပွားရေးအခက်အခဲများကြောင့် ရွှေ့ပြောင်းသွားလာနေရခြင်းဖြစ်သည်။ မည်သူမျှ ဇာတိချက်ကြွေမွေးရပ်မြေနှင့် မွေးဖွားရာနိုင်ငံကိုစွန့်လွှတ်လိုစိတ်မရှိကြပေ။ မတတ်သာ၍သာ သွားလာနေရခြင်းဖြစ်သည်။ စား၊ ဝတ်၊ နေရေး အဆင်ပြေနေမည်ဆိုလျှင်၊ အထူးသဖြင့်အစာအာဟာရ ဖူလုံစွာရရှိနေမည်ဆိုလျှင် ရွှေ့ပြောင်းသွားလာမှုများ လျော့နည်းသွားမည်ဖြစ်သည်။

**အစာအာဟာရချို့တဲ့မှု၏ အကျိုးဆက်များ**

ကမ္ဘာပေါ်ရှိလူသားအားလုံးသည် စားနပ်ရိက္ခာဖူလုံမှုရှိသင့်သည်။ အစာအာဟာရချို့တဲ့သူများသည် လေ့လာသင်ယူနိုင်စွမ်းခက်ခဲခြင်း၊ ကုန်ထုတ်လုပ်နိုင်စွမ်းကျဆင်းခြင်း၊ မကြာခဏဖျားနာကြခြင်းတို့ကို ကြုံကြရသည်။ အာဟာရချို့တဲ့မှုကြောင့် တစ်ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးဆုံးရှုံးမှုကုန်ကျစရိတ်သည် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၅ ထရီလီယံထိရှိသည်ဟုဆိုသည်။ ထို့ပြင် ဆာလောင်မွတ်သိပ်မှုသည် ကမ္ဘာလုံးဆိုင်ရာမလုံခြုံမှုနှင့် သဘာဝပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှုတို့ကိုလည်း ဖြစ်ပေါ်စေနိုင်သည်။ ကမ္ဘာတစ်ဝန်းတွင် အာဟာရချို့တဲ့မှုနှင့် ဆက်နွယ်သောရောဂါများကြောင့် နှစ်စဉ် အသက် ငါးနှစ်အောက် ကလေးငယ် ငါးသန်းခန့် အသက်ဆုံးရှုံးနေကြရသည်။ ဆင်းရဲသောနိုင်ငံများရှိ ကလေးငယ် ၁၀ ဦးတွင် လေးဦးသည် အာဟာရချို့တဲ့မှုကြောင့် ကိုယ်ခန္ဓာနှင့်ဦးနှောက်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ်များ ကမောက်ကမဖြစ်နေကြရသည်။

**စားနပ်ရိက္ခာလုံခြုံမှုနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှု**

ကမ္ဘာတစ်ဝန်း ရွှေ့ပြောင်းသွားလာသူများစွာသည် ဖွံ့ဖြိုးဆဲနိုင်ငံများသို့ ရောက်ရှိလာလေ့ရှိကြသည်။ ထိုသို့ရောက်ရှိလာခြင်းကြောင့် မူလကတည်းကအရင်းအမြစ်ရှားပါးသောဒေသများတွင် လူနေမှုဘဝပိုမိုနိမ့်ကျလာရသည်။ ကမ္ဘာပေါ်တွင် ဆင်းရဲသူ လေးပုံသုံးပုံသည် စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသအသက်မွေးဝမ်းကျောင်းလုပ်ငန်းများပေါ်တွင်သာမှီတည်နေကြရသည်။ ထို့ကြောင့် ကျေးလက်နေပြည်သူများအတွက် အခြေအနေကောင်းများဖန်တီးပေးရန်လိုအပ်သည်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက်ရင်းနှီးမြှုပ်နှံခြင်းသည် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်သဖြင့် ရွှေ့ပြောင်းသွားလာမှုကိုလျှော့ချနိုင်သည်။ ထို့ပြင် စားနပ်ရိက္ခာလုံခြုံမှုအတွက်လည်း များစွာ အထောက်အကူဖြစ်စေသည်။ လူသားအားလုံးသည် ကျန်းမာ၊ ချမ်းသာစွာ အသက်ရှင်နေထိုင်နိုင်ရေးအတွက် ဘေးကင်းလုံခြုံပြီး အာဟာရပြည့်ဝသော အစာအာဟာရရရှိနေခြင်းကို စားနပ်ရိက္ခာလုံခြုံမှုရှိသည်ဟုဆိုသည်။

**မြီးဖြုံးခြေဟာသင့်**

လတ်တလောအချိန်တွင် ကမ္ဘာတစ်ဝန်း၌ ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှုကြောင့် စိုက်ပျိုးရေးလုပ်ငန်းများနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ထိရောက်စွာ လုပ်ဆောင်နိုင်ခြင်းမရှိကြပေ။ အကျိုးဆက်အနေဖြင့် စားနပ်ရိက္ခာအပါအဝင် ကုန်ပစ္စည်းအားလုံး နီးပါးသည် ဈေးနှုန်းမြင့်တက်လျက်ရှိသည်။ အထူးသဖြင့် အစားအစာဈေးနှုန်းများသည် ၁၀ နှစ်အတွင်း အမြင့်ဆုံးအဆင့်သို့ရောက်ရှိလာခဲ့သည်။ထို့ကြောင့် နိုင်ငံသားတစ်ဦးတစ်ယောက်ချင်းစီအနေဖြင့် မြီးခြုံချေတာရေးမှ ကျင့်သုံးသွားသင့်ပေသည်။ အသုံးနှင့် အဖြုန်းကို ခွဲခြားသိသင့်ပေသည်။ ဓနအင်အားကြွယ်ဝသော ပြည်သူများအနေဖြင့် ကမ္ဘာတစ်ဝန်း စားနပ်ရိက္ခာဖူလုံရေး အထူးသဖြင့် ဆာလောင်မွတ်သိပ်မှုဒဏ်ခံစားနေရသည့်ပြည်သူများအတွက် အစားအစာများကို လိုအပ်သလောက်သာချက်ပြုတ် စားသောက်သွားသင့်ပေသည်။ ပိုလျှံပြီး လေလွင့်မှုများ မဖြစ်ရလေအောင် ချင့်ချိန်ချက်ပြုတ်စားသောက်သွားသင့်ပေသည်။ စည်းနှင့်ကမ်းနှင့် အသုံးပြုခြင်းသည် ဝင်ငွေချွေတာရာရောက်ပေသည်။

**လူတိုင်း အာဟာရပြည့်ဝဖို့ စားနပ်ရိက္ခာပိုမိုထုတ်လုပ်ကြပါစို့**

မည်သို့ပင်ဆိုစေကာမူ လူသားတိုင်းသည် ဆာလောင်မွတ်သိပ်မှုကင်းဝေးပြီး လုံလောက်သော စားနပ်ရိက္ခာဖူလုံမှုရရှိရန် အခြေခံအခွင့်အရေးများရှိကြသည်။ လူသားအားလုံးသည် အစားအသောက် ဝယ်ယူနိုင်သည့်လုံလောက်သော ဝင်ငွေရရှိနေမှသာလျှင် စားနပ်ရိက္ခာဖူလုံသည့်အခွင့်အရေးကို အပြည့်အဝရရှိနိုင်ကြမည်ဖြစ်သည်။ ကမ္ဘာတစ်ဝန်းတွင် စားနပ်ရိက္ခာဖူလုံရေးရည်ရွယ်လျက် ကမ္ဘာ့ခေါင်းဆောင်များသည် အလွန်အမင်းဆင်းရဲမှုနှင့် ဆာလောင်မွတ်သိပ်မှုပပျောက်ရေးအတွက် ၂၀၀၀ ပြည့်နှစ်ကတည်းက ထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များ ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။

ဆိုရလျှင် နှစ်စဉ်အောက်တိုဘာ ၁၆ ရက်သည် ကမ္ဘာ့စားနပ်ရိက္ခာနေ့ဖြစ်သည်။ စားနပ်ရိက္ခာဖူလုံစွာရရှိရေးသည် အခြေခံအကျဆုံးသောလူ့အခွင့်အရေးတစ်ရပ်ပင်ဖြစ်သည်။ ကမ္ဘာပေါ်တွင် ပြည်သူများစွာ၊အထူးသဖြင့် အမျိုးသမီးများနှင့်ကလေးငယ်များသည် ဆာလောင်မွတ်သိပ်မှုဒဏ်ခံစားနေကြရသည်။ ရွှေ့ပြောင်းသွားလာမှုများ၊ ပဋိပက္ခများ၊ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များ၊ နည်းစနစ်လွဲမှားသောစိုက်ပျိုးရေးအလေ့အထများ၊ စိုက်ပျိုးရေးသွင်းအားစုများ ဈေးနှုန်းအဆမတန်မြင့်တက်လာမှုများ၊ လူဦးရေအဆမတန်တိုးပွားလာမှုနှင့်ဆင်းရဲမှုများသည် စားနပ်ရိက္ခာဖူလုံစွာမရရှိသော အကြောင်းတရားများဖြစ်သည်။ စားနပ်ရိက္ခာဖူလုံခြင်းသည် လူသားအားလုံးနှင့် ဤကမ္ဘာမြေကြီးအတွက် ကောင်းကျိုးများကိုသာ အဘက်ဘက်မှဖြစ်ပေါ်လာစေသည်။ ထို့ကြောင့် စားနပ်ရိက္ခာလုံခြုံရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မဟာဗျူဟာနှင့် နည်းဗျူဟာများချမှတ်ကာ အလေးထားဆောင်ရွက်သွားရန်လိုအပ်နေပြီဖြစ်သည်။ ပြည်တွင်းပဋိပက္ခများ၊ ဝါဒရေးရာပြိုင်ပွဲများနှင့် ဖျက်စွမ်းအားပြင်း စစ်လက်နက်များထုတ်လုပ်စမ်းသပ်ရာတွင် အသုံးပြုနေသော ငွေကြေးများကို အာဟာရချို့တဲ့နေသော ကလေးငယ်များနှင့် အမျိုးသမီးများအတွက်သာ အကျိုးရှိစွာအသုံးပြုသွားမည်ဆိုလျှင် ဆာလောင်မွတ်သိပ်မှုဒဏ်ခံစားနေရသူဦးရေသည် အတိုင်းအတာတစ်ခုထိ လျော့ကျလာမည်မှာအမှန်ပင်ဖြစ်သည်။ ထို့ကြောင့် ကမ္ဘာတစ်ဝန်းတွင် မြီးခြုံချွေတာရေးမူဝါဒကျင့်သုံးပြီး လူတိုင်းအာဟာရပြည့်ဝဖို့ စားနပ်ရိက္ခာပိုမိုထုတ်လုပ်သွားကြပါစို့ဟု အကြံပြုတိုက်တွန်းလိုပါသည်။

0w Kw W @

# ဒီမိုကရေစီ ကာလသားခေါင်း

မောင်သိန်းနိုင်(လက်ဖက်ရည်)



(၁)

"ကျုပ်တို့ကတော့ ဒီနှစ် ကိုဖိုးထောင်ပဲ ကြိုက်တယ်ဗျာ"

"တို့ကတော့ ကိုသာဂိပဲကွ"

"သာဂိဆိုတဲ့ကောင်က ဆတ်ဆတ်ကြဲကွ၊ ဖြီးတော့ မဟုတ်မခံ၊ မှန်တယ်ထင်လို့ကတော့ ဘယ်အရာမျိုးမှ သိပ်ဂရုစိုက်တာမဟုတ်ဘူး။ ပြောလဲပြတ်တယ်၊ လုပ်လဲပြတ်တဲ့လူစားမျိုး၊ တို့ကတော့ သာဂိပဲဟေ့"

"ဒီမှာဆရာကြီး စိတ်တော့မရှိနဲ့ဗျာ၊ မပြောမဖြီး မတီးမမြည်ဆိုသလိုပဲ၊ လောကမှာ မှန်တယ်ထင်တိုင်း ဇွတ်လုပ်လို့မရတဲ့ အရာတွေရှိသေးတယ်ဗျ။ လုပ်ရဲ ကိုင်ရဲဖြစ်ပေမဲ့ နှလုံးသားနဲ့ဆုံးဖြတ်တတ်တဲ့ ဦးနှောက် ရှိရသေးတယ်ဗျာ။ ကျုပ်တို့ ကိုဖိုးထောင်ကတော့ အရာရာကို စဉ်းစားချင့်ချိန်တတ်တဲ့သူဖြစ်တော့ ကျုပ်တို့ကတော့ ကိုဖိုးထောင်ပဲဗျို့"

ကွင်းချောင်းရွာကလေး၏ ရွာလယ်လက်ဖက်ရည် ဆိုင်တွင် လူငယ်တစ်သိုက်စကားစစ်ထိုးနေကြသည်။ သီတင်းကျွတ်လပြည့်နေ့တွင် ရွာလူငယ်ထုအတွက် အဓိကကျသော ကာလသားခေါင်းရွေးပွဲရှိသည်။ ငါးနှစ်တစ်ကြိမ်ရွေးချယ်သော ထိုကာလသားခေါင်း ရွေးပွဲသည် တစ်ဖက်နှင့်တစ်ဖက် အပြိုင်အဆိုင်များ လည်းရှိကြသည်။ စကားလုံးများနှင့်လည်း ထိုးနက်ကြ ပြန်သေးသည်။ နံနက် ၆ နာရီဆို ကွင်းချောင်းရွာ၏ လက်ဖက်ရည်ဆိုင်တွင် ရွာရှိလူငယ်မောင်မယ်များ စုရုံးရောက်ရှိလာလေ့ရှိသည်။ ရပ်ရေးရွာရေး၊ စီးပွား ရေး အကြောင်းအရာမှအစ ပြဿနာပေါင်းစုံငြင်းခုံရာ ဘူမိနက်သန်အရပ်လည်းဖြစ်သည်။ လက်ဖက်ရည်ဆိုင် ဝင်း၏ ခေါင်းရင်းဘက်ဝိုင်းတွင် လူငယ်တစ်စုအခြေ အတင်ဆွေးနွေးနေခြင်းဖြစ်သည်။

"ကိုကြီးသိန်းမောင် ဒီဘက်ဝိုင်းလာဗျာ"

ဖျင်လွယ်အိတ်ကို ပခုံးတစ်ဖက်တွင် ဘေးစောင်း လွယ်ထားသော ကိုသိန်းမောင်သည် လှမ်း၍ခေါ်လိုက် သော လက်ဖက်ရည်ဝိုင်းဘက်သို့ လျှောက်လာပြီး ဝင်ထိုင်လိုက်သည်။

"ကဲ. . . မြခိုင် ဘာတွေများ အလိုတော်ရှိလို့ ခေါ်ရတာလဲဆိုစမ်းပါအုံး"

"ဒီလို ကိုသိန်းမောင်ရေ။ လာမဲ့ သီတင်းကျွတ် လပြည့်နေ့မှာ ကျွန်တော်တို့ရွာရဲ့ လူငယ်ကာလသား ခေါင်းရွေးပွဲရှိတယ်ဗျာ။ ကိုသာဂိနဲ့ ကိုဖိုးထောင်တို့ နှစ်ယောက်ဝင်ရွေးမှာဆိုတော့ ကျွန်တော်တို့ကာလသား တွေအတွက် အရွေးမမှားဖို့လိုတယ်မဟုတ်လားဗျာ"

"ဟုတ်တာပေါ့ကွ"

အသည်းကြားက မဲတစ်ပြားက အရွေးမှားရင် တို့ရွာလူငယ်တွေ အလွဲလွဲအမှားမှားတွေဖြစ်သွား မှာပေါ့ကွ"

ကိုသိန်းမောင်သည် လက်ဖက်ရည်အကြမ်း ဖန်ခွက်ထဲသို့ ရေနွေးကိုငှဲ့ကာ တစ်ကျိုက်မော့ သောက်လိုက်သည်။

"ကဲ. . . ဒါနဲ့ဆက်ပြောပါအုံး"

"ဒီလိုဗျာ"

မြခိုင်သည် ပါးစောင်တွင်ငုံထားသော ကွမ်းဖတ်ကို လက်ဖက်ရည်ဆိုင်ထောင့်သို့ ထွေးထုတ်လိုက်သည်။ ခုံဝိုင်းပေါ်တွင် အသင့်ငှဲ့ထားသော ရေနွေးခွက်ကို တစ်ကျိုက်ငုံ၍ ပလုတ်ကျင်းလိုက်သေးသည်။

(၂)

"ကိုကြီးသိန်းမောင်က မြို့ကျောင်းမှာ ဘွဲ့တွေ ဘာတွေယူလာတဲ့သူဆိုတော့ ကျုပ်တို့ထက် ပညာ တတ်တယ်ဗျာ။ နောက်ပြီး ကျောင်းသားသမဂ္ဂအဖွဲ့ဝင် လဲလုပ်ခဲ့သေးတယ်ဆိုတော့ ကျုပ်တို့ထက် အတွေ့ အကြုံအများကြီးရှိတယ်ဗျာ။ လိုရင်းပြောရရင်တော့ ကျုပ်တို့ရွာ ကာလသားခေါင်းရွေးပွဲကို ကိုကြီး သိန်းမောင်ရဲ့ အမြင်လေးသိချင်တာဗျာ"

"ဟေ့ မြခိုင် မင်းကတော့ ငါ့ကိုဇွတ်ပြောခိုင်းနေ တာပဲ။ ဒီမိုကရေစီဆိုတာ ကိုယ်ပိုင်ပြောဆိုခွင့်၊ ကိုယ် ပိုင်လုပ်ကိုင်ခွင့်၊ ကိုယ်နှစ်သက်ရာကြိုက်ပိုင်ခွင့်ရှိတယ် လေကွာ။ ငါ့အမြင်နဲ့ မင်းအမြင်တူချင်မှတူမှာပေါ့ကွ။ ငါကြိုက်တိုင်းမင်းမကြိုက်နိုင်သလို မင်းကြိုက်တိုင်းလဲ ငါကြိုက်ချင်မှကြိုက်မှာလေကွာ။ ငါက ငါ့အမြင်ကို ပြောပြပြီဆိုပါတော့ မင်းတို့က ငါပြောတာကို နားထောင်ပေးနိုင်ပါ့မလား။ တစ်ခုတော့ပြောမယ်ကွာ အတွေးအခေါ်မတူလို့ပဲဖြစ်ဖြစ်၊ အမြင်မတူလို့ပဲဖြစ် ဖြစ် စကားမများ ရန်မဖြစ်ကြေးဆိုရင် ငါပြောမယ်ကွာ"

မြခိုင်တို့လူငယ်တစ်သိုက် တစ်ယောက်မျက်နှာ တစ်ယောက် အပြန်အလှန်ကြည့်နေကြသည်။ မာကျော သောတောင်နံရံကို ဖောက်ထွက်လိုသော သူတို့၏ ဦးနှောက်ဆဲလ်များက အပြန်အလှန်မေးခွန်းထုတ်နေ တော့သည်။ အတန်ကြာသော်-

"ကိုကြီးသိန်းမောင် ကျုပ်တို့လက်ခံတယ်ဗျာ"

(၃)

"ကဲ. . . ဒါဆိုရင် ဒီမိုကရေစီဆိုတာ ဘာလဲနဲ့ အရင်စမယ်"

"ကိုကြီးသိန်းမောင်ရာ ဒီမေးခွန်းက ရိုးရှင်းပါတယ် ဗျာ။ ဒီမိုကရေစီဆိုတာ လွတ်လပ်စွာလုပ်ပိုင်ခွင့်ပေါ့ဗျာ"

မြခိုင်သည် ရိုးရှင်းသောပုစ္ဆာအတွက် လွယ်ကူ သောအဖြေတစ်ခုကိုပေးလိုက်နိုင်သည်ဟုထင်မိသော ကြောင့် တက်ကြွတဲ့ကြက်ဖပုံပေါက်နေသည်။

"လွတ်လပ်စွာပြောဆိုခွင့်ကွ"

လက်ဖက်ရည်ဆိုင်ထဲသို့ ဝင်လာကတည်းက သူများပြောတာကိုပဲ နားထောင်နေသောအေးကြိုင် သည် ဒီတစ်ခါတော့ ပြတ်ပြတ်သားသားပြောလိုက်ဟန် ရှိသည်။ သူ့စကားသံတို့သည် မှန်ရာကိုဆိုဝံ့သည့်အလား မာကျောခက်ထန်နေတော့သည်။

"ကျုပ်ကတော့ ဘုန်းကြီးကျောင်းသားဆိုတော့ ဒီမိုကရေစီဆိုတာ လွတ်လပ်စွာသဘောထားကွဲလွဲခွင့် လို့မြင်တယ်ဗျာ"

"ဟေ့ ဘုန်းကြီးကျောင်းသားလေးမောင်ကောင်း စကားလုံးတွေက လူအဖွဲ့အစည်းထဲက ထွက်လာသလို ပဲဟေ့။ မိုက်တယ်ဟေ့"

ကိုသိန်းမောင်သည် လွယ်အိတ်ထဲမှာ ဖက်ကြမ်း ဆေးလိပ်ကိုထုတ်၍ မီးညှိကာ တစ်ရှိုက်လောက် ရှိုက်ဖွာထုတ်လိုက်သည်။

"ကဲ. . . မင်းတို့အမြင်တွေ ပြောပြီးပြီဆိုတော့ ငါတို့တွေ အဲဒီတစ်ယောက်ချင်းဆီရဲ့အမြင်တွေကို ဝေဖန်လေကန်ကြည့်ကြရမှာပေါ့ကွာ"

ကိုသိန်းမောင်နှင့် ကျုပ်တို့လူငယ်တစ်ဖွဲ့လည်း တဟားဟားရယ်မောပြီး ပုဆိုးပြင်ဝတ်သူကဝတ်၊ အပေါ့ထသွားသူကသွား၊ ရေနွေးကြမ်းငှဲ့သောက်သူက သောက်နှင့် စကားကြောခဏဖြတ်လိုက်ကြသည်။

(၄)

"မြခိုင်ပြောတဲ့လွတ်လပ်စွာလုပ်ပိုင်ခွင့်ကို အရင် ဆွေးနွေးမယ်ဟေ့။ အေးကြိုင်နဲ့မောင်ကောင်း အမြင် ကလေးပြောစမ်းပါအုံး"

"ဒါဆိုရင်တော့ အရင်နှစ်က ရွာအရှေ့ပိုင်းက ကာလသားခေါင်းအကြောင်းပဲ မြေလှန်ရမှာပဲဗျ။ အရင်ကဆို ကျွန်တော်တို့လူငယ်တွေ ညဘက် ညဘက် လူစုပြီး ဂစ်တာမတီးရဘူးဗျာ။ ဂစ်တာတီးရ မြန်တော့လဲ ည ၁၁ နာရီလောက်ဆို ရပ်ပစ်ရတယ်။ ကိုလေးဖြူတို့၊ အငဲတို့သီချင်းတွေဆိုရင် အော်ပြီးဆိုရ တာဆိုတော့ အသံကအဖွဲ့လိုက်ဆိုကြတာဆိုတော့ အသံပိုမြိုင်တယ်ဗျ။ အဲဒီလိုအသံကျယ်ကျယ်လဲ မဆို ခဲ့ရဘူး။ အရှေ့ပိုင်းက ကာလသားခေါင်းလက်ထက်ကျ တော့ ကျွန်တော်တို့လူငယ်တွေ အခွင့်အရေးရလာ တယ်ဗျာ။ ညဆိုရင် ၁ ချက်ခွဲထိဆိုလို့ရတယ်။ ဒါ ကျွန်တော်တို့လူငယ်တွေအတွက် ကိုယ်ပိုင်လုပ်ပိုင်ခွင့် လို့မြင်တယ်ဗျာ။ ကိုကြီးသိန်းမောင်အမြင်ကလေး ပြောပါအုံးဗျ"

ကိုသိန်းမောင်သည် သောက်လက်စဆေးလိပ်တိုကို ဆေးလိပ်ခွက်ထဲသို့ မီးငြိမ်းသတ်ရင်း-

"ကဲ. . . အခု အစ်ကိုမီးငြိမ်းလိုက်တဲ့ ဆေးလိပ် တိုကို မြင်ကြတယ်နော်။ သောက်တာတော့ အစ်ကို တစ်ယောက်တည်းသောက်တာပေါ့။ ဒါပေမဲ့ ဆေးလိပ် ကထွက်တဲ့မီးခိုးကိုကျတော့ တို့တစ်ဝိုင်းလုံးကလူတွေ ရှူရှိုက်မိကြတယ်။ အစ်ကိုစိတ်အစ်ကိုကိုယ်နဲ့ သောက်လိုက်ပေမဲ့ ငါ့ညီတို့ပါ ရောဂါဖြစ်ရပြီပေါ့။ ဒီသဘောပဲကွ ဒီမိုကရေစီစံနှုန်းရဲ့ ကိုယ်ပိုင်လုပ်ကိုင် ခွင့်ဆိုတာ တစ်ပါးသူအပေါ် ဆိုးကျိုးသက်ရောက်မှု နည်းနိုင်သမျှနည်းနေရမယ်၊ ပြီးတော့ ကိုယ့်ရဲ့ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုလို့ခေါ်တဲ့ တွေးတော ကြံစည်မှုတွေက သူတစ်ပါးကို မထိခိုက်ဖို့လိုတယ်လို့ အစ်ကိုမြင်တယ်ဟေ့။ လာမဲ့ သီတင်းကျွတ်လ ကာလ သားခေါင်းရွေးချယ်ပွဲမှာ ကိုသာဂိကိုရွေးမလား၊ ကိုဖိုး ထောင်ကိုရွေးမလားဆိုတာ ငါ့ညီတို့ ကိုယ့်ဘာသာ ကိုယ်ဆုံးဖြတ်ကြပေါ့ကွာ"

"အေးကြိုင်ပြောတဲ့ လွတ်လပ်စွာပြောဆိုခွင့်ကို ဆွေးနွေးမယ်ဟေ့"

"လွတ်လွတ်လပ်လပ်ပြောဆိုခွင့်ဆိုတာ တကယ် အသွင်အပြင်အရဆို အနှစ်သာရတကယ်ရှိတာကွ။ ကိုယ်ဖြစ်ချင်တာကို အကြောက်တရားမရှိပြောဆိုလိုက် ရတဲ့ပီတိက ဘာနဲ့မှအစားထိုးမရဘူးကွ။ ဒါပေမဲ့ တစ် ချက်တော့ရှိတယ်နော်။ ကိုယ့်ရဲ့ပြောဆိုတဲ့စကားကမှန် ကန်ဖို့လိုသလို ကိုယ့်ရဲ့စကားလုံးတိုင်းက သူတစ်ပါးရဲ့ ဂုဏ်သိက္ခာကို ထိခိုက်မှု၊ နစ်နာမှုတွေမရှိဖို့လိုတယ်ဆို တာတော့ အဓိကသိထားရမဲ့အချက်ထဲက တစ်ခုပေါ့ကွာ"

"ကိုသိန်းမောင်ပြောသလိုဆို မှန်တယ်ထင်လို့ ပြောတာတောင် ပြောခွင့်မရှိဘူးဖြစ်နေသလိုပဲဗျာ"

အေးကြိုင်သည် သူ့၏စကားကိုထောက်ပြဝေဖန် နေသော ကိုသိန်းမောင်ကို သိပ်မကျေနပ်သောအသွင် အပြင်ရှိသည်။

"မှန်တယ်ထင်တိုင်းမပြောဆိုရဘူးလို့ တို့ဗုဒ္ဓမြတ်စွာ ဘုရားရှင်က ဟောကြားခဲ့တယ်လေကွာ။ မှန်တော့ မှန်ပြီး နှစ်ဦးနှစ်ဖက်အကျိုးအမြတ်မရှိဘူးဆိုရင် မပြော ရဘူးလို့ ဟောထားတာဒေသနာတော်တွေမှာ အတိ အလင်းပဲ ရှင်းပြပြီးသားပါ။ မှန်ပြီးအကျိုးအမြတ်မရှိတဲ့ စကားပြောမိလို့ ကမ္ဘာမှာတောင် နိုင်ငံတချို့သွေးချောင်း စီးတဲ့ စစ်ပွဲတွေဖြစ်ခဲ့တာမနည်းပါဘူးကွာ"

"ကိုသိန်းမောင်ပြောတာ ဟုတ်တော့ဟုတ်ပါတယ် ဗျာ။ ဒါပေမဲ့. . . "

အေးကြိုင်တစ်ယောက် လက်ခံသလို၊ လက်မခံသလို နှင့် ဒွိဟစိတ်နှင့်သာ သက်ပြင်းချလိုက်မိတော့သည်။

"မောင်ကောင်းရဲ့လွတ်လပ်စွာသဘောထားကွဲလွဲ ခွင့်အကြောင်း ဝိုင်းစဉ်းစားကြရအောင်နော်"

ကိုသိန်းမောင်သည် မီးငြိမ်းနေသောဆေးလိပ်တိုကို မီးညှိ၍ ဖွာချလိုက်သည်။

"တို့ရွာမှာ အဓိကဖြစ်နေတာ အဲဒီပြဿနာပဲ။ အသွင်မတူဘူး၊ အမြင်မတူဘူးဆိုပြီး အရှေ့ပိုင်းနဲ့ အနောက်ပိုင်းအမြဲရန်ဖြစ်လာတာ ရွာတည်ကတည်း က အခုထိဆို နှစ်ပေါင်းများစွာကြာခဲ့ပြီကွ။ အခုထိကို သဘောထားတွေကွဲကောင်းတုန်း၊ ခက်တာကအစွဲကွ။ တို့ရွာသားတွေက အစွဲကြီးတော့ အကွဲအပြဲလဲ ကြီးကြတာပေါ့။ သူကြိုက်ရာ၊ ကိုယ်ကြိုက်ရာကို တူရာ စုပြီး မတူရာညှိလိုက်ရင်တော့ လာမဲ့လပြည့်နေ့ ကာလသားခေါင်းရွေးချယ်ပွဲမှာ ကိုဖိုးထောင်နဲ့ ကိုသာဂိတို့ လူရွေးပွဲကတော့ သမာသမတ်ကျမယ် ထင်တာပဲမောင်တို့ရေ"

ကိုသိန်းမောင်က သူ့စကားကို ဤသို့အဆုံးသတ်ကာ ပြုံးပြုံးကြီးငြိမ်သက်နေပါတော့သည်။

# ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၁၅၂၁၁၆ ဧက စိုက်ပျိုးပြီးစီး



**ကန့်ဘလူ အောက်တိုဘာ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၁၅၂၁၁၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၁၄၅၁၁၅ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၅၂၁၁၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်၍ လျာထားဧကထက် ၇၀၀၁ ဧက ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

“ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကန့်ဘလူမြို့နယ်မှာ မိုးစပါးဧက ၁၄၀၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားတာ။ အခုလက်ရှိမှာ မိုးစပါး ၁၅၂၁၁၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်တယ်။ မိုးစပါးဧက လျာထားချက်ထက် ၇၀၀၁ ဧက ပိုမိုစိုက်ပျိုးနိုင်ခဲ့တယ်။ ဒီနှစ်က ရာသီဥတုအခြေအနေကောင်းမွန်တဲ့အတွက်ကြောင့် လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့တာပါ။ မိုးစပါးစိုက်ပျိုးမှုကတော့ တစ်နှစ်နဲ့တစ်နှစ် တိုးစိုက်တဲ့အနေအထားမှာရှိပါတယ်”ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးစပါးစိုက်ပျိုးတောင်သူများအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန် အသိပညာပေးခြင်း၊ သဘာဝမြေဩဇာပြုလုပ်သုံးစွဲနည်းပညာများနှင့် မိုးသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန်၊ စီးပွားမျိုးများစိုက်ပျိုးကြရန် နည်းပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနေကြောင်း သိရသည်။

ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီ၌ ဆည်ရေ၊ မြစ်ရေ၊ ချောင်းရေ၊ ကန်ရေ၊ ချောင်းပိတ်မြောင်းပိတ်၊ လျှပ်စစ်ရေတင်နှင့် မိုးကောင်းသောက်စနစ်တို့ဖြင့် စိုက်ပျိုးခဲ့ကြပြီး ကန့်ဘလူမြို့နယ်တွင် ဆင်းသုခ၊ ရွှေမင်း၊ ပေါ်ဆန်း၊ ရွှေသွယ်ရင်နှင့် မနောသုခမျိုးများကို စိုက်ပျိုးကြကြောင်း သိရသည်။ (၂၀၆)

# ကွတ်ခိုင်မြို့နယ် နမ့်ဟူးအွန်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ကွတ်ခိုင် အောက်တိုဘာ ၁၅**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် နမ့်ဟူးအွန်ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကွတ်ခိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဇင်လတ်နှင့်ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ နမ့်ဟူးအွန်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)ဖြင့် ဆောင်ရွက်သည့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။



အဆိုပါကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည်ပေ ၅၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၀၀ အသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး ရာနှုန်းပြည့် ဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း ကွတ်ခိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဇင်လတ်က ပြောပြ၍ သိရသည်။

**ကျော်ခိုး**

# မိုးမိတ်မြို့နယ် တဲကြီးကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မိုးမိတ် အောက်တိုဘာ ၁၅**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုးမိတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော တဲကြီးကုန်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုးမိတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဘရန်ဆိုင်းနှင့်စီမံကိန်းတာဝန်ခံဝန်ထမ်းများက တဲကြီးကုန်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးဘရန်ဆိုင်းက ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် လမ်းရေရှည်တည်တံ့စေရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

တဲကြီးကုန်းကျေးရွာ၌ ကျေးရွာတွင်း လမ်းအရှည်ပေ ၆၇၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၀၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၇၁ ဒသမ ၅ သိန်း စုစုပေါင်းငွေကျပ် ၁၇၁ ဒသမ ၅ သိန်းဖြင့် ကျေးရွာနေပြည်သူများကိုယ်တိုင် ဩဂုတ်လ ဒုတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှုကြောင့် တဲကြီးကုန်းကျေးရွာရှိ ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်ရေးပိုမိုကောင်းမွန်၍ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း မိုးမိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဘရန်ဆိုင်းက ပြောပြ၍ သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

## တူရာသီလှမြင်ကွင်း

\- ဝါလတွေ ကင်းလွတ်လို့
သီတင်းကျွတ်သို့ ရောက်ခဲ့ပြီ၊
ဝသန်ခွာ ဥတုဆောင်းသို့
ပြောင်းတဲ့ရာသီ၊
ကြာငါးပါး စုံအညီ
လှိုံပယ်ပြီ ရေလယ်စမ်း၊
စိမ်းလဲ့ညို နွယ်ကြာရိုးနဲ့
ရေစက်ခို အမှုန်ပွင့်ပေါ့
တင့်တယ်သည့်ပန်း။

\- မြတ်စိန္တေ ဝတိံနန်းရယ်က
မြန်းကြွလို့ ဆင်းတော်မူ၊
များဝေနေ သူတော်ကောင်းတို့
မီးမြင်းမိုရ် သဒ္ဓါပြု
ပေါင်းစုကပ်လှူ၊
အဘိဓမ္မာတရား နာကြားယူ
ရာသီတူရဲ့ လပြည့်ထူး၊
သီလလုံ ရှင်ရဟန်းနဲ့
မိဘဆရာ ရှိသေထိုက်လို့
ဦးတိုက်ရှင်မြူး။

\- ကျီးတာရာ ရာသီကူး
ဆောင်းလေဖြူး တသုန်သုန်၊
အသဝန် ယှဉ်နက္ခတ်နဲ့
မြေဝလာ မြူငွေ့သိုင်းတော့
မှိုင်းပျလို့မှုန်၊
ကလေးငယ်တို့ မြူးထူးကုန်
ကလို့ခုန် ဆင်ပျော်နွဲ၊
ဝေဟင်ဆီ ခရီးသွားဖို့
ထက်ကောင်းကင် လေဟုန်စီးတဲ့
မီးပုံးပျံပွဲ။ ။

**ရှုလိုင်ဖွား(မလမ)**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လေ့ကားလက်ရန်၊ စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# ချစ်စရာ့အရွယ် စာဖတ်မယ်

**ကလေး စာပေကဏ္ဍ**

# အသိုက်အမြုံ

မင်္ဂလာပါ ကလေးတို့ရေ။ ကလေးတို့ကို မမလေး ပြောပြပေးမဲ့ပုံပြင်လေးကတော့ အသိုက်အမြုံလို့ ခေါ်တယ်ကွဲ့။ ကလေးတို့လဲ မမလေး ပြောပြမဲ့ပုံပြင်လေးကို နားထောင်ပေးကြပါအုံးကွယ်။

တစ်ခါတုန်းကပေါ့ ရွာတစ်ရွာမှာ ဖိုးထူးဆိုတဲ့ ကောင်လေးတစ်ယောက်ရှိသတဲ့။ ဖိုးထူးလေးဟာ ဖေဖေ၊ မေမေ၊ ဘိုးဘိုး၊ ဘွားဘွားတို့နဲ့အတူတကွ ပျော်ပျော်ရွှင်ရွှင်နေထိုင်ကြသတဲ့။ ဖေဖေ၊ မေမေ၊ ဘိုးဘိုး၊ ဘွားဘွားတို့ကလဲ ဖိုးထူးလေးကို အလွန်ချစ်ရှာသတဲ့။ ဖိုးထူးလေးဟာ လိမ္မာရေးခြားရှိပေမဲ့လဲ ပိုးကောင်လေးတွေကိုဖမ်းရတာ အလွန်ဝါသနာပါသတဲ့။ ကျောင်းပိတ်ရက်တွေဆိုရင် လောက်လေးခွ တစ်လက်နဲ့ ငှက်ကလေးတွေကိုလဲ လိုက်ပစ်တတ်သတဲ့ကွယ်။ သစ်ပင်တွေပေါ် လိုက်တက်ပြီး ငှက်သိုက်ထဲမှာ ရှိတဲ့ မပျံသန်းနိုင်သေးတဲ့ ငှက်ပေါက်လေးကိုလဲ လိုက်ဖမ်းတယ်ကွဲ့။ လောက်လေးခွနဲ့ပစ်လို့ တစ်ခါတလေ လေးခွမှန်ပြီး သေသွားတဲ့ငှက်ကလေးတွေကိုလဲ ဖိုးထူးလေးဟာ သူငယ်ချင်းတွေနဲ့အတူတူ မီးကင်စားတယ်ကွဲ့။ ဖိုးထူးလေးရဲ့အမေဟာ သူလုပ်ရပ်တွေကို သိတော့ ဖိုးထူးလေးကို ဆူပူကြိမ်းမောင်းပါတော့တယ်။ သူတစ်ပါးအသက်ကိုသတ်ရင် ငရဲကြီးတတ်တယ်။ သူတစ်ပါးမိသားစုကို ပြိုကွဲအောင်လုပ်ရင် ကိုယ့်မိသားစုနဲ့လဲ ကွဲရတတ်တယ်လို့ အမြဲဆုံးမတာပေါ့ကွယ်။ ဖိုးထူးလေးဟာ မိခင်ရဲ့ဆုံးမစကားကိုလဲ အလေးနက်မထားဘူးတဲ့။ အမေရှိက်လဲခဏပါပဲ။ ပိုးကောင်လေးတွေတွေ့ရင်ဖမ်းတယ်။ ငှက်တွေတွေ့ရင် လောက်လေးခွနဲ့ပစ်တဲ့အကျင့်ကို လုံးဝမဖျောက်ဘူးတဲ့ကွယ်။

တစ်နေ့မှာတော့ ဖိုးထူးလေး ကျောင်းကပြန်လာချိန် ဝမ်းနည်းစရာတစ်ခုနဲ့ ကြုံတွေ့ရပါတော့တယ်ကွယ်။ အဲဒါကတော့ ဖိုးထူးလေး ဖေဖေနဲ့မေမေဟာ အထုပ်အပိုးတွေနဲ့ နိုင်ငံခြားကိုအလုပ်သွားတော့မလို့ပြင်ဆင်နေကြတယ်ကွဲ့။ ဖိုးထူးလေးဟာ ဖေဖေနဲ့ မေမေကိုခွဲရတော့မယ်ဆိုတဲ့အသိနဲ့ ဝမ်းနည်းပြီးရှိုက်ကြီးတငင် ငိုကြွေးပါတော့တယ်။ ဖိုးထူးလေး ဖေဖေနဲ့မေမေကလဲ ဖိုးထူးလေးကိုဖက်ပြီး ငိုကြတာပေါ့ကွယ်။

အဆင်မပြေလို့ အလုပ်သွားရမှာဖြစ်ကြောင်း သူ့



အတွက် မုန့်တွေအများကြီးနဲ့ ကစားစရာအများကြီး ဝယ်ပို့ပေးမယ်ဆိုပြီး နှစ်သိမ့်ပေးတာပေါ့ကွယ်။ အလုပ်အဆင်ပြေလို့ ပိုက်ဆံတွေအများကြီးရရင် မြန်မြန်ပြန်လာခဲ့မယ်လို့ပြောပြီး သူ့မေမေနဲ့ဖေဖေဟာ ထွက်သွားကြတာပေါ့ကွယ်။

သူသိပ်ချစ်ရတဲ့ မေမေနဲ့ဖေဖေ ထွက်သွားတော့ ဖိုးထူးလေးဟာ အလွန်ဝမ်းနည်းပြီး နောက်ကနေ ပြေးလိုက်တော့တာပေါ့ကွယ်။ ဒါပေမဲ့ ထွက်သွားတဲ့ ကားကို သူဘယ်လိုလုပ်ပြီး လိုက်လို့မီပါ့မလဲကွယ်။ ဖိုးထူးလေးဟာ ဝမ်းနည်းလွန်းလို့ သစ်ပင်ကြီးတစ်ပင် အောက်မှာ ထိုင်ငိုပြန်သတဲ့။ အဲဒီအချိန်မှာပဲ ငှက်ကလေးတစ်ကောင်ရဲ့အော်သံကို သူကြားလိုက်ရတယ်ကွဲ့။ သူကြည့်လိုက်တော့ ငှက်ကလေးဟာ တောင်ပံလဲ မစုံသေးဘူး။ ကောင်းစွာမပျံသန်းနိုင်သေးဘူးပေါ့ကွယ်။ ဖိုးထူးငိုနေသလို ငှက်ကလေးကလဲ ကျီ. . . ကျီ. . .နဲ့အော်ငိုနေတာပေါ့ကွယ်။ ဖိုးထူးလေး မိဘတွေ နောက်ကိုလိုက်သလို ငှက်ကလေးလဲ မိဘတွေပျောက်လို့ရှာနေတာပေါ့ကွယ်။ ဖိုးထူးလေးဟာ သူနဲ့အဖြစ်ချင်းတူတဲ့ ငှက်ကလေးကို အလွန်သနားသွားတယ်ကွယ်။ ငှက်ကလေးကို ယုယုယယပွေ့ချီလိုက်ပြီး သစ်ပင်ပေါ်မှာရှိတဲ့ အသိုက်လေးထဲ ပြန်ထည့်ပေးလိုက်တယ်ကွယ်။

"ငှက်ကလေးရေ မေမေ၊ ဖေဖေတို့နဲ့လဲ အမြန်ဆုံး ပြန်ဆုံပါစေ"လို့လဲ ဆုတောင်းပေးလိုက်သတဲ့ကွယ်။ မကြာခင် ငှက်ကလေးမေမေ ငှက်မကြီး ပြန်ရောက်လာသတဲ့ကွယ်။ ငှက်မိသားစုပျော်ရွှင်နေတာကိုကြည့်ပြီး ဖိုးထူးလေးလဲ ဝမ်းနည်းတာတွေ ပျောက်ဆုံးသွားတာပေါ့ကွယ်။

"သားရယ် ပိုးကောင်လေးတွေ၊ ငှက်လေးတွေကို ဖမ်းလာပြန်ပြီလား။ သူ့မိသားစုနဲ့ ကွဲသွားရပြန်ပြီ။ သားဝဋ်လည်မယ်၊ နောက်တစ်ခါမလုပ်ရဘူးနော်" ဆိုတဲ့ မိခင်ရဲ့စကားကို ပြန်ကြားယောင်မိသတဲ့ကွယ်။ ဖိုးထူးလေးဟာ မျက်ရည်တွေကိုသုတ်ပြီး ပိုးကောင်လေးတွေ၊ ငှက်ကလေးတွေကို ဘယ်တော့မှ မဖမ်း၊ မသတ်တော့ဘူးလို့ ဆုံးဖြတ်ချက်ချလိုက်သတဲ့ကွယ်။ ဒါ့အပြင် အသိုက်ပျောက်နေတဲ့ငှက်ကလေးတွေကို အသိုက်ထဲပြန်ထည့်ပေးတယ်။ အမေပျောက်နေလို့ ပကျိ ပကျိ အော်နေတဲ့ ကြက်ကလေးတွေကိုလဲ ဖမ်းပြီး ကြက်မကြီးနားကိုပို့ပေးတယ်တဲ့။ ဖိုးထူးလေးကတော့ ရွာထိပ်သစ်ပင်ကြီးမှာ ဖေဖေနဲ့မေမေ ပြန်အလာကို နေ့တိုင်းစောင့်ကြိုနေသတဲ့ကွယ်။

ကလေးတို့ရေ မမလေး ပြောပြတဲ့ပုံပြင်လေးကတော့ ဒါပါပဲကွယ်။ ကလေးတို့လဲ ဖိုးထူးလေးကို နမူနာယူပြီး သတ္တဝါလေးတွေရဲ့ အသိုက်အမြုံကို မဖျက်ဆီးကြနဲ့ပေါ့ကွယ်။

ဪ. . . ပြီးတော့ ဖိုးထူးလေး မေမေနဲ့ဖေဖေလဲ မြန်မြန်ပြန်လာပြီး ဖိုးထူးလေးနဲ့အတူတူ ပျော်ပျော်ရွှင်ရွှင်နေနိုင်အောင် ဆုတောင်းပေးကြပါအုံးနော်။ ။

**မမလေး**

# ရောင်စုံငှက်လေးများ

◆ ကျီးညိုကလေး နက်မှောင်မှောင်
ငွေဖျိုင်းအဖြူရောင်၊
အစိမ်းရောင်က ကြက်တူရွေး
ငှက်ခါးအပြာလေး။

◆ အရောင်အသွေးစုံလင်စွာ
ယှဉ်တွဲနေထိုင်ကာ၊
တောဂနိုင်မှာ တူပျော်ပါး
ရောင်စုံငှက်လေးများ။ ။

**သာကီနွယ်(ညောင်ရမ်း)**



# ရေနဲ့ကြာ

◆ ရွှံ့ညွန်လွှာ သူထိုးဖောက်လို့
ရေအောက်က ပေါ်ထွက်လာ၊
ပဒုမ္မာ ရွှေကြာပန်းရယ်က
တင့်ဆန်းဝေဖြာ၊
ပွင့်အဖူး စီရီစွာ
ကန်ရေလွှာ ပန်းသင့်၊
ရေသီတာ ကြည်ပြာထုရယ်က
သူ့ကြောင့်ဂုဏ်ဝင့်။ ။

**ခင်ငြိမ်းချမ်း(ရွှေကန်သာ)**



# (၇၈)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများဖိတ်ခေါ်ခြင်း

၁။ ၂၀၂၃ ခုနှစ်၊ (၇၈)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်ပါသည်။ ဆုရရှိသော စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ဖော်ပြသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား မြဝတီမဂ္ဂဇင်း၊ ငွေတာရီမဂ္ဂဇင်းနှင့်တပ်မတော်စာစဉ်တို့တွင် ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

၂။ **စာမူများတွင်ပါဝင်ရမည့်အချက်များ။**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်ကစပြီး တပ်မတော်သည် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့မှုများ၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခဲ့မှုများ၊ အနစ်နာခံမှုများစွာဖြင့် ပြည်တွင်း၊ ပြည်ပရန်ဟူသမျှကိုချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများ၊ နယ်ချဲ့ဆန့်ကျင်ရေးနှင့်ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့မှုများ။

(ခ) တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့မှုများ၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့် အားလျော်စွာ ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့မှုများနှင့်လက်ရှိခေတ်ကာလတွင်ဆောင်ရွက်မှုများ၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်နေမှုများ။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း သတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ် စာသားများ ပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန် အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(ဝါသနာရှင်/အလွတ်တန်း)စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့် ကဗျာဖြစ်ရမည်။

(ခ) ကဗျာတွင်ပါဒ ၃၀၀ မှ ၄၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (ဝါသနာရှင်အဆင့်)၊ (အလွတ်တန်းအဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ကဗျာ(ဝါသနာရှင်အဆင့်)နှင့် ကဗျာ(အလွတ်တန်းအဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူ ဦးအုံးဖေ စာပေဆု(ကဗျာ)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ကဗျာ (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည်စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန်ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။

(ဃ) ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက် မများစေရ။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသောလက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (စာလုံးအရွယ်အစား ၁၄) ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ကာ ခိုင်ခံ့သေသပ်စွာ ချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့်မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏နေရပ်လိပ်စာအပြည့်အစုံနှင့်ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက် ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုဝန်ခံချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ပေးပို့ရမည်။

၁၁။ စာမူများပေးပို့ရာတွင် Copy ၃ စုံမပါရှိခြင်း၊ Soft Copy မပါရှိခြင်း၊ သီချင်းစီဒီများမပါရှိခြင်း၊ သက်ဆိုင်ရာဝန်ခံချက်များမပါရှိခြင်း၊ ကိုယ်ရေးအချက်အလက်များမစုံလင်ခြင်းနှင့် သတ်မှတ်ရက်အတွင်း အချိန်မီမရောက်ရှိသောစာမူများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၁၂။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (၅) ပဥ္စမဆု | ၃၀၀၀၀၀ | ကျပ် |

၁၃။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (၅) ပဥ္စမဆု | ၃၀၀၀၀၀ | ကျပ် |

၁၄။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၅၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၃၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၂၀၀၀၀၀ | ကျပ် |
| (၅) ပဥ္စမဆု | ၁၀၀၀၀၀ | ကျပ် |

၁၅။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (၅) ပဥ္စမဆု | ၂၀၀၀၀၀ | ကျပ် |

၁၆။ **ဝတ္ထုတိုစာမူ ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၆၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (၅) ပဥ္စမဆု | ၂၀၀၀၀၀ | ကျပ် |

၁၇။ **ဝတ္ထုရှည်စာမူ ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (၅) ပဥ္စမဆု | ၃၀၀၀၀၀ | ကျပ် |

**ပြိုင်ပွဲကျင်းပရေးကော်မတီ**

# ပေါက်မြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပေါက် အောက်တိုဘာ ၁၅**

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းဝင်ကျေးရွာဖြစ်သည့် ပေါက်ချောင်းအထက်ကျေးရွာနှင့် ပေါက်ချောင်းအလယ်ကျေးရွာတို့အတွက် စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဆဋ္ဌမအကြိမ်ထုတ်ချေးခြင်းကို အောက်တိုဘာ ၁၄ ရက် နံနက် ၉ နာရီက ပေါက်ချောင်းအထက်ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပေါက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးသန့်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ မိသားစုစားဝတ်နေရေး အခက်အခဲများ လျော့နည်းစေရန်ရည်ရွယ်၍ ရန်ပုံငွေ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် သက်ဆိုင်ရာမြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက ပေါက်ချောင်းအထက်ကျေးရွာနှင့် ပေါက်ချောင်းအလယ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်မည့်သူ ၃၂ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်မည့်သူ ၂၈ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်မည့်သူ နှစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၄၃ သိန်း ထုတ်ချေးပေးခဲ့ကြောင်း ပေါက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးသန့်က ပြောပြ၍ သိရသည်။



**သန်းလွင်(မကွေး)**

# အသစ်ထူထောင်သော ထုတ်လုပ်မှုကိုအခြေခံသည့် အသေးစားစက်မှုလက်မှုလုပ်ငန်းများ တရားဝင်မှတ်ပုံတင်ဆောင်ရွက်ပါက သတ်မှတ်သည့်ဝင်ငွေခွန် ကင်းလွတ်ခွင့်ရရှိနိုင်မည်



**နေပြည်တော် အောက်တိုဘာ ၁၅**

အသစ်ထူထောင်သော ထုတ်လုပ်မှုကို အခြေခံသည့် အသေးစားစက်မှုလက်မှုလုပ်ငန်းများအနေဖြင့် တရားဝင်မှတ်ပုံတင်လုပ်ကိုင်ဆောင်ရွက်ပါက သတ်မှတ်သည့်ဝင်ငွေခွန်ကင်းလွတ်ခွင့်ရရှိနိုင်မည်ဖြစ်ကြောင်း အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန၏ သတင်းများအရ သိရသည်။

အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနအနေဖြင့် ပြည်တွင်းထုတ်ကုန်တိုးတက်စေရေး၊ ပြည်ပမှသွင်းကုန် လျှော့ချဆောင်ရွက်နိုင်ရေးနှင့် ပြည်တွင်းထုတ်ကုန်လုပ်ငန်းများ၏ ကဏ္ဍကို တစ်ဖက်တစ်လမ်းက အထောက်အကူဖြစ်စေရန်အတွက် အသေးစား စက်မှုလက်မှုလုပ်ငန်းများကို တရားဝင်မှတ်ပုံတင်ဆောင်ရွက်ပေးနေကြောင်း၊ ထိုသို့တရားဝင်မှတ်ပုံတင်ဆောင်ရွက်ပေးနေသည့် အသေးစားစက်မှုလက်မှုလုပ်ငန်းများမှာ စားသောက်ရေးဆိုင်ရာလုပ်ငန်းများ၊ ဝတ်ဆင်ရေးဆိုင်ရာလုပ်ငန်းများ၊ နေထိုင်ရေးဆိုင်ရာလုပ်ငန်းများ(အိမ်ဆောက်ကုန်များ)၊ လူသုံးပစ္စည်းလုပ်ငန်း၊ အိမ်သုံးကုန်များ၊ စာပေအနုပညာဆိုင်ရာလုပ်ငန်း၊ ကုန်ကြမ်းပစ္စည်းလုပ်ငန်း၊ ဓာတ်သတ္တုလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းများ၊ စက်မှုလက်မှုသုံးကိရိယာလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ လျှပ်စစ်ပစ္စည်းလုပ်ငန်း၊ အထွေထွေအသေးစားလက်မှုလုပ်ငန်းတို့ဖြစ်ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းများအတွက် လုပ်ငန်းရှင်က လုပ်ငန်းမှတ်ပုံတင်ရာတွင် မှတ်ပုံတင်လျှောက်လွှာကြေးငွေကျပ် ၁၀၀၀ နှင့် မှတ်ပုံတင်ကြေးငွေကျပ် ၁၀၀၀၀ စုစုပေါင်းငွေကျပ် ၁၁၀၀၀ သာ ကုန်ကျမည်ဖြစ်ပြီး တရားဝင်မှတ်ပုံတင် ဆောင်ရွက်ထားခြင်းကြောင့် နည်းပညာအကူအညီများရရှိနိုင်ခြင်း၊ ဈေးကွက်ရရှိနိုင်ခြင်း၊ ငွေကြေးအကူအညီများ ရရှိနိုင်ခြင်း သို့မဟုတ် ဘဏ်မှချေးငွေရရှိနိုင်ခြင်း၊ ပြည်တွင်း၊ ပြည်ပရှိ အလုပ်ရုံဆွေးနွေးပွဲများ တက်ရောက်နိုင်ခြင်း စသည့်အခွင့်အရေးများ ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

အသစ်ထူထောင်သောထုတ်လုပ်မှုကို အခြေခံသည့်အသေးစားစက်မှုလက်မှုလုပ်ငန်းများအတွက် လုပ်ငန်းစတင်သောနှစ်အပါအဝင် တစ်ဆက်တည်းသုံးနှစ်ကာလအတွင်း နှစ်တစ်နှစ်၏ စုစုပေါင်းအသားတင်အမြတ်ဝင်ငွေကျပ် သိန်း ၁၀၀ ထိ ဝင်ငွေခွန်ကင်းလွတ်ခွင့် ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။ SKL

# အောင်လံမြို့နယ် အုတ်ရှစ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများစစ်ဆေး

**အောင်လံ အောက်တိုဘာ ၁၅**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် အောင်လံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အုတ်ရှစ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ကေသီအောင်နှင့် စီမံကိန်းဝန်ထမ်းများက ကျေးရွာမြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ အုတ်ရှစ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းချေးငွေဖြင့် လည်ပတ်ဆောင်ရွက်နေသည့် တစ်နိုင်တစ်ပိုင် ဝင်ငွေတိုးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ငွေစာရင်းပုံစံများ စနစ်တကျဖြည့်သွင်းထားခြင်းရှိ၊ မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှုရှိ၊မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ကေသီအောင်က လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့သည်။

အဆိုပါ အုတ်ရှစ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ငွေကျပ် သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ မြစိမ်းရောင်ကျေးရွာစီမံကိန်း သတ္တမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၃၀ ကို ငွေကျပ် ၂၁၂၅၀၀၀၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၇၈ ဦးကို ငွေကျပ် ၂၃၄၀၀၀၀၀ နှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၆ ဦးကို ငွေကျပ် ၈၀၀၀၀၀၀ စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၂၄ ဦးကို ငွေကျပ် ၅၂၆၅၀၀၀၀ ထုတ်ချေးပေးထားကြောင်း အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ကေသီအောင်က ပြောပြ၍ သိရသည်။

**ကိုလှိုင်**







အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊
ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .

ကုန်ဆုံးသွားသော စွမ်းအားများ

MALTA FRESH

နဲ့ဖြည့်စွမ်းထား..



ပင်ရင်းအရောင်းဌာန - ဖုန်း- ၀၁ ၃၆၁၀၈၄၃၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

အီတလီနိုင်ငံထုတ် ခေတ်မီ စက်ကရိယာများ အသုံးပြုကာ အီတလီနည်းပညာဖြင့်ထုတ်လုပ်ထားသည့်အရည်အသွေးကောင်းမွန်သော နေပူခံကျောက်ပြား၊
အိမ်တွင်းအလှဆင် ကျောက်ပြားနှင့်ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ . . . .

CNC 3D ရုပ်လုံးဖော်စက်ကြီးများ အသုံးပြု၍ ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ၊ ကျောက်ထွင်းပန်းချီကားများ၊လူသုံးကုန်ပစ္စည်းများအား
ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။



မာဘယ်ကျောက်ပြားစက်ရုံ(မန္တလေး)

ပင်ရင်းအရောင်းဌာန - ဖုန်း- ၀၁ ၆၀၈၈၄၄

STARMART nine mile Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅

STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw
ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇



**ပျောက်ဆုံးကြောင်း**

ကလေးမြို့နေ ဦးဇောမင်းလတ် (ဘ) ဦးအောင်သန်း (၅/ကလထ(နိုင်)၁၂၄၄၁၆)၏ နိုင်ငံကူးလက်မှတ်အမှတ် (မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၇၅၂၄၅၀၂၄၀

**ပျောက်ဆုံးကြောင်း**

ချမ်းအေးသာဇံမြို့နယ်နေ ဒေါ်သီတာလှ (ဘ) ဦးစင်မောင်လှ (၉/မရမ(နိုင်)၀၂၇၂၀၄)၏ နိုင်ငံကူးလက်မှတ်အမှတ် (မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၄၀၂၇၂၈၇၇၄

**အများသိစေရန် ကြေညာခြင်း**

စစ်ကိုင်းမြို့၊ ပန်းဘဲတန်းရပ်ကွက်၊ အကွက်အမှတ်(၆/၂၆)၊ အကွက်အမည် ပန်းဘဲတန်းကွင်း၊ ဦးပိုင်အမှတ်/မြေကွက်အမှတ် (၅/ဆ-၃)၊ ဧရိယာ (၀. ၀၅၂)ဧကရှိ အောက်ဖော်ပြပါ အလားအလာရှိသည့်-

(က) အရှေ့လားသော် - လမ်း
(ခ) အနောက်လားသော် - ဦးဇော်ဇော်
(ဂ) တောင်လားသော် - လမ်း
(ဃ) မြောက်လားသော် - ဦးအောင်

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် **ဦးသန့်ဇင်ဦး**မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက **၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ၊ (၁၂)ရက်နေ့**မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန**
**စစ်ကိုင်းမြို့။**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

**ခြင်ဆေးခွေသုံးလျှင် သတိယှဉ်**
**အောက်တွင်ခံခွက် မမေ့နှင့်**

"အဂတိပယ်ခွာ ပြည်သာယာ"
**Remove Corruption, Promote Prosperity**

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း။ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် ဖျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်**

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

၂။ စီးပွားရေး
(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

၃။ လူမှုရေး
(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

ကျွန်တော်တို့နိုင်ငံဟာ လွတ်လပ်ရေးရယူရာမှာ ပင်လုံစာချုပ်နဲ့ ပြည်ထောင်စုတစ်ခုလုံးကိုစုစည်းပြီး လွတ်လပ်ရေးရယူခဲ့ပါတယ်။ ပင်လုံစာချုပ်လို့ဆိုရာမှာ အနှစ်သာရက ပင်လုံစိတ်ဓာတ်ပါပဲ။ ပင်လုံစိတ်ဓာတ်ဆိုတာ ပြည်ထောင်စုစိတ်ဓာတ်ပါ။ ဒီစိတ်ဓာတ်ဟာအရင်းခံဖြစ်သလို ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ အနာဂတ်ပြည်ထောင်စုကြီးတည်ဆောက်ရေးရဲ့ အခြေခံအုတ်မြစ်ဖြစ်တဲ့ ပြည်ထောင်စုစိတ်ဓာတ်ပဲဖြစ်ပါတယ်။ ဒါ့ကြောင့် တိုင်းရင်းသားလက်နက်ကိုင်တွေနဲ့ တွေ့ဆုံဆွေးနွေးရာမှာ ပြည်ထောင်စုစိတ်ဓာတ်ကိုအခြေခံပြီး ဒေသနဲ့တိုင်းပြည်အတွက် ပကတိလိုအပ်ချက်တွေကို ညှိနှိုင်းဆွေးနွေးမှုဆောင်ရွက်လျက်ရှိပါတယ်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် ဩဂုတ် ၁ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁ နှစ်နှင့် ၆ လ(၁၈လ) ပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**
**၁-၈-၂၀၂၂**

**(၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲ ပဥ္စမနေ့ ဆက်လက်ကျင်းပ** စာမျက်နှာ - ၂၀

**မန္တလေး ချော်ဆိပ်ကမ်းတွင် ကုန်စည်ရရှိမှုများပြားလာ၍ ကုန်တင်ကုန်ချ လုပ်သားဦးရေ ၃၀၀ ကျော်ထိရှိလာ** စာမျက်နှာ - ၂

**အောက်တိုဘာ ၁၅ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် ၃၂၅ ဦး တွေ့ရှိ** စာမျက်နှာ - ၁၉

**ချင်းပြည်နယ် ဟားခါးမြို့ ထာရ်(၁)ရပ်ကွက်ရှိ ခရိုင်မီးသတ်ရုံးကို CDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီးလက်နက်ငယ်များဖြင့် လာရောက် ပစ်ခတ်တိုက်ခိုက်၊မော်တော်ယာဉ်များကို မီးရှို့ဖျက်ဆီး** စာမျက်နှာ - ၂၂

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၆)တွင် ရှမ်းယူနိုက်တက်အသင်းက ရောဝတီယူနိုက်တက်အသင်းကို အနိုင်ရရှိပြီး အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်



**ရန်ကုန် အောက်တိုဘာ ၁၅**
မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၆)အဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် ရှမ်းယူနိုက်တက်အသင်းနှင့် ရောဝတီယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရှမ်းယူနိုက်တက်အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် မြန်မာနေရှင်နယ်လိဂ်၏ ထိပ်သီးနှစ်သင်း တွေ့ဆုံသည်နှင့်အညီ ပွဲစကတည်းက အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး ပွဲချိန်မိနစ် ၂၀ တွင်

**စာမျက်နှာ ၂၂ ကော်လံ ၁☆**

# မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်တွင် ငွေကျပ်ဘီလီယံ ၃၀ ကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ကီလို ၁၅၀၀ နှင့် ကက်တမင်း တစ်ကီလို ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၁၅**
မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်တွင် ငွေကျပ်ဘီလီယံ ၃၀ ကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ကီလို ၁၅၀၀ နှင့် ကက်တမင်းတစ်ကီလို ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၈ ရက်နံနက် ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်

**စာမျက်နှာ ၂၂ ကော်လံ ၄ ❖**



